# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ ကဆုန်လဆန်း (၅) ရက် ၊ တနင်္ဂနွေနေ့ ၊ (23-4-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၃၅၂)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုဖြစ်ပွားခဲ့သည့် လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးရွာများမှ လေဘေးသင့်ပြည်သူများကို သွားရောက်ကြည့်ရှုအားပေး၊ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လေဘေးသင့်ပြည်သူများအတွက် လိုအပ်သည်များ၊ ကူညီထောက်ပံ့ဆောင်ရွက်ပေးရန် တာဝန်ရှိသူများကို အလေးထားမှာကြားစဉ်။

**နေပြည်တော် ဧပြီ ၂၂**

နေပြည်တော်ကောင်စီ နယ်မြေ လယ်ဝေးမြို့နယ်အတွင်း ဧပြီ ၂၁ ရက် ည ၆ နာရီမိနစ် ၂၀ ခန့်တွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် အောင်မြင်ကုန်းကျေးရွာရှိ လူနေအိမ် ၁၅၅ လုံး၊ စာသင်ကျောင်းတစ်ကျောင်း၊ကျေးလက်ဆေးပေးခန်း တစ်လုံး၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းနှင့် တံတားဦးကျေးရွာရှိ လူနေအိမ် ၇၇ လုံး၊ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းတို့ ပျက်စီးဆုံးရှုံးခဲ့ပြီး ဒေသခံပြည်သူ ၁၁၃ ဦးထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်းနှင့် သေဆုံးသူ ခြောက်ဦးရှိပြီဖြစ်ကြောင်း သိရှိရသည်။

အဆိုပါဖြစ်စဉ် ဖြစ်ပွားခဲ့သည့် ကျေးရွာများသို့ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ဒဏ်ရာရပြည်သူများကို နီးစပ်ရာဆေးရုံများသို့ ဆေးကုသမှုခံနိုင်ရေး ပို့ဆောင်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

စာမျက်နှာ ၁၇ ကော်လံ ၃ သို့




ရတနာပုံ
၂၀၂၃ ခုနှစ် မေ ၂၃ ရက်
အယ်ဒီတာ့အာဘော်

# မြန်မာစာဖွံ့ဖြိုးရေး အလေးထားဆောင်ရွက်

ကမ္ဘာပေါ်ရှိလူမျိုးတိုင်းသည် နေ့စဉ် အချင်းချင်းပြောဆိုဆက်သွယ်ကြရာတွင် မိခင်ဘာသာစကားတစ်ခုကို အသုံးပြုကြမြဲဖြစ်သည်။ ယနေ့ကမ္ဘာပေါ်တွင် ဘာသာစကားပေါင်း ခြောက်ထောင်ကျော်ရှိသော်လည်း စာအရေးအသားမရှိသောဘာသာစကားများ အများအပြားရှိနေဆဲဖြစ်ပါသည်။

စာအရေးအသားသည် လူ့ယဉ်ကျေးမှုအဆင့်အတန်းတစ်ခုဖြစ်ပြီး စာပေအရာမြောက်သည့် စာအရေးအသားများဖွံ့ဖြိုးလေလေ စာပေယဉ်ကျေးမှုအဆင့်အတန်း မြင့်မားလာလေလေပင်ဖြစ်သည်။ မြန်မာစာသည် ၁၂ ရာစုအစပိုင်း ပုဂံခေတ်ကာလမှ အထင်အရှားပေါ်ထွန်းလာခဲ့ပြီး ကုန်းဘောင်ခေတ်နှောင်းထိ ခေတ်အလိုက် စည်ပင်ထွန်းကားခဲ့သည်။ ၁၈၈၆ ခုနှစ် သူ့ကျွန်ဘဝရောက်ချိန်တွင် မြန်မာစာ၏ဂုဏ်သရေ ညှိုးမှိန်၊ သိမ်ငယ်၊ နိမ့်ပါးခဲ့ရသည်။ ထိုစဉ်က နိုင်ငံကိုအုပ်စိုးသူတို့၏အင်္ဂလိပ်စာသာ ကျောင်းသုံး၊ ရုံးသုံးအဖြစ် ဝင့်ဝင့်ကြွားကြွားနေရာယူထားကြသည်။

နယ်ချဲ့တို့အုပ်စိုးစဉ်ကာလတွင် ပုံနှိပ်စက်များပေါ်ထွန်းလာရာမှ မြန်မာစာဖြင့်ရေးသားထုတ်ဝေသောစာအုပ်များ၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ ထုတ်ဝေလာကြခြင်းသည် မြန်မာစာဖွံ့ဖြိုးရေးအတွက် အရေးပါသောအင်အားတစ်ခုဖြစ်လာသည်။ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင် မြန်မာစကားပြေအသုံးများ တွင်ကျယ်လာသည်။ မြို့နေ၊ တောနေ မြန်မာပြည်သူတို့ထံ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတို့ ပျံ့နှံ့လာပြီး မြန်မာစာအဖတ်အရှု နယ်ကျယ်လာသည်။ အသိအမြင်ကြွယ်ဝသော မြန်မာပညာရှင်များသည် မြန်မာစာနေရာမှန်ပြန်ရောက်စေရေးအတွက် ရှေးဟောင်းဂန္ထဝင်စာကောင်းပေမွန်များကို ပေစာ၊ ပုရပိုက်စာများမှ ပုံနှိပ်စာအုပ်အဖြစ် တင့်တင့်တယ်တယ်ပေါ်ထွန်းလာအောင် ဆောင်ရွက်ကြသည်။ ကျောင်းများ၊ တက္ကသိုလ်များတွင် မြန်မာစာကို အလေးထား၍သင်ကြားလာကြသည့်အပြင် စာနယ်ဇင်းများကြောင့် မြန်မာစာသည် မြန်မာပြည်သူတို့ အသုံးတွင်ကျယ်လာခဲ့သည်။

လွတ်လပ်ရေးရရှိအောင်ကြိုးပမ်းစဉ်ကာလကတည်းက အရှိန်အဟုန်ကောင်းစပြုလာသော မြန်မာစာဖွံ့ဖြိုးရေးသည် လွတ်လပ်ရေးရပြီးနောက်ပိုင်း စာပေအဖွဲ့အစည်းများ၊ စာတမ်းဖတ်ပွဲများ၊ စာနယ်ဇင်းများပေါ်ထွက်လာခြင်းကြောင့်လည်းကောင်း၊ မြန်မာစာဖွံ့ဖြိုးရေးအတွက် မြန်မာစာအဖွဲ့ပေါ်ပေါက်လာခြင်းကြောင့်လည်းကောင်း မြန်မာစာသည် နေရာမှန်ပြန်လည်ရောက်ရှိခဲ့သည်။ မြန်မာစာဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အဆင့်ကြိုးပမ်းအားထုတ်မှုအဖြစ် မြန်မာစာကို ရုံးသုံးစာဖြစ်ကြောင်း ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေ၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့တွင် ခိုင်ခိုင်မာမာပြဋ္ဌာန်းခဲ့သည်။ မြန်မာစာ၏ နေရာမှန်၊ မြန်မာစာ၏ဂုဏ်၊ မြန်မာစာ၏အရေးပါမှုတို့ကို ဖော်ညွှန်းပြသော မြန်မာစာဖွံ့ဖြိုးရေးဆောင်ရွက်ချက်ပင်ဖြစ်သည်။

ခေတ်ကာလလိုအပ်ချက်အရ ယနေ့ခေတ်နည်းပညာဖွံ့ဖြိုးလာသည်နှင့်အမျှ အင်္ဂလိပ်စာနှင့်စကားကို သင်တန်းများဖွင့်လှစ်၍ အရေးတကြီးလေ့လာပြောဆိုနေချိန်တွင် မိခင်ဘာသာစကားဖြစ်သည့် မြန်မာစာကိုလည်း အလေးထားသင်ကြားလေ့ကျင့်ပေးရန် လေးလေးနက်နက်လိုအပ်နေပြီဖြစ်ပါသည်။ မြန်မာစာသင်ကြားပေးသူများကိုယ်တိုင် မြန်မာစာကိုယ်ခံကောင်းဖို့လည်း အဓိကလိုအပ်လှပါသည်။ မြန်မာစာသည် ရုံးသုံးစာအဖြစ် အခိုင်အမာရပ်တည်နေပြီဖြစ်ရာ မြန်မာစာဖွံ့ဖြိုးရေးအခြေအနေကောင်းများတိုးပွားရေးအတွက် မြန်မာစာချစ်မြတ်နိုးသူတိုင်း တာဝန်သိသိအလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး မေ ၂၂**

မန္တလေးမြို့ရှိ အထင်ကရတန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့် ပြည်သူစုစုပေါင်း ၄၁၉၆၄၉ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"မဟာမုနိရုပ်ရှင်တော်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ နေ့စဉ် လာရောက်ဖူးမြော်ကြပါတယ်။ ပြတိုက်က သမိုင်းဝင်ပြခန်းတွေကို ဝင်ရောက်လေ့လာကြတာကိုလဲ တွေ့ရပါတယ်။ ငါးကန်၊ လိပ်ကန်ကိုသွားပြီး ဘုရားဖူးတွေက ငါးစာ၊ လိပ်စာတွေ ကျွေးကြပါတယ်။ ရှုခင်းကောင်းတဲ့နေရာတွေမှာလဲ အလှဓာတ်ပုံရိုက်သူတွေနဲ့ စည်ကားနေကြပါတယ်။ ဈေးဆိုင်ခန်းတွေလဲ ဖွင့်လှစ်ရောင်းချနေပြီး ဘုရားဖူးတွေကလဲ အမှတ်တရအဖြစ် ဝယ်ယူနေတာကို တွေ့ရပါတယ်။ နေ့ထူးနေ့မြတ်ရက်တွေဆိုရင် ဘုရားဖူးဦးရေများပါတယ်"ဟု မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ ညနေထိ ဘုရားဖူး ၄၁၇၁၃၃ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း သိရသည်။

ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၁၉၂၅ ဦး လာရောက်ဖူးမြော်ကြောင်း ဝေရောစန ကျောက်စိမ်းစေတီတော်ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူး ၅၉၁ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။ (၁၈၅)

# မန္တလေး ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ စက်သုံးဆီသွားရောက်သယ်ယူသည့်သင်္ဘောအစီးရေ များပြားလျက်ရှိ

**မန္တလေး မေ ၂၂**

မန္တလေး ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ စက်သုံးဆီသွားရောက်သယ်ယူသည့် ကုန်တင်သင်္ဘောအစီးရေ များပြားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍သိရသည်။

သင်္ကြန်ကာလအတွင်း ကုန်ကြမ်းရှားပါးမှုကြောင့် ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ စက်သုံးဆီသွားရောက်သယ်ယူသည့် ကုန်တင်သင်္ဘောအစီးရေ အနည်းငယ်သာရှိခဲ့ကြောင်း၊ ယခုလက်ရှိ သင်္ကြန်ပြီးကာလတွင် ကုန်ကြမ်းရရှိမှုများပြားလာ၍ ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ စက်သုံးဆီသွားရောက်သယ်ယူသည့် ကုန်တင်သင်္ဘောများ ပြန်လည် များပြားလျက်ရှိကြောင်း သိရသည်။

"သင်္ကြန်ကာလကတော့ ကုန်ကြမ်းရှားပါးတဲ့အပြင် ရွှေကြက်ယက်ဆိပ်ကမ်းက စက်သုံးဆီတင်သင်္ဘောတချို့ ရပ်နားထားတာကြောင့် စက်သုံးဆီသယ်ယူမှု အနည်းငယ်လောက်ပဲ ရှိခဲ့ပါတယ်။ မေ ၂၀ ရက်ကနေစပြီးတော့ ရန်ကုန်ဆိပ်ကမ်းကနေ ရွှေကြက်ယက်ဆိပ်ကမ်းကို စက်သုံးဆီတင်ပို့မှုများပြားလာတာကြောင့် ကုန်တင်သင်္ဘောတွေကလဲ ပြန်ပြီးများလာတယ်။ ရွှေကြက်ယက်ဆိပ်ကမ်းကနေလဲ စက်သုံးဆီတွေကို ဆီဘောက်ဆာကားတွေကနေတစ်ဆင့် မန္တလေးမြို့၊ ပြင်ဦးလွင်မြို့ စတဲ့မြို့တွေကို ပြန်ပြီးဖြန့်ချိပေးနေပါတယ်"ဟု ဦးဝင်းမောင်က ပြောပြသည်။

မန္တလေး ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ စက်သုံးဆီ သွားရောက်သယ်ယူသည့် ကုန်တင်သင်္ဘောအစီးရေမှာ သင်္ကြန်ကာလအတွင်းက အစီးရေ ၅၀ ကျော်သာရှိခဲ့သော်လည်း မေ ၂၀ ရက်မှစ၍ ကုန်တင်သင်္ဘောအစီးရေ ၁၀၀ ကျော်ထိ ရှိလာကြောင်း သိရသည်။

အလားတူ ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ ပို့ကုန်အဖြစ်တင်ပို့သည့် ကျောက်စရစ်မှာလည်း ကုန်ကြမ်းရရှိမှု များပြားလာခြင်းကြောင့် ကျောက်စရစ်သီးသန့်တင်ပို့သည့် သင်္ဘောအစီးရေ ၅၀ ကျော်ထိရှိလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ သိရသည်။ (၁၈၄)

# မန္တလေးဈေးကွက်အတွင်း နှမ်းနှင့် ပဲတီစိမ်း ဈေးကောင်းရရှိ

**မန္တလေး မေ ၂၂**

မန္တလေးဈေးကွက်အတွင်း နှမ်းနှင့် ပဲတီစိမ်း ပြည်ပဝယ်လိုအားကြောင့် ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့် ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြ၍ သိရသည်။

သင်္ကြန်ပြီးကာလ မန္တလေးပဲဈေးကွက် စတင်ဖွင့်လှစ်အချိန်တွင် ရောင်းသူ၊ ဝယ်သူများဖြင့် စည်ကားလျက်ရှိပြီး နှမ်းနှင့် ပဲတီစိမ်းများ ယခင်နှစ်ကာလတူထက် ဈေးနှုန်းမြင့်တက်ကာ အရောင်းအဝယ် ကောင်းနေကြောင်း၊ ပြီးခဲ့သည့်နှစ် ကာလတူအချိန်က နှမ်းနက် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၅၅၀၀၀၊ နှမ်းဖြူ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၈၀၀၀၀၊ ပဲတီစိမ်း (ခရမ်းရွှေဝါ) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၅၀၀၀၀၊ ပဲတီစိမ်း (အညာရွှေဝါ)သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ ရှိခဲ့ပြီး ယခုလက်ရှိတွင် နှမ်းနက် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀၊ နှမ်းဖြူ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ ပဲတီစိမ်း(ခရမ်းရွှေဝါ) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၀၀၀၀၊ ပဲတီစိမ်း (အညာရွှေဝါ) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၆၀၀၀၀ ဖြင့် ဈေးကောင်းရရှိနေကြောင်း သိရသည်။

"သင်္ကြန်ပြီးကာလ မန္တလေးဈေးကွက်စတင်ဖွင့်လှစ်ချိန်မှာပဲရောင်းသူဝယ်သူတွေနဲ့ လူစုံတက်စုံ စည်ကားနေပါတယ်။ မရောင်းရဘူးဆိုတာမရှိပါဘူး။ မန္တလေးဈေးကွက်မှာ နှမ်း၊ ပဲ အားလုံးဟာ သွက်သွက်လက်လက်နဲ့ အရောင်းအဝယ်တွေဖြစ်နေပါတယ်။ နှမ်းကိုတော့ တရုတ်နဲ့ဂျပန်က ဝယ်ယူကြတယ်။ ပဲတီစိမ်းကတော့ အိန္ဒိယနဲ့ တရုတ်နိုင်ငံက ဝယ်ယူကြပါတယ်။ လက်ရှိ သင်္ကြန်ပြီးကာလမှာတော့ လက်ကျန် နှမ်းတွေနဲ့ ပဲတီစိမ်းတွေ နည်းပါးနေတာရယ်၊ ပြည်ပဝယ်လိုအားရယ်ကြောင့် ဈေးကောင်းရရှိနေပါတယ်"ဟု ဦးစိုးဝင်းမြင့်က ပြောပြ၍ သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကြာအင်းဆိပ်ကြီးမြို့နယ် ထီးဖိုးနိုင်း(မွန်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ကြာအင်းဆိပ်ကြီး ဧပြီ ၂၂**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ထီးဖိုးနိုင်း(မွန်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြာအင်းဆိပ်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်နှင့် ခရိုင်၊ မြို့နယ်ဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်း ကော်မတီဝင်များနှင့်အတူ ထီးဖိုးနိုင်း(မွန်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်က အတိုးငွေများကို သတ်မှတ်ကာလအတွင်း အချိန်မီပေးသွင်းနိုင်ရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထီးဖိုးနိုင်း(မွန်) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က ငွေကျပ် သန်း ၃၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ အရင်း၊ အတိုး စုစုပေါင်းငွေကျပ် ၅၀ ဒသမ ၇၁၅၆၂၅ သန်းရရှိနေပြီး ဆဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေး၊မွေးမြူရေး၊ ရေလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း ၈၉ ဦးကို ငွေကျပ် ၄၉၂ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **ကိုသက်**

# မောက်မယ်မြို့နယ် နားဟီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မောက်မယ် ဧပြီ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နားဟီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်းနှင့်ဝန်ထမ်းများက နားဟီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းပုံစံများပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

နားဟီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ရာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၇ ဦးကို ငွေကျပ် ၄၃ ဒသမ ၁၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **အေးသူ**

# ရေဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက်ဖူးစားပြောင်း အဖူး ၁၀၀၀ လျှင် ငွေကျပ် ၈၀၀၀၀ ထိ ဈေးကောင်းရရှိနေ



**ကျောင်းကုန်း ဧပြီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ဧပြီလအတွင်း ဒေသထွက်ဖူးစားပြောင်း အဖူး ၁၀၀၀ လျှင် ငွေကျပ် ၈၀၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ကျောင်းကုန်းမြို့ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံ လုပ်ငန်းရှင် ဒေါ်မြတ်မွန်က ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်တွင် ဧပြီလသည် ဖူးစားပြောင်းများပေါ်နေသည့်အချိန်ဖြစ်ပြီး ပြီးခဲ့သည့်မတ်လက ဖူးစားပြောင်း အဖူး ၁၀၀၀ လျှင် ငွေကျပ် ၄၅၀၀၀ မှ ၅၅၀၀၀ ထိသာဈေးရရှိခဲ့ပြီး ဧပြီလတွင် ဖူးစားပြောင်း အဖူး ၁၀၀၀ လျှင် ငွေကျပ် ၇၅၀၀၀ မှ ၈၀၀၀၀ ထိ ဈေးကောင်းရရှိနေခြင်းဖြစ်ကြောင်း သိရသည်။

"အခု ကျောင်းကုန်းမြို့နယ်မှာ ဖူးစားပြောင်းတွေ ပေါ်ချိန်ပါ။ ပြောင်းတွေလဲပေါ်ချိန်ဖြစ် ဈေးကောင်းလဲရနေတော့ တောင်သူတွေ အဆင်ပြေနေပါတယ်။ ပြီးခဲ့တဲ့မတ်လက ဖူးစားပြောင်း အဖူး ၁၀၀၀ ကို ငွေကျပ် ၄၅၀၀၀ ကနေ ၅၅၀၀၀ ထိသာ ဈေးရရှိခဲ့ပါတယ်။ အခုဧပြီလထဲမှာ ဖူးစားပြောင်း အဖူး ၁၀၀၀ ကို ငွေကျပ် ၈၀၀၀၀ ထိ ဈေးကောင်းရရှိနေပါတယ်။ ဒေသထွက် ဖူးစားပြောင်းတွေကို ရန်ကုန်မြို့ကို အများဆုံးတင်ပို့ရောင်းချပေးနေတာဖြစ်ပါတယ်။ ရန်ကုန်ဘက်က ဈေးကွက်ကောင်းပြီး အဝယ်အရောင်းအဝယ်လုပ်ရတာလဲ အဆင်ပြေပါတယ်။ ရန်ကုန်ဈေးကွက်ကို အခြားဒေသတွေက ဖူးစားပြောင်းတွေ အဝင်နည်းနေတာကြောင့် ဈေးကောင်းရရှိနေတာပါ"ဟု ကျောင်းကုန်းမြို့ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင် ဒေါ်မြတ်မွန်က ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင်များသည် ဒေသထွက်ဖူးစားပြောင်းများကို ဝယ်ယူပြီး ရန်ကုန်မြို့နှင့်ပုသိမ်မြို့သို့ ကုန်တင်ကားများဖြင့် တစ်ရက်လျှင် သုံးစီးမှ ငါးစီးထိ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါဖူးစားပြောင်းများ ဈေးကောင်း ရရှိလာခြင်းကြောင့် ဒေသခံတောင်သူများ၊ ကုန်သည်များ၊ ဖူးစားပြောင်းချိုးလုပ်သားများ အဆင်ပြေလျက်ရှိကြောင်း ကျောင်းကုန်းမြို့ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံ လုပ်ငန်းရှင် ဒေါ်မြတ်မွန်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# တံတားဦးမြို့နယ် အေးကြည်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တံတားဦး ဧပြီ ၂၂**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အေးကြည်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၉ ဒသမ ၀၅ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းပုံစံများပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အေးကြည်ကုန်း ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က ငွေကျပ် သန်း ၃၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ အတိုး၊ အရင်း စုစုပေါင်းငွေကျပ် ၆၃ ဒသမ ၆၆၉ သန်းရရှိနေပြီး ဆဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၆ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၉ ဒသမ ၀၅ သန်းထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ရဲကျော်**

# မင်းဘူးမြို့နယ် သံပုရာကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ်ထုတ်ချေး

**မင်းဘူး ဧပြီ ၂၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်စေရန်ရည်ရွယ်၍ သံပုရာကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ်ထုတ်ချေးခြင်းကို ဧပြီ ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာအုပ်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ အတိုး၊ အရင်းများကို သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းနိုင်ရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၄၅၂ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သံပုရာကိုင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၉ ဦးကို ငွေကျပ် ၃၁၂ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၂၀ ကို ငွေကျပ် ၉၈ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၄၂ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၇၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်မတည်ရန်ပုံငွေကျပ် ၄၅၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ခင်မာ**



# ဗလငါးတန်ပြည့်စုံသည့်လုပ်ငန်းရှင်

မျိုးသူ(ကုန်သွယ်မြှင့်)

မြန်မာနိုင်ငံတွင် လူတစ်ဦး၌ ဗလငါးတန်ပြည့်စုံရမည်ဟု အကြမ်းအားဖြင့်ပြောလေ့ရှိသည်။ မြန်မာနိုင်ငံတွင် ပညာရေးနှင့်တွဲပြီး ဗလငါးတန်ကိုပြောလေ့ရှိကြသည်။ ကာယဗလ၊ ဉာဏဗလ၊ ဘောဂဗလ၊ စာရိတ္တဗလနှင့်မိတ္တဗလတို့ဖြစ်သည်။ ဗလဆိုသည်မှာစွမ်းအားသို့မဟုတ် ခွန်အားကို ပြောဆိုခြင်းဖြစ်သည်ဟု နားလည်မိသည်။ ဗလငါးတန်ကို တစ်ခုချင်းပြောရမည်ဆိုပါက ကာယဗလဆိုသည်မှာ ကိုယ်ခန္ဓာကျန်းမာခြင်း၊ ကြံ့ခိုင်ခြင်းကြောင့် ရရှိနိုင်သောစွမ်းအား၊ ဉာဏဗလဆိုသည်မှာ ဉာဏ်ရည်ဉာဏ်သွေးကောင်းမွန်သောကြောင့် ရရှိနိုင်သောစွမ်းအား၊ စာရိတ္တဗလဆိုသည်မှာ ကောင်းမွန်သောအကျင့်များကြောင့် ရရှိနိုင်သောစွမ်းအား၊ မိတ္တဗလဆိုသည်မှာ မိတ်ဆွေကောင်းများရှိခြင်းကြောင့် ရရှိနိုင်သောစွမ်းအား၊ ဘောဂဗလဆိုသည်မှာ ပိုင်ဆိုင်မှုပစ္စည်းဥစ္စာပေါများကြွယ်ဝခြင်းကြောင့် ရရှိနိုင်သော စွမ်းအားများဖြစ်ကြသည်။ အဆိုပါဗလငါးတန်စလုံးပြည့်စုံသူဖြစ်ရန်မှာ မလွယ်ကူသော်လည်း ပြည့်စုံသည့်အခြေအနေအလိုက် မြင့်မားသောလူနေမှုအဆင့်အတန်းများလည်း ရရှိလာနိုင်သည်ဟု ဆိုနိုင်သည်။

**ဗလငါးတန်နှင့် ပညာရေး**

အထက်ပါဖော်ပြထားသည့် ဗလငါးတန်ကိုပြည့်စုံအောင် ငယ်စဉ်ကတည်းက လေ့ကျင့်သင်ယူမှသာ အောင်မြင်သော၊ ပြည့်စုံသော ဗလငါးတန်ပိုင်ရှင်ဖြစ်နိုင်ပါသည်။ အောင်မြင်သော အားကစားသမားအများစုသည် ငယ်စဉ်ကတည်းကပင် လေ့ကျင့်သင်ယူကြသည်။ ဖြစ်ချင်သည့်အားကစားနည်းတွင် ကျွမ်းကျင်သူဖြစ်ရန် ငယ်စဉ်ကတည်းက လေ့ကျင့်သင်ကြားရသည်ကို သတိပြုမိမည်ထင်သည်။ အတန်းကျောင်းများတွင် ကျောင်းတက်သည့်အခါ အဆိုပါဗလငါးတန်ကို အရွယ်အလိုက်ထည့်သွင်းသင်ကြားပေးသည်ကို တွေ့နိုင်သည်။

ကျောင်းများတွင် ပညာရပ်ပိုင်းဆိုင်ရာကို မြန်မာ၊ သင်္ချာ၊ အင်္ဂလိပ်၊ ပထဝီ၊ သမိုင်း၊ သိပ္ပံ၊ စီးပွားရေး စသည်ဖြင့် ခွဲခြားသင်ကြားပေးသကဲ့သို့ ဘဝတွက်တာ သင်ခန်းစာဟူသော စာရိတ္တဆိုင်ရာနှင့် လူမှုဝန်းကျင်ဆိုင်ရာ သိမှတ်စရာများလည်း သင်ကြားပေးသည်ကို တွေ့နိုင်သည်။ အခြားသောအခန်းဖော်များနှင့် ပေါင်းသင်းဆက်ဆံရခြင်း၊ ပူးပေါင်းဆောင်ရွက်ရသည့် ကျောင်းသင်ခန်းစာများကို အတူတူဆောင်ရွက်ခြင်း စသည်တို့ကြောင့် မိတ္တဗလဟူသောပေါင်းသင်းဆက်ဆံမှုများကို သင်ယူပြီးဖြစ်လာသည်။ ကျောင်းတွင် ကာယပညာများသင်ကြားရခြင်းနှင့် အားလပ်ချိန်များတွင် ဆော့ကစားကြခြင်းများကြောင့် ကာယဗလသည်လည်း ပါဝင်လာသည်ကို တွေ့ရသည်။ နိုင်ငံအဆင့် အားကစားသမားများသည် ကျောင်းများ၊ တက္ကသိုလ်များမှ အများအပြားပေါ်ထွက်တက်သည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၇ ရက်က ဆရာ ဦးသုတနိုင်က Facebook ၌ အမျိုးသားအကျိုးစီးပွားအတွက် “ဗလငါးတန်”ဖြည့်ဆည်းပေးရမည့် အမျိုးသားပညာရေးဟူသည့်ခေါင်းစဉ်ဖြင့် Post တင်ထားသည့်အထဲတွင်-

“ငယ်စဉ်က ပညာရေးတွင် ဗလငါးတန်ပြည့်စုံရေးအတွက် သွန်သင်ဆုံးမမှုကို နာယူခဲ့ရသည်။ မိမိတို့နိုင်ငံ ဖွံ့ဖြိုးမှုနောက်ကျကျန်နေခဲ့သည့်အကြောင်းရင်းများအနက် နည်းပညာနှင့် အရင်းအနှီးလိုအပ်ချက်က အဓိကဟုဆိုကြသည်။ ဤသို့ဆိုလျှင် ဉာဏဗလ(ဉာဏအား)ရှိအောင် ပညာရေးက အသိပညာ၊ နည်းပညာများကို လေ့ကျင့်သင်ကြားပေးရန်လိုအပ်သကဲ့သို့ ဘောဂဗလ(ပစ္စည်းအား)ရှာဖွေရရှိအောင် သက်မွေးပညာ၊ စီးပွားရေးပညာများကိုလည်း အမျိုးသားပညာရေးကပင် ဖြည့်ဆည်းလေ့ကျင့်ပေးကြရမည်သာဖြစ်သည်။

ဂျပန်နိုင်ငံပညာရေးတွင် မူလတန်းပညာရေးကတည်းက ကြီးသူကို ငယ်သူက လေးစားသောအလေ့အကျင့်၊ အများနှင့်သဟဇာတဖြစ်အောင်ပေါင်းသင်းနေထိုင်ဆက်ဆံတတ်သော အလေ့အကျင့်ဖြစ်အောင်လေ့ကျင့်ပေးသည်ကို တွေ့ရှိခဲ့ဖူးသည်။ မျက်မှောက်ကာလတွင် ဆရာ၊ ဆရာမများကိုပင် ရှိသေလေးစားမှုမရှိ၊ စာရိတ္တဗလနှင့် မိတ္တဗလပိုင်းတွင် လျော့ရဲအားနည်းလာသည်ကို စိတ်မကောင်းဖွယ်တွေ့မြင်နေရသည်။ အသိဉာဏ်ဆင်ခြင်တုံတရား (ဉာဏဗလ)လိုအပ်ချက် အားနည်းလာခြင်းကြောင့်လား၊ ပြင်ပအကြောင်းတရားများကြောင့်လားဆိုသည်ကို အမျိုးသားပညာရေးက ပြန်လည်သုံးသပ်၍ အနာဂတ်အတွက် လူ့အရင်းအမြစ်များကို ဗလငါးတန်ပြည့်ဝအောင် လေ့ကျင့်ပျိုးထောင်ပေးရန်လိုအပ်လိမ့်မည်ဟုမြင်သည်”ဟု ရေးသားထားသည်ကိုတွေ့ရသည်။

**စီးပွားရေးလုပ်ငန်းရှင်**

စီးပွားရေးလုပ်ငန်းရှင်များတွင် ပုံစံအမျိုးမျိုး တွေ့နိုင်သည်။ မိဘလက်ငုတ်လက်ရင်းဖြင့် လုပ်ငန်းအမွေဆက်ခံသည့် သားသမီးလုပ်ငန်းရှင်၊ ကိုယ်ထူကိုယ်ချွန်ဖြင့် အောင်မြင်တိုးတက်လာသည့်လုပ်ငန်းရှင်၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်၊ ခေတ်ရေစီးကြောင်းဖြင့်ပေါ်ပေါက်လာသည့်လုပ်ငန်းရှင် စသည်ဖြင့်အမျိုးမျိုးရှိကြသည်။ မည်သည့်ပုံစံဖြင့်ရှိသည်ဖြစ်စေ ရေရှည်အောင်မြင်တိုးတက်သည့်လုပ်ငန်းရှင်တစ်ဦးဖြစ်ရန်အတွက် ခေတ်နှင့်အညီ ငွေရေးကြေးရေးစီမံခန့်ခွဲမှုပညာ၊ လူမှုဆက်ဆံရေးပေါင်းသင်းဆက်ဆံမှုပညာ၊ စီးပွားရေးစီမံခန့်ခွဲမှုပညာ၊ စိတ်ပညာနှင့် ကျန်းမာရေးအသိပညာများကို သိရှိနားလည်ထားရန်လိုအပ်လာသည်။ အောင်မြင်သောစီးပွားရေးလုပ်ငန်းရှင်အများစုသည် ငွေရေးကြေးရေးစီမံခန့်ခွဲမှုပညာတွင် အလွန်ထူးချွန်ကြသည်ကို တွေ့နိုင်သည်။ သို့ရာတွင် ရေရှည်အောင်မြင်မှုရရှိရန်မှာ လူမှုဆက်ဆံရေးပေါင်းသင်းဆက်ဆံမှုပညာနှင့် စီးပွားရေးစီမံခန့်ခွဲမှုပညာများကိုလည်း ထပ်မံလိုအပ်သည်။

အထက်ဖော်ပြပါအချက်များကိုကြည့်လျှင် ဗလငါးတန်နှင့်မလွတ်သည်ကို တွေ့နိုင်သည်။ ထို့ကြောင့် အောင်မြင်သောလုပ်ငန်းရှင်တစ်ဦးဖြစ်ရေးမှာ ဗလငါးတန်ပြည့်စုံရန်လိုအပ်သည်မှာ မြေကြီးလက်ခတ်မလွဲဟု ဆိုချင်သည်။ ဗလငါးတန်တွင် မည်သည့်ဗလစွမ်းအားက အရေးကြီးဆုံးဖြစ်သည်ကိုပြောပါဆိုလျှင် အလွန်ပြောရခက်ပါသည်။ ငါးမျိုးစလုံးတစ်ပြိုင်နက်ပြည့်စုံရန်အရေးကြီးဆုံးဖြစ်သည်။ သို့သော် ကာယဗလဟုခေါ်သည့် ကျန်းမာရေးနှင့်ပြည့်စုံသည့် ခန္ဓာကိုယ်မျိုးရှိရေးသည် အရေးကြီးဆုံးဖြစ်သည်ဟုဆိုသော်လည်း အခြားအချက်များမရှိလျှင် အောင်မြင်သောပုဂ္ဂိုလ်သို့မဟုတ် စီးပွားရေးလုပ်ငန်းရှင်မဖြစ်နိုင်ပါ။ သို့သော် အခြားအချက်များအားလုံးပြည့်စုံစေကာမူ ကာယဗလတွင်မပြည့်စုံ ကျန်းမာရေးမကောင်းလျှင် အခြားအရာများအားလုံး ရပ်တန့်သွားမည်သာဖြစ်သည်။

ထို့ကြောင့် ဗလငါးတန်သည် တစ်ခုနှင့်တစ်ခု အပြန်အလှန်အမှီသဟဲပြုကာအကျိုးပြုနေကြပြီး တစ်ပြိုင်နက်ကြီးထွားရှင်သန်နေရန်အရေးကြီးသည်။ နယ်ပယ်အသီးသီးတွင်အောင်မြင်နေသော လုပ်ငန်းရှင်များကိုကြည့်လျှင် ဈေးကွက်ထိုးဖောက်ရေးပညာ Marketing ကျွမ်းကျင်ကြသည်ကိုတွေ့ရသည်။ ဈေးကွက်ထိုးဖောက်ရေးပညာ Marketing တွင် စီးပွားရေးပညာနှင့် စိတ်ပညာရပ်များပေါင်းစပ်ထားသည့်အပြင် ခေတ်မီနည်းပညာများပါ ပါဝင်နေသည်ကို တွေ့နိုင်သည်။ ထို့ကြောင့် ဉာဏဗလတွင် ဖွံ့ဖြိုးတိုးတက်ရန်သည်လည်း အလွန်အရေးကြီးသည်။

ကျွန်တော်တို့သည် ခေတ်မီပညာရပ်များ၊ နည်းပညာများကို သိရှိနားလည်နေမှသာ စီးပွားရေးတွင် အောင်မြင်သူဖြစ်နိုင်သည်။ အချို့သောအသက်အရွယ်ကြီးရင့်သူများသည် အင်တာနက်များ၊ စမတ်ဖုန်းများကို ကောင်းစွာကိုင်တွယ်သုံးစွဲနိုင်ခြင်းမရှိသည်ကို တွေ့ရသဖြင့် နည်းပညာသုံးပြီး စီးပွားရေးလုပ်ရာတွင် နောက်ကျကျန်နေသည်ကို တွေ့နေရသည်။ ထို့ကြောင့် ဗလငါးတန်ကို ကျောင်းနေစဉ်တွင်သာ သင်ယူနေရမည်မဟုတ်ဘဲ ဉာဏဗလကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နေအောင် ဆောင်ရွက်နိုင်ရန်လိုအပ်သည်။ ဉာဏဗလ၊ မိတ္တဗလနှင့် ဘောဂဗလများပြည့်စုံလာသည့်အခါတွင် ကာယဗလဆိုသော ကျန်းမာရေးကောင်းမွန်ရေးနှင့် စာရိတ္တဗလဟူသော အကျင့်စာရိတ္တကောင်းမွန်ရေးတို့ပြည့်စုံရန် ကြိုးစားလာတတ်ကြသည်။ သို့ရာတွင် အချို့လုပ်ငန်းရှင်များသည် စာရိတ္တဗလတွင်အားနည်းလာတတ်ပြီး ဘောဂဗလနှင့်ယှဉ်လာလျှင် ဘောဂဗလနောက်သို့သာလိုက်သွားပြီး စာရိတ္တဗလမှာ နောက်တန်းသို့ ရောက်သွားတတ်ကြသည်ကိုလည်း တွေ့မြင်နေရသည်။

ဖြစ်သင့်သည်မှာ စာရိတ္တဗလဟူသော အကျင့်စာရိတ္တများ၊ စရိုက်များကောင်းရေးကိုလည်း အထူးတလည် ကျင့်ကြံသင့်၊ အားထုတ်သင့်သည်။ နိုင်ငံတကာတွင်လည်း Integrity ဟူသော ရိုးသားဖြောင့်မတ်ခြင်းနှင့် Authentication ဟူသော မှန်ကန်ခြင်း၊ စစ်မှန်ခြင်းတို့ကို များစွာအလေးထားလာသည်ကို တွေ့ရသည်။ တစ်နည်းဆိုရလျှင် အကျင့်စာရိတ္တကောင်းခြင်းကို ရှေ့တန်းတင်လာပြီး အဆိုပါစာရိတ္တဗလကောင်းသည့် စီးပွားရေးမျိုးကိုသာ ကောင်းမွန်သည်ဟုဆိုကြသည်။ ထို့ကြောင့် ဗလငါးတန်ပြည့်စုံသည့် စီးပွားရေးလုပ်ငန်းရှင်သည် ရောင်းဝယ်သည့် ကုန်ပစ္စည်း၊ အရောင်းအဝယ်ပြုလုပ်ခြင်း၊ ဈေးကွက်ဖော်ဆောင်ခြင်း အားလုံးတွင်အလေ့အကျင့်ကောင်းများ၊ အရည်အသွေးစစ်မှန်ခြင်းများနှင့် ရိုးသားဖြောင့်မတ်ရန်၊ ဖောက်သည်အပေါ် သစ္စာရှိရန်အချက်များကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။ ဈေးကစားခြင်း၊ လောင်းကစားဆန်ဆန် ရောင်းဝယ်ခြင်းများနှင့် ဖောက်သည်များအပေါ် မရိုးမသားလိမ်လည်ခြင်းများဖြင့် အမြတ်ရရှိရေးကိုသာ ဦးတည်ခြင်းမပြုရန် လိုအပ်သည်။

အထူးသဖြင့် စာရိတ္တဗလသည် အခြားသူများ၏ သွန်သင်ဆုံးမမှုထက် မိမိကိုယ်တိုင်၏ ခံယူချက်၊ သန္နိဋ္ဌာန်တို့ခိုင်မာရန်လိုအပ်သည်။ မမှန်ကန်လျှင်လုံးဝမလုပ်ဟု ဆုံးဖြတ်နိုင်ရန်လိုအပ်သည်။ အရည်အသွေးမကောင်းသောကုန်ပစ္စည်းကို ကောင်းသည်ဟုလိမ်ညာမရောင်းသော ခံယူချက်ချမှတ်ထားရန် လိုအပ်သည်။ ဖောက်သည်တို့အပေါ် သစ္စာမဖောက်ဖျက်၊ မမှန်မကန်မလုပ်ဟု သန္နိဋ္ဌာန်ချမှတ်ထားရန်လိုအပ်သည်။ ထိုကဲ့သို့ စာရိတ္တဗလပြည့်စုံသော လုပ်ငန်းရှင်အများအပြားပေါ်ထွန်းလာခြင်းသည် အခြားကဏ္ဍများထက် အရာရာပိုမိုတိုးတက်ကောင်းမွန်မည်မှာသေချာသည်။ ထိုသို့ဖြစ်ရန်မှာ ဗလငါးတန်နှင့်ပြည့်စုံသည့်လုပ်ငန်းရှင်ဖြစ်ရန်လိုအပ်သည်။ ယခုအချိန်တွင်ကိုယ်ကျိုးတစ်ခုတည်းကိုသာမကြည့်သည့်၊ အများအကျိုးကိုလည်း ဆောင်ရွက်နိုင်သည့် ဗလငါးတန်ပြည့်စုံသောလုပ်ငန်းရှင်များ အများအပြားပေါ်ပေါက်လာရန်လိုအပ်သည်။ အသက်ငယ်စဉ်၊ ကျောင်းများနေစဉ်ကပင် ဗလငါးတန်ပြည့်စုံရေးကို လေ့ကျင့်သင်ကြားမှု၊ သင်ယူမှုများပြုလုပ်နေရန်လိုအပ်သည်။ ဓားကိုဆုပ်ကိုင်သည့်အခါ လက်ငါးချောင်းစလုံးပြည့်စုံမှသာ ပိုင်ပိုင်နိုင်နိုင်ဆုပ်ကိုင်နိုင်ပြီး လိုရာကိုခုတ်နိုင်သကဲ့သို့ ဗလငါးတန်ပြည့်စုံမှသာ လုပ်ငန်းရှင်တစ်ဦးသည် လိုရာအောင်မြင်မှုပန်းတိုင်ကို ပိုင်ပိုင်နိုင်နိုင်ရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

❖ စာရိတ္တဗလသည် အခြားသူများ၏သွန်သင်ဆုံးမမှုထက် မိမိကိုယ်တိုင်၏ခံယူချက်၊ သန္နိဋ္ဌာန်တို့ ခိုင်မာရန်လိုအပ်သည်။ မမှန်ကန်လျှင် လုံးဝမလုပ်ဟုဆုံးဖြတ်နိုင်ရန်လိုအပ်သည်။ အရည်အသွေးမကောင်းသော ကုန်ပစ္စည်းကို ကောင်းသည်ဟုလိမ်ညာမရောင်းသော ခံယူချက်ချမှတ်ထားရန်လိုအပ်သည်။ ဖောက်သည်တို့အပေါ် သစ္စာမဖောက်ဖျက်၊ မမှန်မကန်မလုပ်ဟု သန္နိဋ္ဌာန်ချမှတ်ထားရန်လိုအပ်သည်။ ထိုကဲ့သို့ စာရိတ္တဗလပြည့်စုံသော လုပ်ငန်းရှင်အများအပြားပေါ်ထွန်းလာခြင်းသည် အခြားကဏ္ဍများထက် အရာရာပိုမိုတိုးတက်ကောင်းမွန်မည်မှာသေချာသည်။ ❖

# မြဝတီမြို့နယ် ဘိုတဲကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းကြံ့ခိုင်မှုရှိ၊ မရှိ စစ်ဆေး

**မြဝတီ ဧပြီ ၂၂**


ကရင်ပြည်နယ် မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြဝတီမြို့နယ် ဘိုတဲကျေးရွာ၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က ဆောင်ရွက်ခဲ့သော ကျေးလက်ကုန်ထုတ်လမ်းများ ကြံ့ခိုင်မှု ရှိ၊ မရှိကို ဧပြီ ၂၀ ရက် နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်း၊ မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က ဆောင်ရွက်ခဲ့သော ဘိုတဲကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း ကြံ့ခိုင်မှု ရှိ၊ မရှိနှင့် ကျေးလက်လမ်းအသုံးပြုနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်းက လုပ်ငန်းရေရှည်တည်တံ့ခိုင်မြဲစေရေး ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် ပြုပြင်ထိန်းသိမ်းရန်လိုအပ်ပါက အချိန်နှင့်တစ်ပြေးညီတင်ပြသွားရန် ဆွေးနွေးမှာကြားသည်။

ဘိုတဲကျေးရွာ၌ အရှည် နှစ်မိုင် တစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေ ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၄ ဒသမ ၉၆ သန်းဖြင့် ဆောင်ရွက်ခဲ့ရာ လမ်းပျက်စီးမှုမရှိဘဲ ယနေ့အချိန်ထိ ကျေးရွာသူ၊ ကျေးရွာသားများ အသုံးပြုလျက်ရှိကြောင်း၊ အဆိုပါကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပေးမှုကြောင့် ကျေးရွာရှိစိုက်ပျိုးမြေဧက ၃၅၀ ကျော်မှထွက်ရှိသော ထုတ်ကုန်များကို ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာဖြင့် လွယ်ကူလျင်မြန်စွာသယ်ယူပို့ဆောင်လျက်ရှိကြောင်း သိရသည်။

**ကိုသက်**

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူမှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကို ပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ကုလားပဲတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၁၃၉ သန်း ရရှိခဲ့

**နေပြည်တော် မေ ၂၂**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ကုလားပဲတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၁၃၉ သန်းရရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

ကုလားပဲသည် ပြည်တွင်းတွင် စားသုံးမှုများသည့် ပဲအမျိုးအစားဖြစ်နေသဖြင့် ပြည်တွင်းဈေးကွက် ကျယ်ပြန့်စွာရှိနေပြီး မြန်မာနိုင်ငံမှ ပြည်ပသို့ တင်ပို့ရောင်းချပေးနေသည့် ပဲအမျိုးအစားပေါင်း ၂၀ ကျော်တွင်လည်း ကုလားပဲသည် အများဆုံး တင်ပို့ရောင်းချပေးရမှု အဆင့်(၉)နေရာတွင်ရှိနေကြောင်း သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကုလားပဲ တင်ပို့ရောင်းချပေးမှုမှ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၁၃၉ သန်းထိရရှိခဲ့ကြောင်း၊ ထိုသို့ တင်ပို့ရောင်းချပေးရာ၌ ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၁၁၂ သန်းဖိုးနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ သုည ဒသမ ၀၂၇ သန်းဖိုး တင်ပို့ရောင်းချပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ်တွင်လည်း ဘဏ္ဍာနှစ်၏ ပထမဆုံးသောလဖြစ်သည့် ဧပြီ ၁ ရက်မှ ၁၄ ရက်ထိ နှစ်ပတ်အတွင်း နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက တင်ပို့ရောင်းချမှု မရှိသေးသော်လည်း ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ သုည ဒသမ ၀၄၄ သန်းဖိုး တင်ပို့ရောင်းချပေးခဲ့ရကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကုလားပဲကို အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် စိုက်ပျိုးကာ ဇန်နဝါရီမှ ဧပြီလအတွင်း ရိတ်သိမ်းကြပြီး စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ဧရာဝတီ စသည့်တိုင်းဒေသကြီးများတွင် အများဆုံးစိုက်ပျိုးလျက်ရှိကြောင်း၊ ယခုအခါ ကုလားပဲများ ဈေးကွက်သို့ ဝင်ရောက်လာပြီဖြစ်ပြီး ဈေးနှုန်းများလည်း ဆက်တိုက်မြင့်တက်နေကြောင်း၊ ကုန်စည်ဒိုင်ဈေးကွက်များတွင် ကုလားပဲလုံးဖြူ တစ်ပိဿာလျှင် ၃၆၆၅ ကျပ်မှ ငွေကျပ် ၃၇၅၀၊ ကုလားပဲလုံးဖြူကြီး တစ်ပိဿာလျှင် ၃၇၁၅ ကျပ်မှ ငွေကျပ် ၃၇၅၀၊ ကုလားပဲခြမ်း တစ်ပိဿာလျှင် ငွေကျပ် ၄၉၀၀ မှ ၅၀၀၀၊ ကုလားပဲခြမ်း(ထိုင်ဝမ်) တစ်ပိဿာလျှင် ငွေကျပ် ၅၁၅၀၊ ကုလားပဲခြမ်း(ဗွီတူး) တစ်ပိဿာလျှင် ငွေကျပ် ၄၇၀၀ ခန့် ပေါက်ဈေးရှိနေကြောင်း သိရသည်။

SKL



# စလင်းမြို့နယ် အင်ကြင်းပင်လှ(န)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)လုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**စလင်း မေ ၂၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စတင် အကောင်အထည်ဖော်ဆောင်ရွက်သည့် အင်ကြင်းပင်လှကျေးရွာအုပ်စု အင်ကြင်းပင်လှ(န)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို မေ ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အင်ကြင်းပင်လှ(န)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေဖြင့် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့်စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ အင်ကြင်းပင်လှ(န)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ကို ပထမနှစ်စက်ဝန်းတွင် စီမံကိန်းပံ့ပိုးရန်ပံ့ငွေကျပ်သိန်း ၂၀၀ ဖြင့် နေကြာအပါအဝင် အခြားဆီထွက်သီးနှံစိုက်ပျိုးတောင်သူ ဦးရေ ၆၀ ကို မိသားစုစီးပွားရေးလုပ်ငန်းများ တစ်နိုင်တစ်ပိုင်ဆောင်ရွက်နိုင်ရေး၊ စားသုံးဆီလုံလောက်စွာရရှိနိုင်ရေးအတွက် ကူညီပံ့ပိုးပေးလျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။

**သန်းသန်းရိုး**

## အေးချမ်းသာယာပြည်မြန်မာ

\- တို့မြန်မာ ပြည်ထောင်စု
ညီညွတ်မှုနဲ့ သာယာပေ၊
ဘေးအထွေထွေ ရန်ကွယ်ပျောက်
ဝမ်းမြောက်ကြပါစေ၊
တိုင်းရင်းသားတို့ ချစ်ကြည်နေ
လှဖြာဝေ ယမ်းနံ့ကင်း၊
မျှော်လင့်နေ ငြိမ်းချမ်းရေး
အေးမြရင်တွင်း။

\- တို့မြေကို တို့ပိုင်စိုး
ကောင်းကျိုးအတွက် ကြိုးစားလျှင်၊
သောင်းကျန်းသူ အဖျက်သမား
ဖယ်ရှားခုတ်ထွင်၊
အမိုက်တကာ့ အမှောင်တွင်
ဇွတ်တိုးဝင် လမ်းကြောင်းမှား၊
ပြည်သူတွေ စီးပွားပျက်အောင်
ရက်စက်သူများ။

\- နှစ်သစ်မှာ ကောင်းအောင်ပြု
ပေါင်းစုလို့ ညီညီညာ၊
တို့နိုင်ငံ တို့တည်ဆောက်လို့
ထွန်းတောက်စေမှာ၊
လူမှုစီးပွား ဖွံ့ဖြိုးကာ
စိတ်ချမ်းသာ နေနိုင်ရေး၊
တူပြိုင်ကာ ညီညာတွန်းရင်
ရွှန်းပမယ်လေး။

\- အသက်ရှည်စွာ အနာမဲ့
ရှိစေကွဲ့ နှစ်သစ်မှာ၊
ကျန်းမာခြင်းမှာ လာဘ်တစ်ပါး
ထင်ရှားပေတာ၊
ကျန်းမာမှ ပညာရှာ
ဥစ္စာဂုဏ် ဆင့်ကာတိုး၊
လူငယ်တွေ ခေါင်းဆောင်ဖြစ်
ဆန်းသစ်ပြည်ကျိုး။

\- ကိုယ့်တိုင်းပြည် ကိုယ်ချစ်မှ
ကျစ်လျစ်လို့ ခိုင်မာပြီ၊
သွေးထိုးကာ ဘေးစကား
ဖယ်ရှားရမည်၊
တိုးတက်တဲ့ မြန်မာပြည်
ရောက်ရမည် အမှန်မို့၊
စိတ်ချင်းညီ လက်ချင်းဆက်လို့
တွဲလက်ခိုင်စို့။ ။

**အာကာမောင်မောင်**

# SCIENCE AND TECHNOLOGY

## တွန်ဂါရေအောက်မီးတောင်ပေါက်ကွဲမှုက အမေရိကန်နိုင်ငံကပြုလုပ်ခဲ့သော အပြင်းထန်ဆုံးနျူကလီးယားစမ်းသပ်ဖောက်ခွဲမှုထက် ပိုပြင်းထန်



**ဝါရှင်တန် မေ ၂၂**

၂၀၂၂ ခုနှစ် ဇန်နဝါရီလက ဖြစ်ပွားခဲ့သော တွန်ဂါရေအောက်မီးတောင်ပေါက်ကွဲမှုသည် အမေရိကန်နိုင်ငံက ပြုလုပ်ခဲ့သော အပြင်းထန်ဆုံးနျူကလီးယား စမ်းသပ်ဖောက်ခွဲမှုထက် ပို၍ပြင်းထန်ခဲ့ကြောင်း သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက မေ ၂၁ ရက်တွင် ရေးသားတင်ပြထားသည်။

တောင်ပစိဖိတ်ဒေသ၌တည်ရှိသော ဟန်ဂါတွန်ဂါ-ဟန်ဂါဟာအာပီအမည်ရှိ အဆိုပါရေအောက်မီးတောင်ပေါက်ကွဲမှုကြောင့် အိုလံပစ်ရေကူးကန် ၂၀၀၀ စာနှင့်ညီမျှသော ရေခိုးရေငွေ့များ ကမ္ဘာ့လေထုလွှာအတွင်း ရောက်ခဲ့ရကြောင်း သိရသည်။

ထို့ပြင် အဆိုပါရေအောက် မီးတောင်ပေါက်ကွဲမှုကြောင့် အင်အားရစ်ချ်တာစကေး ၇ ဒသမ ၄ အဆင့်ရှိ မြေငလျင်တစ်ခုလှုပ်ခတ်ခဲ့ပြီး ကမ္ဘာတစ်ဝန်းလုံးသို့လည်း တုန်ခါလှိုင်းများ ပျံ့နှံ့ရောက်ရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် အမေရိကန်နိုင်ငံ မိုင်ယာမီတက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အဆိုပါ ရေအောက်မီးတောင်ပေါက်ကွဲမှုသည် အမေရိကန်နိုင်ငံက ပြုလုပ်ခဲ့သော နျူကလီးယားစမ်းသပ်ဖောက်ခွဲမှုထက် ပိုအားပြင်းခဲ့ပြီး နှစ်ပေါင်း ၁၀၀ အတွင်း အပြင်းထန်ဆုံးသော ပေါက်ကွဲမှုလည်းဖြစ်ခဲ့ကြောင်း သိရသည်။

အမေရိကန် သိပ္ပံပညာရှင်များသည် ဂြိုဟ်တုနှင့် ပင်လယ်ရေအောက် တိုင်းတာရေးအချက်အလက်များကို အသုံးပြု၍ တွန်ဂါရေအောက်မီးတောင် ပေါက်ကွဲမှုပြင်းအားကို အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO

## ကမ္ဘာဂြိုဟ်ကဲ့သို့ ဂြိုဟ်များပေါ်ရှိသက်ရှိများအတွက် အာကာသအန္တရာယ်သစ်တစ်ခုကို သိပ္ပံပညာရှင်များ ဖော်ထုတ်နိုင်ခဲ့

**ဝါရှင်တန် မေ ၂၂**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ချန်ဒရာ X-Ray ရောင်ခြည် ရေဒီယိုတယ်လီစကုပ်မှရရှိသည့် အချက်အလက်များကိုအသုံးပြု၍ ကမ္ဘာဂြိုဟ်ကဲ့သို့ ဂြိုဟ်များပေါ်ရှိ သက်ရှိများအတွက် အာကာသအန္တရာယ်သစ်တစ်ခုကို သိပ္ပံပညာရှင်များက ဖော်ထုတ်နိုင်ခဲ့ကြောင်း Phys. Org သတင်းဝက်ဘ်ဆိုက်က မေ ၂၁ ရက်တွင် ရေးသားတင်ပြထားသည်။

ပေါက်ကွဲမှုဖြစ်ခဲ့သော ကြယ်များမှထွက်ပေါ်လာသည့် ပြင်းထန်သော X-Ray ရောင်ခြည်များသည် အလင်းနှစ်သန်း ၁၀၀ အကွာတွင် ရှိသောဂြိုဟ်များပေါ် အကျိုးသက်ရောက်မှုရှိနိုင်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

ချန်ဒရာ အာကာသရေဒီယိုတယ်လီစကုပ်မှ ရရှိသောအချက်အလက်များအရ ကမ္ဘာဂြိုဟ်ကဲ့သို့သော ဂြိုဟ်များပေါ်ရှိ သက်ရှိများအတွက် အာကာသအန္တရာယ်သစ်သည် ဂြိုဟ်များနှင့် အလင်းနှစ်သန်း ၁၀၀ ကျော်အတွင်း ဖြစ်ပွားသည့် ကြယ်ပေါက်ကွဲမှုများမှ ပေါ်ထွက်လာနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။



စူပါနိုဗာကြယ်ပေါက်ကွဲမှုများမှ ထွက်ပေါ်လာသော X-Ray ရောင်ခြည်များသည် အလင်းနှစ်သန်း ၁၆၀ အကွာရှိ ဂြိုဟ်များထိပင် ရောက်သွားနိုင်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

အမေရိကန် သိပ္ပံပညာရှင်များသည် စူပါနိုဗာကြယ်ပေါက်ကွဲမှု ၃၁ ခုနှင့် နောက်ဆက်တွဲဖြစ်စဉ်များကိုလေ့လာခဲ့ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

စူပါနိုဗာကြယ်ပေါက်ကွဲမှုများမှ ထွက်ပေါ်လာသည့် ပြင်းထန်သော X-Ray ရောင်ခြည်များကြောင့် အနီးဝန်းကျင်ဂြိုဟ်များပေါ်၌ သက်ရှိများပျက်သုဉ်းမှု ပေါ်ထွက်လာနိုင်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

KKO

## Star Ship ဒုံးပျံကို ဒုတိယအကြိမ်စမ်းသပ်လွှတ်တင်ရန် Space-X ကုမ္ပဏီ ဆန္ဒရှိနေ

**ဝါရှင်တန် မေ ၂၂**

မေ ၂၀ ရက် Star Ship မစ်ရှင် ပျက်ပြားခဲ့ရသော်လည်း လာမည့် လအနည်းငယ်အတွင်း Star Ship ဒုံးပျံကို ဒုတိယအကြိမ်ထပ်မံစမ်းသပ်လွှတ်တင်ရန် Space-X ကုမ္ပဏီက ဆန္ဒရှိနေကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မေ ၂၁ ရက်တွင် ရေးသားတင်ပြထားသည်။

Space-X ကုမ္ပဏီသည် Star Ship ဒုံးပျံကို မေ ၂၀ ရက်က ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာ့ပတ်လမ်းကြောင်းပေါ်သို့ စမ်းသပ်လွှတ်တင်ခဲ့သည်။

သို့ရာတွင် လွှတ်တင်ပြီး သုံးမိနစ်ခန့်အကြာ ကမ္ဘာမြေပြင်အထက် အမြင့် ၂၄ မိုင်သို့ရောက်ရှိချိန်တွင် Star Ship ဒုံးပျံ၏ပထမအဆင့်နှင့် ဒုတိယအဆင့်ဒုံးပျံများမှာ ခွဲထွက်နိုင်မှုမရှိခဲ့ဘဲပေါက်ကွဲပျက်စီးခဲ့ရကြောင်း သိရသည်။

အဆိုပါ မစ်ရှင်ပျက်ပြားခဲ့ရသော်လည်း Space-X ကုမ္ပဏီအနေဖြင့် လာမည့်လအနည်းငယ်အတွင်း Star Ship ဒုံးပျံတစ်စင်း ထပ်မံလွှတ်တင်ရန် ဆန္ဒရှိနေသည်။

မေ ၂၀ ရက် Star Ship မစ်ရှင်မှာ ပျက်ပြားခဲ့ရသော်လည်း အနာဂတ် Star Ship မစ်ရှင်များအတွက် အထောက်အကူပေးမည့် အချက်အလက်များ ပြန်ပေးနိုင်ခဲ့ကြောင်း Space-X ကုမ္ပဏီမှ တာဝန်ရှိသူများက ပြောကြားသည်။

Space-X ကုမ္ပဏီသည် လကမ္ဘာနှင့်အင်္ဂါဂြိုဟ်များဆီသို့ လူသားများ ပို့ဆောင်နိုင်ရေးအတွက် Star Ship ဒုံးပျံများကို တည်ဆောက် စမ်းသပ်နေခြင်းဖြစ်ကြောင်း သိရသည်။ KKO

# HEALTH

## စိတ်ဖိအားကိုလျှော့ချပေးခြင်းဖြင့် ဇီဝသက်တမ်းအိုမင်းမှုကို လျှော့ချပေးနိုင်

**နယူးယောက် မေ ၂၂**

စိတ်ဖိအားကိုလျှော့ချပေးခြင်းဖြင့် ရက်အနည်းငယ် သို့မဟုတ် လပိုင်းအတွင်း ဇီဝသက်တမ်းအိုမင်းမှုကို လျှော့ချနိုင်ဖွယ်ရှိကြောင်း The Daily Mail သတင်းစာက မေ ၂၁ ရက်တွင် ရေးသားတင်ပြထားသည်။

ဘဝတစ်လျှောက် အသက်ရှင်နေထိုင်ခဲ့သော နှစ်အရေအတွက်ကို ဘဝနေထိုင်မှု သက်တမ်းအဖြစ် သုတေသနပညာရှင်များက ရည်ညွှန်းလေ့ရှိပြီး ဆဲလ်များနှင့်တစ်ရှူးများ၏သက်တမ်းကို ဇီဝသက်တမ်းအဖြစ် သိပ္ပံပညာရှင်များက ရည်ညွှန်းလေ့ရှိသည်။

ကျန်းမာသန်စွမ်းသောသူများတွင် ဇီဝသက်တမ်းသည် လက်ရှိအသက်အရွယ်ထက် ပို၍နုပျိုနေနိုင်ပြီး အထိုင်များသူများ၊ ကျန်းမာရေးမကောင်းသည့်သူများတွင် ဇီဝသက်တမ်းမှာ လက်ရှိအသက်အရွယ်ထက် ပို၍ရင့်ရော်နေတတ်ကြောင်း သိရသည်။

ထို့ပြင် ဆဲလ်များနှင့်တစ်ရှူးများ၏ ဇီဝသက်တမ်းသည် စိတ်ဖိအားကို တုံ့ပြန်သည့်အနေဖြင့်လည်း လက်ရှိ အသက်အရွယ်ထက်ပို၍ အိုမင်းလာတတ်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

သို့ဖြစ်ရာ စိတ်ဖိအားရင်ဆိုင်နေရသူများအနေဖြင့် စိတ်ဖိအားကို လျှော့ချပေးပါက ဇီဝသက်တမ်းအိုမင်းမှုကို ရက်အနည်းငယ်အတွင်းမှာပင် လျှော့ချနိုင်ကြောင်း အမေရိကန်နိုင်ငံ ဟားဗတ်ဆေးကျောင်းမှ သုတေသန ပညာရှင်များက ပြောကြားသည်။

KKO

## သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စားသုံးမှုဖြင့် မိခင်လောင်းများကိုယ်ဝန်ပျက်စီးနိုင်ခြေကိုလျှော့ချနိုင်

**လန်ဒန် မေ ၂၂**

သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်ပါဝင်မှုမြင့်မားသော ဓာတ်စာများစားသုံးခြင်းဖြင့် ကိုယ်ဝန်ဆောင်မိခင်လောင်းများ ကိုယ်ဝန်ပျက်စီးနိုင်မှုကို သိသိသာသာ လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက မေ ၂၁ ရက်တွင် ရေးသားတင်ပြထားသည်။

သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပင်လယ်စာ၊ နို့ထွက်စားသောက်ဖွယ်ရာများကို ကိုယ်ဝန်ဆောင်ကာလအတွင်း အများဆုံးစားသုံးသူ အမျိုးသမီးများသည် အနည်းဆုံးစားသုံးသူ အမျိုးသမီးများထက် ကိုယ်ဝန်ပျက်စီးနိုင်ခြေ ၆၁ ရာခိုင် နှုန်းပိုနည်းပါးကြောင်း ဗြိတိန်နိုင်ငံ ဘာမင်ဂမ်တက္ကသိုလ်မှ သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

ကိုယ်ဝန်ဆောင်ကာလအတွင်း ပြုပြင်စီရင်ထားသည့် အစားအစာများအား အဓိကစားသုံးသူမိခင်လောင်းများတွင် ကိုယ်ဝန်ပျက်စီးနိုင်ခြေမှာ ပုံမှန်ထက်နှစ်ဆပိုမြင့်မားကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်တို့တွင် တွေ့ရသည့်ရောင်ရမ်းမှုတိုက်ဖျက်ရေး ဂုဏ်သတ္တိနှင့် အောက်ဆီဂျင်ဓာတ်ဖျက်ဂုဏ်သတ္တိတို့သည် အမျိုးသမီးများ၏ ကျန်းမာစွာကိုယ်ဝန်ဆောင်နိုင်စွမ်းကို ထိန်းပေးထားနိုင်သည်ဟု ဗြိတိန်သုတေသနပညာရှင်များက ယုံကြည်ထားကြောင်း သိရသည်။

သို့ရာတွင် ရောင်ရမ်းမှုကို အားပေးတတ်သည့် အနီရောင်အသားများ၊ ပြုပြင်စီရင်ထားသည့် အစားအစာများကြောင့် မိခင်လောင်းများ၏ ကိုယ်ဝန်ပျက်စီးနိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။ KKO



## နိုင်ငံတကာ အားကစားသတင်းများ

# တိုက်စစ်မှူး ဖာမင်နို ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိ

**လန်ဒန် ဧပြီ ၂၂**

လီဗာပူးအသင်းနှင့် လာမည့် ဇွန် ၃၀ ရက်တွင် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် တိုက်စစ်မှူး ဖာမင်နိုသည် ဘာစီလိုနာအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိခဲ့ကြောင်း ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၁ နှစ်ရှိ တိုက်စစ်မှူး ဖာမင်နိုသည် လီဗာပူးအသင်းနှင့် ရှစ်နှစ်ကျော် လက်တွဲခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီတွင် အသင်းသို့ တိုက်စစ်ကစားသမားဖြစ်သည့် နူနက်၊ ဂတ်စ်ပိုတို့ ရောက်ရှိလာပြီးနောက်ပိုင်း ပုံမှန်ပွဲကစားခွင့် ပျောက်ဆုံးခဲ့သဖြင့် စာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ဖာမင်နိုသည် ၂၀၁၅ ခုနှစ်က ဟော်ဖန်ဟိမ်းအသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး ပြိုင်ပွဲစုံ ၃၆၀ ပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး ၁၀၉ ဂိုးထိ သွင်းယူနိုင်ခဲ့ကာ အသင်းနှင့်အတူ ချန်ပီယံလိဂ်ဆုဖလားတစ်ကြိမ်၊ ပရီးမီးယားလိဂ် ချန်ပီယံဆုတစ်ကြိမ်၊ အက်ဖ်အေဖလားတစ်ကြိမ်၊ ကမ္ဘာ့ကလပ်ချန်ပီယံဆုဖလားတစ်ကြိမ် ဆွတ်ခူးရရှိအောင် အဓိကနေရာမှ ပါဝင်ခဲ့သူဖြစ်သောကြောင့် နည်းပြကလော့ပ်က အသင်းတွင် ဆက်လက်ထိန်းသိမ်းသွားလိုသော်လည်း ၎င်းက စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်ရန်အတွက် ဘာစီလိုနာအသင်း၏ ကမ်းလှမ်းမှုကို လက်ခံခဲ့ကြောင်း သိရသည်။

ML



### ပရီးမီးယားလိဂ် ပွဲစဉ် (၃၂) ရလဒ်

| | | | | |
|---|---|---|---|---|
| ဖူလ်ဟမ် | ၂ | - | ၁ | လိဒ် |
| ဘရန့်ဖို့ဒ် | ၁ | - | ၁ | အေဗီလာ |
| ပဲလေ့စ် | ၀ | - | ၀ | အဲဗာတန် |
| လက်စတာ | ၂ | - | ၁ | ဝုဗ် |
| လီဗာပူး | ၃ | - | ၂ | နော်တင်ဟမ် |

### အီတလီစီးရီးအေ ပွဲစဉ် (၃၁) ရလဒ်

| | | | | |
|---|---|---|---|---|
| ဆလာနီတာနာ | ၃ | - | ၀ | ဆက်ဆူအိုလို |

(ဝ၄ဝ)

### အားကစားသတင်း အတိုအထွာများ

- ကွင်းလယ်ပိုင်းဖြည့်တင်းရန် ကြိုးပမ်းနေသည့် လီဗာပူးအသင်းက ဘယ်လင်ဟမ်ကိုခေါ်ယူရန် လက်လျှော့ခဲ့ပြီး ၎င်းနေရာတွင် နိုက်အသင်း ကွင်းလယ်ကစားသမား သူရမ်ကို ခေါ်ယူနိုင်ရန် ကြိုးပမ်းနေကြောင်း သိရသည်။
- ဘာစီလိုနာအသင်းက ကစားသမားများ၏ လုပ်ခလစာကို လျှော့ချနိုင်ရန် စပါးအသင်းသို့ အငှားချထားသည့် ခံစစ်ကစားသမား လန်ဂလက်ကို ရောင်းချသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ML

# ပရီးမီးယားလိဂ် သုံးပွဲဆက် သရေရလဒ်ထွက်ပေါ်ခဲ့သည့် အာဆင်နယ်အသင်း ချန်ပီယံဆုကို စိန်ခေါ်နိုင်မည့်အခွင့်အရေးနည်းပါးလာ



**လန်ဒန် ဧပြီ ၂၂**

ပရီးမီးယားလိဂ်ပွဲစဉ် (၃၂) အဖြစ် အာဆင်နယ်အသင်းနှင့် ဆောက်သမ်တန်အသင်းတို့ ပွဲစဉ်တွင် တစ်ဖက်သုံးဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ရာ အာဆင်နယ်အသင်းအနေဖြင့် သုံးပွဲဆက် သရေရလဒ်ထွက်ပေါ်ခဲ့သောကြောင့် ပရီးမီးယားလိဂ်ဆုဖလားကို စိန်ခေါ်နိုင်ရန် အခွင့်အရေးနည်းပါးခဲ့ကြောင်း Channelnewsasia.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အာဆင်နယ် အသင်းသည် လီဗာပူးအသင်းနှင့် သရေပွဲစဉ် မတိုင်မီ ဒုတိယနေရာမှ မန်စီးတီးအသင်းကို ရမှတ်ရှစ်မှတ်ထိ ဖြတ်တောက်နိုင်ခဲ့သော်လည်း အဆိုပါပွဲစဉ်ကို သရေရလဒ်ထွက်ပေါ်ခဲ့ပြီးနောက် ဝက်စ်ဟမ်းအသင်းနှင့် ဆောက်သမ်တန်အသင်းတို့ ပွဲစဉ်တွင်လည်း သရေတစ်မှတ်သာ ရရှိခဲ့သဖြင့် ပွဲစဉ် ၃၂ အပြီးတွင် ရမှတ် ၇၄မှတ်ဖြင့် အဆင့်(၂) မှ မန်စီးတီးအသင်းကို နှစ်ပွဲအသာ ရမှတ်လေးမှတ်သာ ဖြတ်တောက်နိုင်ခဲ့သောကြောင့် ပရီးမီးယားလိဂ်ချန်ပီယံဆုဖလား ရယူနိုင်ရန် အခွင့်အရေး နည်းပါးခဲ့ကြောင်း သိရသည်။

အာဆင်နယ် အသင်းသည် ဆောက်သမ်တန်အသင်းကို အိမ်ကွင်းတွင် ဧည့်ခံကစားရသော်လည်း ပွဲအစ တစ်မိနစ်တွင် ဂိုးသမား ရမ်ဒေးလ်၏ပေ့ါဆမှုမှ ဦးဆောင်ဂိုး ခွင့်ပြုခဲ့ရသဖြင့် ချေပဂိုးရရှိရန် အပြင်းအထန် ကြိုးပမ်းခဲ့သော်လည်း ပွဲကစားချိန် ၁၄ မိနစ်တွင် ဆောက်သမ်တန်အသင်းက တန်ပြန်တိုက်စစ်မှ ဒုတိယဦးဆောင်ဂိုး ထပ်မံသွင်းယူနိုင်ခဲ့ရာ အာဆင်နယ်အသင်းအနေဖြင့် ဖိအားအောက်ရောက်ရှိခဲ့သော်လည်း ပွဲချိန် မိနစ် ၂၀ တွင် တိုက်စစ်မှူး မာတင်နယ်လီက ချေပဂိုး သွင်းယူနိုင်ခဲ့သဖြင့် သက်သာရာရခဲ့ပြီး နှစ်ဂိုးတစ်ဂိုးဖြင့် ပထမပိုင်းပြီးဆုံးခဲ့ကြောင်း သိရသည်။

ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် အာဆင်နယ်အသင်းကသာ ဘောလုံးပိုင်ဆိုင်မှု အသာဖြင့် ကစားခဲ့သော်လည်း ဆောက်သမ်တန်အသင်း ခံစစ်ကြောင်းကို ဖြတ်ကျော်နိုင်ခြင်းမရှိဘဲ ပွဲချိန် ၆၆ မိနစ်တွင် ဆောက်သမ်တန်ခံစစ်ကစားသမား ကာလီတာကာက ထောင့်ကန်ဘောမှ တစ်ဆင့် ဦးဆောင်ဂိုး ထပ်မံရရှိခဲ့သဖြင့် နည်းပြအာတီတာက တိုက်စစ်မြှင့်ကစားခဲ့ရာ ပွဲချိန် ၈၈ မိနစ်နှင့် ပွဲချိန် မိနစ် ၉၀ တို့တွင် ချေပဂိုးများသွင်းယူ၍ သရေတစ်မှတ်ရရှိခဲ့သော်လည်း သုံးပွဲဆက် သရေရလဒ်သာ ထွက်ပေါ်ခဲ့သောကြောင့် ချန်ပီယံဖြစ်မည့် အခွင့်အရေးနည်းပါးသွားခဲ့ကြောင်း သိရသည်။

ML

# ဘင်ဖီကာလူငယ်ကစားသမား မိုရီရာကို ခေါ်ယူရန် ချဲလ်ဆီးအသင်း ကြိုးပမ်း

**လန်ဒန် ဧပြီ ၂၂**

ချဲလ်ဆီးအသင်းသည် ဘင်ဖီကာအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည့် တောင်ပံကစားသမား မိုရီရာကို ခေါ်ယူနိုင်ရန် ကြိုးပမ်းနေပြီး ဆွေးနွေးမှုပြုလုပ်ခဲ့ရာ ကစားသမားနှင့်ပုဂ္ဂိုလ်ရေး သဘောတူညီမှုရရှိခဲ့ကြောင်း Sportskeeda.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၁၈ နှစ်ရှိ လူငယ်ကစားသမား မိုရီရာသည် ဘင်ဖီကာ (B) အသင်းတွင် ပါဝင်ကစားနေသူဖြစ်သော်လည်း အသင်းအတွက် သွင်းဂိုး သုံးဂိုးနှင့် ဂိုးဖန်တီးမှု လေးကြိမ်ထိ ပြုလုပ်ခြေစွမ်းပြသနိုင်ခဲ့သဖြင့် အနာဂတ်တွင် ထွန်းတောက်လာမည့် လူငယ်တစ်ဦးအဖြစ် ဥရောပထိပ်သီးကလပ်အသင်းများက သတ်မှတ်ခြင်းခံရသူဖြစ်ပြီး အေစီမီလန်နှင့် ပီအက်စ်ဂျီအသင်းတို့က ခေါ်ယူရန် အပြင်းအထန်ကြိုးပမ်းခဲ့ရာ ၎င်းအနေဖြင့် ပယ်ချခဲ့ပြီး ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

မိုရီရာသည် စတန်းတက်လီဂီအသင်း အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး မန်ယူအသင်းကစားသမားဟောင်း နာနီ၊ ဘိုင်ယန်မြူးနစ် ကစားသမား ဆာနေးတို့၏ ကစားပုံနှင့် ဆင်တူပြီး တစ်ဦးချင်းစွမ်းဆောင်ရည်နှင့် လျှင်မြန်မှုပိုင်း ပိုကောင်းသည့် ကစားသမားဖြစ်သကဲ့သို့ ပြီးခဲ့သည့် ဘောလုံးရာသီက တစ်နှစ်တာ အကောင်းဆုံးကစားသမားဆု အပါအဝင် လူငယ်ကစားသမားဘဝတွင် အကောင်းဆုံးဆု သုံးကြိမ်ထိ ဆွတ်ခူးခဲ့သည်။

ထို့ပြင် အနာဂတ်စီမံကိန်းအတွက် လူငယ်ကစားသမားများကို ခေါ်ယူလိုသည့် အသင်းပိုင်ရှင် တော့ဘိုလီကလည်း ပြီးခဲ့သည့် နွေရာသီ အပြောင်းအရွှေ့ကာလကတည်းက မိုရီရာကို ခေါ်ယူရန် ပြင်ဆင်ခဲ့သော်လည်း မအောင်မြင်ခဲ့သဖြင့် ယခုအခါ ၎င်းကို ထပ်မံခေါ်ယူနိုင်ရန် စီစဉ်နေကာ လက်ဦးမှုရယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

ML

# အာဆင်နယ်အသင်းက ချဲလ်ဆီးအသင်းမှ မေဆင်မောင့်ကိုခေါ်ယူရန် ဆွေးနွေးမှုပြုလုပ်

**လန်ဒန် ဧပြီ ၂၂**

အာဆင်နယ်အသင်းက မြို့ခံပြိုင်ဘက် ချဲလ်ဆီးအသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် မေဆင်မောင့်ကို ခေါ်ယူရန်အတွက် ဆွေးနွေးမှုများ စတင်ပြုလုပ်လျက်ရှိနေသည်ဟု Football London သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၄ နှစ်ရှိ မေဆင်မောင့်သည် ချဲလ်ဆီးအသင်း အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်သော်လည်း အစောပိုင်းနှစ်များက အခြားအသင်းများတွင်သာ အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ရပြီး ၂၀၁၉ ခုနှစ်က ချဲလ်ဆီးအသင်းကို လက်ရှိ ယာယီနည်းပြ လမ်းပတ်တာဝန်ယူကိုင်တွယ်ခဲ့စဉ်က ပြန်လည်ဖူးပေါင်းခဲ့သူဖြစ်သည်။

မေဆင်မောင့်သည် နည်းပြဟောင်း လမ်းပတ်တာဝန်ယူကိုင်တွယ်ခဲ့စဉ်က အဓိကကွင်းလယ်ကစားသမား တစ်ဦးအဖြစ် ပွဲထွက်ခွင့်ရရှိခဲ့သော်လည်း နည်းပြဟောင်း ဂရာဟမ်ပေါ်တာလက်အောက်တွင် ပုံမှန်ပွဲထွက်ခွင့် မရရှိခဲ့သည့်အတွက် အနာဂတ်မရေမရာ ဖြစ်နေပြီး အသင်းနှင့်စာချုပ်သက်တမ်းမှာလည်း တစ်နှစ်သာ ကျန်ရှိတော့ခြင်းဖြစ်သည်။



ချဲလ်ဆီးအသင်းသည် အစောပိုင်းက မေဆင်မောင့်ကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆွေးနွေးမှုများပြုလုပ်ခဲ့သော်လည်း မေဆင်မောင့်က တစ်ပတ်လုပ်ခစာတာလင်ပေါင် ၂၅၀၀၀၀ ထိ တောင်းဆိုနေသည့်အတွက် အဆင်မပြေဖြစ်သွားခဲ့ပြီးနောက် အသင်း၏ စာချုပ်သစ်ကမ်းလှမ်းမှုကို ပယ်ချခဲ့သည့်အတွက် အာဆင်နယ်အသင်းက ခေါ်ယူရန်အတွက် ဆွေးနွေးမှုများ ပြုလုပ်နေခြင်းဖြစ်ကြောင်း သိရသည်။ STA

# ပြင်သစ်လီဂူးပြိုင်ပွဲတွင် သွင်းဂိုးနှင့် ဂိုးဖန်တီးမှု ၁၅ ကြိမ်နှင့်အထက် ပြုလုပ်နိုင်သည့် တတိယမြောက်ကစားသမားအဖြစ် မက်ဆီမှတ်တမ်းဝင်




**ပဲရစ် မေ ၂၂**

ပြင်သစ်လီဂူးပြိုင်ပွဲ ပွဲစဉ်(၃၂) အဖြစ် ယနေ့နံနက်ပိုင်းက ကစားခဲ့သည့် ပီအက်စ်ဂျီအသင်းနှင့် အန်ဂါအသင်းတို့ပွဲစဉ်တွင် ပီအက်စ်ဂျီအသင်း တိုက်စစ်ကစားသမား မက်ဆီသည် ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်နိုင်ခဲ့ပြီးနောက် ပြင်သစ်လီဂူးပြိုင်ပွဲ သမိုင်းတစ်လျှောက်တွင် သွင်းဂိုးနှင့် ဂိုးဖန်တီးမှု ၁၅ ကြိမ်နှင့်အထက် ပြုလုပ်နိုင်ခဲ့သည့် တတိယမြောက်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း L'Equipe သတင်းဌာနက သိရသည်။

အဆိုပါပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းက အန်ဂါအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ပွဲချိန် ၂၆ မိနစ်တွင် အမ်ဘက်ပီ သွင်းယူခဲ့သည့် သွင်းဂိုးကို မက်ဆီက ဂိုးဖန်တီးမှုပြုလုပ်နိုင်ခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီတွင် မက်ဆီသည် ဂိုးဖန်တီးမှု ၁၅ ကြိမ် ရှိလာခဲ့ပြီးနောက် မှတ်တမ်းကောင်း တစ်ရပ်ကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

မက်ဆီသည် ယခုနှစ်ဘောလုံးရာသီ ပြင်သစ်လီဂူးပြိုင်ပွဲ၌ ၂၇ ပွဲ ပါဝင်ကစားခဲ့ရာတွင် ကိုယ်တိုင် ၁၅ ဂိုး သွင်းယူနိုင်ခဲ့သကဲ့သို့ ဂိုးဖန်တီးမှုလည်း ၁၅ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့သည့်အတွက် တစ်ရာသီအတွင်း သွင်းဂိုးနှင့် ဂိုးဖန်တီးမှု ၁၅ ကြိမ်နှင့်အထက် ပြုလုပ်နိုင်ခဲ့သည့် တတိယမြောက်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်း ဖြစ်သည်။

ပြင်သစ်လီဂူးပြိုင်ပွဲ သမိုင်းတစ်လျှောက်တွင် တစ်ရာသီအတွင်း သွင်းဂိုးနှင့် ဂိုးဖန်တီးမှု ၁၅ ကြိမ်နှင့် အထက်ရှိခဲ့သည့် ပထမဆုံး ကစားသမားအဖြစ် ပြီးခဲ့သည့် ၂၀၁၁-၂၀၁၂ ဘောလုံးရာသီက လိုင်လီအသင်းနှင့်အတူ ဟာဇက်က စွမ်းဆောင်နိုင်ခဲ့ပြီး ဒုတိယမြောက်ကစားသမားအဖြစ် ၂၀၂၁-၂၀၂၂ ဘောလုံးရာသီက ပီအက်စ်ဂျီအသင်း တိုက်စစ်ကစားသမား အမ်ဘက်ပီတို့ စွမ်းဆောင်နိုင်ခဲ့ပြီး ယခုအခါ မက်ဆီက တတိယမြောက် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

STA

# Chevron Championship ပြိုင်ပွဲ အမှတ်ပေးဇယားကို ကင်မ်အလင်း ဦးဆောင်

**တက္ကဆက် မေ ၂၂**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ဝုဒ်လန်းတွင်ကျင်းပနေသည့် Chevron Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် တောင်ကိုရီးယားဂေါက်သီးရိုက်မယ် ကင်မ်အလင်းက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း Skysportsသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန်ဂေါက်သီးရိုက်မယ်များဖြစ်ကြသည့် မီဂန်ခန်နှင့် လီလီယာဗူတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်ထားနိုင်ပြီး အမေရိကန် ဂေါက်သီးရိုက်မယ် တစ်ဦးပင်ဖြစ်သည့် နယ်လီကော့ဒါနှင့်ထိုင်းဂေါက်သီးရိုက်မယ် တာဗာတာနာကစ်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ပထမနေ့တွင် ရာသီဥတုသာယာခဲ့သော်လည်း ဒုတိယနေ့တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သည့်အတွက်ကြောင့် သတ်မှတ်ကစားချိန်ထက် နှစ်နာရီနောက်ကျပြီးမှသာ စတင်နိုင်ခဲ့သည်။

လက်စွမ်းပိုင်း မတည်ငြိမ်သေးသော်လည်း ချန်ပီယံလမ်းကြောင်းပေါ်တွင် ရှိနေဆဲဖြစ်သည့် ကမ္ဘာ့အဆင့် (၇) နေရာတွင် ရပ်တည်နေသည့် ကနေဒါဂေါက်သီးရိုက်မယ် ဟန်ဒါဆင်က "ပထမနေ့မှာရလဒ်က တော်တော်လေးကိုဆိုးရွားခဲ့ပါတယ်။ ဒါပေမဲ့လဲ ဒုတိယနေ့မှာတော့ ပုံစံကောင်းပြန်ရလာခဲ့တယ်။ ရလဒ်ပိုင်းလဲ သိသိသာသာတိုးတက်လာခဲ့တယ်။ ပထမနေ့မှာသတ်မှတ်ရိုက်ချက်ထက် တစ်ချက်ပဲ လျော့ရိုက်နိုင်ခဲ့တယ်။ ဒုတိယနေ့မှာတော့ သတ်မှတ်ရိုက်ချက်ထက် လေးချက်လျော့ရိုက်နိုင်ခဲ့တဲ့အတွက် ချန်ပီယံလမ်းကြောင်းပေါ်ကို ပြန်ရောက်လာနိုင်ခဲ့တယ်"ဟုပြောကြားခဲ့ကြောင်း သိရသည်။ AZL

# စတုဂတ်အိုးပင်းတင်းနစ်ပြိုင်ပွဲဆီမီးဖိုင်နယ်အဆင့်တွင် စဝီယာတက်ခ်နှင့် အွန်ဂျပ်ဘာတို့ ယှဉ်ပြိုင်ကစားရမည်

**စတုဂတ် မေ ၂၂**

ဂျာမနီနိုင်ငံ စတုဂတ်မြို့တွင် ကျင်းပနေသည့် စတုဂတ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များအဖြစ် ကမ္ဘာ့အဆင့် (၁) တင်းနစ်မယ် စဝီယာတက်ခ်က ချက်တင်းနစ်မယ် ပလစ်ချ်ကိုဗာနှင့် လည်းကောင်း၊ တူနီးရှားတင်းနစ်မယ် အွန်ဂျပ်ဘာက ဘရာဇီးတင်းနစ်မယ် ဟက်ဒက်မိုင်အာနှင့် ယှဉ်ပြိုင်ကစားသွားခဲ့ကြသည်။

စဝီယာတက်ခ်နှင့်ပလစ်ချ်ကိုဗာတို့ပွဲစဉ်တွင် စဝီယာတက်ခ်က (၄-၆၊ ၆-၁၊ ၆-၂) ရလဒ်ဖြင့် လည်းကောင်း၊ အွန်ဂျပ်ဘာက ဟက်ဒက်မိုင်အာကို (၆-၃၊ ၆-၀) ရလဒ်ဖြင့် လည်းကောင်းအသီးသီး အနိုင်ရရှိခဲ့ကြပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြကြောင်း First Post သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စဝီယာတက်ခ်သည် ပလစ်ချ်ကိုဗာအား ခက်ခက်ခဲခဲယှဉ်ပြိုင်ကစားခဲ့ရပြီး ပထမပွဲငယ်တွင် ရှုံးနိမ့်ခဲ့ရသော်လည်း ဒုတိယပွဲငယ်နှင့် တတိယပွဲငယ်တို့တွင် ပြတ်သားသော ရလဒ်များဖြင့် ပြန်လည် အနိုင်ရရှိခဲ့ပြီးနောက် ဆီမီးဖိုင်နယ်အဆင့်သို့တက်ရောက်နိုင်ခဲ့သည်။

အွန်ဂျပ်ဘာနှင့် ဟက်ဒက်မိုင်အာတို့ ပွဲစဉ်တွင် အွန်ဂျပ်ဘာက နှစ်ပွဲပြတ်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်တွင် စဝီယာတက်ခ်နှင့် ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။



အွန်ဂျပ်ဘာက "ဆီမီးဖိုင်နယ်အဆင့်မှာ စဝီယာတက်ခ်နဲ့ယှဉ်ပြိုင်ကစားသွားရမှာကို စိတ်လှုပ်ရှားမိပါတယ်။ ဒီနှစ်ထဲ စဝီယာတက်ခ်ရဲ့ လက်စွမ်းပိုင်းက အတက်အကျ မြန်နေတာတွေ့ရတယ်။ စဝီယာတက်ခ်အနေနဲ့ မနှစ်တုန်းက အဆင့်မျိုးမှာရှိနေမယ်ဆိုရင်တော့ ကျွန်မအတွက် အခွင့်အရေးမရှိသလောက်ပါပဲ။ ဒီနှစ်ထဲ စဝီယာတက်ခ်ရဲ့လက်စွမ်းပိုင်းက ခန့်မှန်းရခက်တယ်။ ဒီလိုလက်စွမ်းပိုင်း အတက်အကျ မြန်ဆန်နေခြင်းက ကျွန်မအတွက် အခွင့်အရေးကောင်း တစ်ခုဖြစ်လာနိုင်တယ်။ ကျွန်မအနေနဲ့လဲ ဒီနှစ်ထဲ ကစားဟန် နည်းနည်း ပြောင်းထားတယ်။ ဒီအချက်ကလဲ စဝီယာတက်ခ်ကို အခက်တွေ့နိုင်မယ်လို့ ယုံကြည်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# Banja Luka Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ လာဂျိုဗစ် တက်ရောက်

**ဆာရာဂျေဗို မေ ၂၂**

ဘော့စနီးယားနိုင်ငံတွင် ကျင်းပနေသည့် Banja Luka Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ဆားဘီးယားအဆင့်(၁) တင်းနစ်ကစားသမား ဂျိုကိုဗစ်နှင့် ဆားဘီးယားအဆင့်(၂) တင်းနစ်ကစားသမား လာဂျိုဗစ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ လာဂျိုဗစ်က (၆-၄၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း India Express သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုကိုဗစ်နှင့် လာဂျိုဗစ်တို့သည် တစ်နိုင်ငံတည်းသား ဖြစ်သလိုအတူလက်တွဲလေ့ကျင့်မှုများ မကြာခဏ ပြုလုပ်လေ့ရှိသည့် မိတ်ဆွေကောင်းများဖြစ်ကြပြီး တစ်ဦးနှင့်တစ်ဦး ကစားဟန်ကို ကောင်းစွာသိရှိထားကြသည်။

လာဂျိုဗစ်အနေဖြင့် ဂျိုကိုဗစ်နှင့်တွေ့ဆုံတိုင်း ရှုံးနိမ့်ခဲ့ရသော်လည်းယခုတစ်ကြိမ်တွင် အကောင်းဆုံး လက်စွမ်းပြပြီး ဂျိုကိုဗစ်ကို အနိုင်ရရှိခဲ့သည်။

လာဂျိုဗစ်က "ကျွန်တော့်ရဲ့ တင်းနစ်ကစားသမား ဘဝအတွက် ဂုဏ်ယူစရာကောင်းတဲ့ နိုင်ပွဲတစ်ပွဲဖြစ်ပါတယ်။ ဂျိုကိုဗစ်နဲ့ ကျွန်တော်ဟာ မိတ်ဆွေကောင်းတွေဖြစ်သလို အတူလက်တွဲလေ့ကျင့်မှုတွေလဲ မကြာခဏပြုလုပ်ခဲ့ဖူးပါတယ်။ ဂျိုကိုဗစ်ဟာ တင်းနစ်လောကရဲ့ အကောင်းဆုံး ကစားသမားတွေထဲက တစ်ယောက်ပါ။ ကျွန်တော့် ကစားသမားဘဝ သက်တမ်းတစ်လျှောက် ဂျိုကိုဗစ်ကို ဘယ်တော့မှ အနိုင်မယူနိုင်တော့ဘူးလို့ ယူဆထားတယ်။ အနိုင်ယူဖို့ မဖြစ်နိုင်တဲ့ အခြေအနေလဲ ဖြစ်ပါတယ်။ ဒါပေမဲ့လဲ မဖြစ်နိုင်တဲ့အရာတစ်ခုကို ကျွန်တော်လုပ်ပြနိုင်ခဲ့ပြီ။ ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်နိုင်ခဲ့လို့ ဝမ်းသာပျော်ရွှင်မိသလို ဂျိုကိုဗစ်ကို အနိုင်ကစားနိုင်ခဲ့တာကို ပိုပြီးတော့ ဝမ်းသာဂုဏ်ယူပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# အက်ဖ်အေက ဖူလ်ဟမ်အသင်းမှ မက်ထရိုဗစ်ကို ထပ်တိုးပြစ်ဒဏ်ချမှတ်ရန် အယူခံတင်သွင်းခဲ့သော်လည်း ပယ်ချခံရ

**လန်ဒန် မေ ၂၂**

အင်္ဂလန် ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ)က ဖူလ်ဟမ်အသင်းမှ တိုက်စစ်ကစားသမား မက်ထရိုဗစ်ကို ရှစ်ပွဲပယ်ပြစ်ဒဏ်အပြင် ထပ်တိုးပြစ်ဒဏ်ချမှတ်ရန်အတွက် လွတ်လပ်သည့် အယူခံဘုတ်အဖွဲ့ (Independent Appeal Board) ထံ အယူခံတင်သွင်းခဲ့သော်လည်း ပယ်ချခံခဲ့ရသောကြောင့် ထပ်တိုးပြစ်ဒဏ်ချမှတ်ခံရတော့မည်မဟုတ်ကြောင်း The Sun သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၈ နှစ်ရှိ မက်ထရိုဗစ်သည် ပြီးခဲ့သည့်မတ်လအတွင်းက မန်ယူအသင်းနှင့် ဖူလ်ဟမ်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ကွင်းလယ်ဒိုင်လူကြီး၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသည့်အတွက် တွန်းထုတ်ပြီး ကိုယ်ထိလက်ရောက် ကျူးလွန်ခဲ့သောကြောင့် အနီကတ်ပြသခံခဲ့ရသူဖြစ်သည်။

ထို့ပြင် ကွင်းလယ်ဒိုင်လူကြီး၏ ဆုံးဖြတ်ချက်များအပေါ် ပြင်းပြင်းထန်ထန် စောဒကတက်ခဲ့သည့် ဖူလ်ဟမ်အသင်းနည်းပြ မာကိုစ်ဆေးဗားကိုလည်း တိုက်ရိုက်အနီကတ် ပြသခဲ့ပြီးနောက် အဆိုပါလုပ်ရပ်အတွက် အစောပိုင်းက အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က နည်းပြ မာကိုစ်ဆေးဗားကို သုံးပွဲပယ်ပြစ်ဒဏ်ချမှတ်ခဲ့သကဲ့သို့ မက်ထရိုဗစ်ကိုလည်း ကာလရှည် ပြစ်ဒဏ်ဖြစ်သည့် ရှစ်ပွဲပယ် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က မက်ထရိုဗစ်ကို ပြစ်ဒဏ်ချမှတ်ခဲ့မှုမှာ နည်းပါးသည့်အတွက် နောက်ထပ် ထပ်တိုးပြစ်ဒဏ်ချမှတ်နိုင်ရန်အတွက် လွတ်လပ်သည့် အယူခံဘုတ်အဖွဲ့ (Independent Appeal Board)ထံ အယူခံတင်သွင်းခဲ့သော်လည်း ပယ်ချခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။ STA

**ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ်(၂၉) ရလဒ်**

| | | | | |
|---|---|---|---|---|
| ဘိုချမ် | ၁ | - | ၅ | ဝုဖ်ဘတ် |
| ဟာသာဘာလင် | ၂ | - | ၄ | ဝါဒါဘရီမင် |
| ဟော်ဖန်ဟိမ်း | ၁ | - | ၃ | ကိုလုံး |
| မိန့်ဇ် | ၃ | - | ၁ | ဘိုင်ယန်မြူးနစ် |

(၀၄၀)

# စားနပ်ရိက္ခာလိုအပ်ချက်ဖြည့်ဆည်းနိုင်ရေး ဂျုံစိုက်ပျိုးသွားမည့်မြောက်ကိုရီးယား



ကိုဗစ်-၁၉ ကပ်ရောဂါအတွင်း အသွားအလာပိတ်ဆို့မှုများ၊ နိုင်ငံတကာပိတ်ဆို့မှုများနှင့် သဘာဝဘေးအန္တရာယ်များကြောင့် မြောက်ကိုရီးယား၏ စားနပ်ရိက္ခာလိုအပ်ချက်သည် ပိုမိုနက်ရှိုင်းလာပြီဖြစ်ကြောင်း ကျွမ်းကျင်ပညာရှင်များက သုံးသပ်ပြောဆိုလျက်ရှိသည်။ တောင်ကိုရီးယား၏ကျေးလက်ဖွံ့ဖြိုးရေးအုပ်ချုပ်မှုအဖွဲ့ (RDA) ၏အဆိုအရ ၂၀၂၂ ခုနှစ်အတွင်း မြောက်ကိုရီးယား၏စိုက်ပျိုးရေးထုတ်ကုန်ထွက်ရှိမှုသည် ၂၀၂၁ ခုနှစ်နှင့်နှိုင်းယှဉ်လျှင် ၃ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ဟုဆိုသည်။

အထူးသဖြင့် မြောက်ကိုရီးယား၏ ကောက်ပဲသီးနှံထုတ်လုပ်မှုသည် ၂၀၂၂ ခုနှစ်တွင် တန်ချိန် ၄ ဒသမ ၅၁ သန်းထုတ်လုပ်နိုင်ခဲ့ပြီး ၂၀၂၁ ခုနှစ်အောက် တန်ချိန် ၁၈၀၀၀၀ လျော့နည်းကျဆင်းခဲ့ကြောင်း RDA က ခန့်မှန်းတွက်ချက်ထားသည်။ ရေကြီးရေလျှံမှုများ၊ ပူပြင်းခြောက်သွေ့မှုများ၊ အခြားသောဆိုးရွားသည့်ရာသီဥတုအခြေအနေများကြောင့် ကောက်ပဲသီးနှံများ အထွက်နှုန်းအပေါ် သက်ရောက်မှုရှိခဲ့သည်ဟုဆိုသည်။ ကောက်ပဲသီးနှံများစွာအနက် ဆန်၊ စပါးထုတ်လုပ်မှုသည် သဘာဝဘေးအန္တရာယ်များကြောင့် ဆိုးဆိုးရွားရွားထိခိုက်ခဲ့ရပြီး ၄ ဒသမ ၂ ရာခိုင်နှုန်း (တန်ချိန် ၉၀၀၀၀)ကျဆင်းခဲ့သည်။

၂၀၂၂ ခုနှစ်အတွင်း အမေရိကန်စိုက်ပျိုးရေးဌာန (USDA) က ထုတ်ပြန်ခဲ့သော "ကမ္ဘာ့စားနပ်ရိက္ခာ လုံခြုံမှုအကဲဖြတ်ချက် ၂၀၂၂-၂၀၃၂ အစီရင်ခံစာ"၌ ၂၀၂၂ ခုနှစ်အတွင်း မြောက်ကိုရီးယားနိုင်ငံ၌ စားနပ်ရိက္ခာလိုအပ်ချက် တန်ချိန် ၁ ဒသမ ၂၁ သန်းရှိခဲ့ကြောင်းနှင့် အရေးပေါ်အကူအညီများလိုအပ်နေကြောင်း ဖော်ပြထားသည်။ မြောက်ကိုရီးယားအစိုးရသည် တရုတ်နှင့်ရုရှားထံမှ စပါးနှင့်ပြောင်းဆန်များဝယ်ယူပြီး စားနပ်ရိက္ခာလိုအပ်ချက်ကို ဖြည့်ဆည်းရန်ကြိုးပမ်းခဲ့သော်လည်း ကာလရှည်ကြာဖြစ်ပေါ်လျက်ရှိသော စားနပ်ရိက္ခာပြဿနာများကို အရေးပေါ် ကိုင်တွယ်ဖြေရှင်းသွားရန် လိုအပ်နေဆဲပင်ဖြစ်သည်။

**စိုက်ပျိုးရေးလုပ်ငန်းများပြုပြင်ပြောင်းလဲမှု လုပ်ဆောင်ခြင်း**

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလက ကျင်းပခဲ့သော ကိုရီးယားအလုပ်သမားပါတီ (WPK) အစည်းအဝေး၌ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က အစိုးရတာဝန်ရှိသူများအား လယ်ယာစိုက်ပျိုးထုတ်လုပ်မှုတွင် အခြေခံကျကျပြုပြင်ပြောင်းလဲသွားရန် တိုက်တွန်းပြောကြားခဲ့သည်။ ကင်ဂျုံအန်အနေဖြင့်မည်သို့မည်ပုံ ပြောင်းလဲဖော်ဆောင်သွားမည်ဆိုသောအချက်ကိုမူ အသေးစိတ်ပြောဆိုခဲ့ခြင်းမရှိဘဲ လာမည့်နှစ်များအတွင်း ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်သွားရန်လိုအပ်သည်ဟုသာ ပြောကြားသွားခဲ့သည်။

မြောက်ကိုရီးယား၏ ပြုပြင်ပြောင်းလဲမှုများကို ရှင်းရှင်းလင်းလင်းမသိရှိရသေးသော်လည်း အစိုးရအနေဖြင့် စားနပ်ရိက္ခာလုံခြုံမှုအတွက် ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် ဂျုံစိုက်ပျိုးထုတ်လုပ်မှုတိုးမြှင့်ရန် မျှော်မှန်းချက်ဖြင့် စိုက်ပျိုးရေးဆိုင်ရာမူဝါဒကို ပြုပြင်ပြောင်းလဲသွားဖွယ်ရာရှိသည်။ ၂၀၀၁ ခုနှစ်ကတည်းက မြောက်ကိုရီးယားနိုင်ငံသည် လယ်သမားများကို ဂျုံစိုက်ပျိုးထုတ်လုပ်သွားရန် တိုက်တွန်းထားရှိသည်။ အမှန်တော့ မြောက်ကိုရီးယားတွင် ဆန်စပါး၊ ပြောင်းနှင့်အားလူးတို့ကိုသာ စိုက်ပျိုးလေ့ရှိကြသည်။

၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းတွင်ပြုလုပ်ခဲ့သော (၈) ကြိမ်မြောက် WPK ဗဟိုကော်မတီအစည်းအဝေးပြီးနောက် ကင်ဂျုံအန်က မြောက်ကိုရီးယား၏ ကောက်ပဲသီးနှံထုတ်လုပ်မှုပုံစံနှင့် ဆန်နှင့်ဂျုံများ အမြောက်အမြား စိုက်ပျိုးထုတ်လုပ်ရေးသည် ပါတီ၏ အဓိကလုပ်ငန်းတာဝန်များဖြစ်ကြောင်း၊ ၎င်းရည်မှန်းချက်များ အောင်မြင်မှုရရှိရေးအတွက် နိုင်ငံတစ်ဝန်းတွင် ဆန်နှင့်ဂျုံစိုက်ပျိုးထုတ်လုပ်မှုကို နှစ်ဆမြှင့်တင်သွားရမည်ဖြစ်ကြောင်း၊ ပြည်သူများကို ဆန်နှင့်ဂျုံမှုန့်များ အလုံအလောက် ထောက်ပံ့ပေးခြင်းအားဖြင့် စားနပ်ရိက္ခာလုံခြုံအောင် ဖန်တီးပေးသွားမည်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

မြောက်ကိုရီးယားစိုက်ပျိုးရေးသမိုင်းတွင် ကောက်ပဲသီးနှံပြောင်းလဲစိုက်ပျိုးမှုဖြစ်စဉ်ရှိခဲ့သည်။ ၁၉၉၀ ပြည့်လွန်နှစ်များတွင် ငတ်မွတ်ခေါင်းပါးမှုများဖြစ်ပေါ်ခဲ့သဖြင့် မြောက်ကိုရီးယားနိုင်ငံသည် "အားလူးတော်လှန်ရေး"ဆောင်ပုဒ်ဖြင့် ပြောင်းစိုက်ပျိုးမှုအစား အားလူးစိုက်ပျိုးမှုကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခဲ့သည်။ ၂၀၀၀ ပြည့်လွန်နှစ်များတွင် အားလူးထုတ်လုပ်မှုသည် သိသိသာသာမြင့်တက်လာခဲ့သဖြင့် တိုင်းပြည်၏ စားနပ်ရိက္ခာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခဲ့သည်။

ထိုကဲ့သို့ အောင်မြင်မှုသမိုင်းကြောင်းရှိခဲ့သော်လည်း စီမံခန့်ခွဲမှုအားနည်းချက်များနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် မြောက်ကိုရီးယားနိုင်ငံသည် စားနပ်ရိက္ခာရှားပါးပြတ်လပ်မှုနှင့် ထပ်မံကြုံတွေ့ရဖွယ်ရှိလာသည့်အတွက် အစိုးရအနေဖြင့် စပါးနှင့်အတူ ဂျုံကိုလည်း အဓိကကောက်ပဲသီးနှံအဖြစ် စိုက်ပျိုးထုတ်လုပ်သွားရန်ဆုံးဖြတ်ခဲ့သည်။ ၂၀၂၁ ခုနှစ်တွင် တောင်ပိုင်းပြွန်ဂန်ပြည်နယ်၌ ပြောင်းနှင့် အားလူးခင်းများနေရာတွင် ဂျုံစိုက်ပျိုးမှု ၃၀ ရာခိုင်နှုန်းထိ တိုးချဲ့ခဲ့သည်။ အကျိုးဆက်အနေဖြင့် ၂၀၂၂ ခုနှစ်တွင် ဂျုံထုတ်လုပ်မှု ၁၂ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်လာခဲ့ပြီး ပြောင်းထုတ်လုပ်မှုနှင့် အားလူးထုတ်လုပ်မှုတို့သည် ၂၀၂၁ ခုနှစ်ကအောက် ၁ ဒသမ ၃ ရာခိုင်နှုန်းနှင့် ၁၄ ရာခိုင်နှုန်းအသီးသီး ကျဆင်းသွားခဲ့သည်။

လွန်ခဲ့သောနှစ်များအတွင်း မြောက်ကိုရီးယားနိုင်ငံသည် မိုးရွာသွန်းမှုနှင့် ရာသီဥတုစွတ်စိုမှုတို့ကြောင့် အားလူးသိုလှောင်ထိန်းသိမ်းရာတွင် အခက်အခဲကြုံတွေ့ခဲ့ရသည်။ သို့သော် ဂျုံသည်သိုလှောင်ရန် လွယ်ကူပြီး ဂျုံမှုန့်ကို ဝေးကွာသောဒေသများသို့ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးနိုင်ပေသည်။ ထို့ကြောင့် ရေရှည်တွင် ဂျုံစိုက်ပျိုးခြင်းသည် ဓာတ်မြေဩဇာအသုံးပြုမှုကိုလည်း လျော့ချသွားနိုင်မည်ဖြစ်သည်။ ထို့ပြင် မကြာသေးမီကပင် မြောက်ကိုရီးယားနိုင်ငံတွင် စားသောက်မှုပုံစံ ပြောင်းလဲလာပြီဖြစ်သည်။ ဆန်၊ ပြောင်းနှင့် အားလူးတို့နေရာတွင် ဆန်နှင့်ဂျုံတို့ကို အဓိကအစားအစာအဖြစ် တဖြည်းဖြည်းချင်း အစားထိုးစားသုံးလာပြီဖြစ်သည်။ အထူးသဖြင့် ခေါက်ဆွဲ၊ ပေါင်မုန့်နှင့် မုန့်မျိုးစုံတို့သည် လူငယ်များနှင့်လူလတ်တန်းများကြားတွင် ပိုမိုရေပန်းစားလာခဲ့သည်။

**စိန်ခေါ်မှုများ**

မည်သို့ပင်ဆိုစေ ပြောင်းနှင့်အားလူး စိုက်ပျိုးမှုလျှော့ချပြီး ဂျုံစိုက်ပျိုးမြေတိုးချဲ့ရေးလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေးသည် မြောက်ကိုရီးယားနိုင်ငံအတွက် စိန်ခေါ်မှုများစွာ ကျန်ရှိနေဆဲပင်ဖြစ်သည်။ ပထမဆုံးအချက်အနေဖြင့် မြောက်ကိုရီးယားနိုင်ငံတွင် ဂျုံစိုက်ပျိုးမည့်မြေများမှာ ပြောင်းနှင့်အာလူး စိုက်ပျိုးသည့်နေရာများပင်ဖြစ်သည်။ ထို့ကြောင့် အနာဂတ်တွင် ပြောင်းနှင့်အာလူးထုတ်လုပ်မှု ဆက်လက်ကျဆင်းလာဖွယ်ရာရှိသည်။ သို့သော် မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ဂျုံထုတ်လုပ်မှုတိုးမြှင့်သွားနိုင်မလားဆိုသောအချက်မှာမူ အာမခံချက်ပေးနိုင်မည်မဟုတ်ချေ။

အကြီးမားဆုံးပြဿနာမှာ မျိုးစေ့အခက်အခဲကြောင့် ဂျုံစိုက်ပျိုးရန်ပြင်ဆင်ထားသော မြေအားလုံးကို အပြည့်အဝစိုက်ပျိုးနိုင်ခဲ့ခြင်းမရှိပေ။ ထို့ကြောင့် ယခုနှစ်အတွင်း ဂျုံအပြည့်အဝစိုက်ပျိုးနိုင်ရေးအတွက် မျိုးစေ့များစုဆောင်းလျက်ရှိရာ တိုင်းပြည်၏ ရေ၊ မြေ၊ ရာသီဥတုနှင့် လိုက်လျောညီထွေရှိသော မျိုးစေ့များပြုစုပျိုးထောင်လျက်ရှိသည်။ မျိုးစေ့များသည် ရာသီဥတု၊ ရေ၊ မြေနှင့်ကိုက်ညီရမည့်အပြင် ပိုးမွှားဒဏ်ခံနိုင်ပြီး အထွက်နှုန်းလည်း တိုးတက်ရန်လိုအပ်သည်။

❖ ပြောင်းနှင့်အာလူးစိုက်ပျိုးမှုလျှော့ချပြီး ဂျုံစိုက်ပျိုးမြေတိုးချဲ့ရေးလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေးသည် မြောက်ကိုရီးယားနိုင်ငံအတွက် စိန်ခေါ်မှုများစွာကျန်ရှိနေဆဲပင်ဖြစ်သည်။ ပထမဆုံးအချက်အနေဖြင့် မြောက်ကိုရီးယားနိုင်ငံတွင် ဂျုံစိုက်ပျိုးမည့်မြေများမှာ ပြောင်းနှင့်အာလူး စိုက်ပျိုးသည့်နေရာများပင်ဖြစ်သည်။ ထို့ကြောင့် အနာဂတ်တွင် ပြောင်းနှင့်အာလူးထုတ်လုပ်မှု ဆက်လက်ကျဆင်းလာဖွယ်ရာရှိသည်။ သို့သော် မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ဂျုံထုတ်လုပ်မှု တိုးမြှင့်သွားနိုင်မလားဆိုသောအချက်မှာမူ အာမခံချက်ပေးနိုင်မည် မဟုတ်ချေ။ ❖

ဒုတိယအချက်မှာ မြောက်ကိုရီးယားနိုင်ငံသည် ဂျုံစိုက်ပျိုးထုတ်လုပ်ရေးအတွက် စက်ယန္တရား၊ ဓာတ်မြေဩဇာ၊ လျှပ်စစ်နှင့် လုံလောက်သောကုန်လှောင်ရုံများကဲ့သို့သော နည်းပညာအခက်အခဲများနှင့်လည်း ရင်ဆိုင်ရလျက်ရှိသည်။ သို့သော် ပြည်ပပိတ်ဆို့မှုများအပြင် နယ်စပ်ဂိတ်များကိုလည်း ပိတ်ဆို့ထားသဖြင့် မြောက်ကိုရီးယားနိုင်ငံအနေဖြင့် လယ်ယာသုံးပစ္စည်းများကို အလွယ်တကူဖြင့်တင်သွင်းနိုင်မည်မဟုတ်ချေ။

တတိယအချက်မှာ ပူပြင်းခြောက်သွေ့မှုများနှင့် မိုးအဆက်မပြတ် ရွာသွန်းခြင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်များသည် လာမည့်နှစ်များအတွင်း ဂျုံရိတ်သိမ်းခြွေလှေ့မှုလုပ်ငန်းစဉ်များအပေါ် ထိခိုက်ဆုံးရှုံးမှုဖြစ်ပေါ်စေနိုင်သည်။ ထို့ကြောင့် မြောက်ကိုရီးယားသည် လယ်ယာစိုက်ပျိုးရေးအတွက် မိုးလေဝသအခြေအနေများကို ကြိုတင်ခန့်မှန်းခြင်း၊ သိပ္ပံနည်းကျရေစီမံခန့်ခွဲမှုစနစ်ထူထောင်ခြင်းလုပ်ငန်းများကို အစိုးရ၏အရေးပါသောမူဝါဒလုပ်ငန်းတစ်ရပ်အဖြစ် ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

ထိုကဲ့သို့ ကြိုးပမ်းမှုများလုပ်ဆောင်ခဲ့သည့်တိုင်အောင် ဂျုံစိုက်ပျိုးထုတ်လုပ်မှုသည် မျှော်မှန်းထားသလောက်မရရှိလျှင် ပြောင်းနှင့်အာလူးထုတ်လုပ်မှုကျဆင်းလာသည့်အတွက် အနာဂတ်တွင် စားနပ်ရိက္ခာပြတ်လပ်မှု ပိုမိုမြင့်တက်လာနိုင်ပေသည်။ အမှန်တော့ ပြောင်းဆန်နှင့် အာလူးတို့သည် မြောက်ကိုရီးယားကျေးလက်ဒေသရှိ ပြည်သူများအတွက် ဈေးနှုန်းသက်သာသည့်အပြင် အလွယ်တကူလည်း ဝယ်ယူရရှိနိုင်ပြီး အာဟာရလည်းပြည့်ဝလျက်ရှိသည်။

**ဖွံ့ဖြိုးတိုးတက်မှုမျှော်မှန်းချက်များ**

မည်သို့ပင်ဆိုစေ မြောက်ကိုရီးယားနိုင်ငံတွင် ဂျုံစိုက်ပျိုးထုတ်လုပ်ရေးအတွက် စိန်ခေါ်မှုနှင့်အခွင့်အလမ်းများစွာရှိနေသည်။ သို့သော် မြောက်ကိုရီးယားအနေဖြင့် စိုက်ပျိုးထုတ်လုပ်မှုပြုပြင်ပြောင်းလဲရာတွင် တိုးတက်မှုဖော်ဆောင်နိုင်မည်ဆိုလျှင် ဂျုံစိုက်ပျိုးထုတ်လုပ်မှုသည် မြောက်ကိုရီးယား၏ စားနပ်ရိက္ခာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့်အပြင် စားနပ်ရိက္ခာလည်း ပိုမိုပံ့ပိုးပေးနိုင်မည်ဖြစ်သည်။ ထို့ပြင် ပြည်ပ အထောက်အပံ့မယူဘဲ ပြုပြင်ပြောင်းလဲမှုဖြင့် စားနပ်ရိက္ခာလိုအပ်ချက်ဖြေရှင်းခြင်းသည် ကင်ဂျုံအန်ကို ၎င်း၏ခေါင်းဆောင်မှုနေရာ ပိုမိုခိုင်မာအားကောင်းရေးအတွက် အပြောင်းအလဲတစ်ရပ်ဖြစ်လာစေမည့်အပြင် စီးပွားရေးအကျပ်အတည်းကြောင့် ဖြစ်တင်ဝေဖန်ခံနေရသည့် ၎င်း၏အစိုးရအပေါ်တွင်လည်း ပြည်သူများ၏သစ္စာစောင့်သိမှု မြင့်တက်လာစေနိုင်ပေသည်။


ထိုသို့သောအခြေအနေမျိုးတွင် မြောက်ကိုရီးယားအနေဖြင့် စားနပ်ရိက္ခာနှင့်စီးပွားရေးအကျပ်အတည်းများမရှိဘဲ ချူကလီးယားလက်နက်များ တိုးတက်ထုတ်လုပ်မှုကို အရှိန်အဟုန်ဖြင့်အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ ထိုသို့ လုပ်ဆောင်ခြင်းအားဖြင့် ချူကလီးယားဆွေးနွေးပွဲများအတွက် အခွင့်အလမ်းများနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ငြင်းဆန်သွားမည့်အပြင် အနာဂတ်တွင် ကိုရီးယားကျွန်းဆွယ်ပြန်လည်ပေါင်းစည်းရေး အစီအစဉ်မှာလည်း မှေးမှိန်သွားဖွယ်ရာရှိနေသည်။

**ကိုးကား -**

- Can Wheat Save North Korea From A Food Crisis? by The Diplomat.

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# ကျောက်တံတားမြို့နယ် Three Season Beauty Studio & Gallery တွင် 4 Stars အွန်လိုင်းပန်းချီပြပွဲ ပြသသွားမည်



**ရန်ကုန် မေ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ Three Season Beauty Studio & Gallery တွင် 4 Stars အွန်လိုင်းပန်းချီပြပွဲပြသသွားမည်ဖြစ်ကြောင်း အဆိုပါ Three Season Beauty Studio & Gallery ပြခန်းတာဝန်ခံ ဦးသတိုးအောင်က ပြောပြ၍ သိရသည်။

အဆိုပါ 4 Stars အွန်လိုင်းပန်းချီပြပွဲကို မေ ၂၇ ရက်မှ မေ ၆ ရက်ထိ ပြုလုပ်သွားမည်ဖြစ်ရာ ပြပွဲတွင် ပြသထားသည် ပန်းချီကားများကို ပြခန်းသို့ လူကိုယ်တိုင်လာရောက်ကြည့်ရှု ဝယ်ယူနိုင်ကြောင်း၊ ပန်းချီပြပွဲတွင် နာမည်ရ ဝါရင့်ပန်းချီဆရာများဖြစ်သည့် ဒါရိုက်တာ ပန်းချီစိုးမိုး၊ ပန်းချီဦးသက်ညွန့်၊ ပန်းချီဇော်ထွန်း၊ ပန်းချီဝင်းမြင့်မိုးတို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည့်လက်ရာစုံ၊ အရောင်အသွေးစုံ ပန်းချီကား ၂၀ ကို ပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဆရာကြီး ပန်းချီစိုးမိုးတို့၊ ဆရာကြီးဦးသက်ညွန့်တို့ရဲ့လက်ရာကောင်းတွေ မြင်ရမှာဖြစ်သလို ပန်းချီဇော်ထွန်းတို့၊ ပန်းချီဝင်းမြင့်မိုးတို့ရဲ့ လူငယ်အတွေး၊ လူငယ်ရေးဟန်တွေကလဲ ဆွဲဆောင်မှုရှိပါတယ်။ လူကြီးတွေရဲ့ သဘာဝနဲ့ လူငယ်တွေရဲ့ခွန်အားနဲ့ စိတ်ကူးစိတ်သန်းတွေကို မြင်ရအောင် ပန်းချီကားတွေကို ရွေးချယ်တင်ဆက်ထားပါတယ်"ဟု ဦးသတိုးအောင်က ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ(၂၄× ၂၄) လက်မ၊ (၃၆×၂၄) လက်မ၊ (၁၈×၂၄)လက်မ၊ (၁၈×၁၈)လက်မ စသည်ဖြင့် အရွယ်အစားအစုံပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံးငွေကျပ် ခုနစ်သိန်းမှ အများဆုံးငွေကျပ် သိန်း ၂၀ ထိ ရှိကြောင်း သိရသည်။

ASH

# It Ends With Us ဇာတ်ကား၌ မင်းသား ဘရန်ဒွန်ကလန်နာ ပါဝင်မည်ဖြစ်

**နယူးယောက် မေ ၂၂**

It Ends With Us အမည်ရှိ ဒရာမာဇာတ်ကား၌ မင်းသား ဘရန်ဒွန်ကလန်နာ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဆိုက်က မေ ၂၁ ရက်တွင် ရေးသားဖော်ပြထားသည်။

အဆိုပါဇာတ်ကားတွင် ဘရန်ဒွန်ကလန်နာသည် မင်းသမီးဘလိတ်လိုက်ဗလီ၊ မင်းသား ဂျပ်စတင်းဘယ်ဒိုနီတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

It Ends With Us ဇာတ်ကားကို မင်းသား ဂျပ်စတင်းဘယ်ဒိုနီကိုယ်တိုင် တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ထုတ်လုပ်သူအဖြစ်ပါ တွဲဖက်တာဝန်ယူမည်ဖြစ်သည်။

အဆိုပါဇာတ်ကားသည် အမေရိကန် စာရေးဆရာမ ကောလင်းဟိုးဗား၏ခေါင်းစဉ်တူ ဝတ္ထုကိုအခြေခံရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

It Ends With Us ဇာတ်ကားတွင် မင်းသား ဘရန်ဒွန်ကလန်နာသည် မူရင်းဝတ္ထုပါ အဓိကဇာတ်ကောင်တစ်ဦးဖြစ်သည့် အက်တလပ်ကော်ရီဂန်အဖြစ် သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

KKO




# အဆိုတော် ကောင်းဆက်၏ တိမ်တိုက်နတ်သမီး သီချင်း Music Video မေ ၂၇ ရက်တွင် ထွက်ရှိမည်ဖြစ်

**ရန်ကုန် မေ ၂၂**

တစ်ချိန်က နာမည်ကျော်ကြားလူသိများခဲ့သည့် အဆိုတော် ကောင်းဆက်၏ တိမ်တိုက်နတ်သမီးတေးသီချင်း Music Video (MV) မေ ၂၇ ရက်တွင် ထွက်ရှိမည်ဖြစ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။




ပရိသတ်အားပေးမှုရရှိထားသည့် Rock အဆိုတော် ကောင်းဆက်သည် မေ ၂၆ ရက်တွင်ကျရောက်မည့် ၎င်း၏အသက် ၅၈ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် တိမ်တိုက်နတ်သမီးသီချင်း Music Video ကို အဆိုတော်ရာဇတ်နှင့်အတူ သီဆိုထားကာ Iron Cross တီးဝိုင်းက တီးခတ်ပေးထားကြောင်း သိရသည်။

"ကျွန်တော့်ရဲ့တစ်ချိန်က ပရိသတ်အကြိုက်တွေ့ခဲ့တဲ့ သီချင်းလေးဖြစ်တယ်။ Iron Cross က လဲ မေ ၂၇ ရက်မှာ ဂီတသက်တမ်း ၃၃ နှစ်ပြည့်ပါတယ်။ ကိုယ့်မွေးနေ့အနေနဲ့ ပရိသတ်ကိုလက်ဆောင်ပေးတဲ့သဘောပါ။ ကိုယ်ကကြားထဲမှာ သီချင်းတွေမဆိုဖြစ်ခဲ့ဘူး။ တီးဝိုင်းကိစ္စတွေလုပ်နေတယ်။ ရာဇတ်ကလဲ နှစ်ယောက်ပြန်ဆိုချင်တယ်ဆိုတော့ ပြန်ဆိုကြတာပါ။ ဒီသီချင်းကတော့ ကိုယ့်ရဲ့အောင်မြင်ခဲ့တဲ့ သီချင်းလဲဖြစ်ပါတယ်"ဟု အဆိုတော် ကောင်းဆက်က ပြောပြသည်။

အမြင့်ဆုံးမှာ၊ အပြစ်ရှိလား၊ ချစ်ခြင်းကိုမခွဲပါနဲ့ သီချင်းများနှင့် ပရိသတ် အားပေးမှုရရှိခဲ့သည့် Rock အဆိုတော် ကောင်းဆက်သည် လက်ရှိကာလတွင် ကိုယ်တိုင်ရေး ကိုယ်ပိုင်သံစဉ်တေးသီချင်း အပုဒ် ၂၀ ကျော်ရေးသားထားပြီး သီချင်းသစ်များကို Single Song အနေဖြင့် ပရိသတ်ကိုတင်ဆက်ပေးသွားမည်ဖြစ်ကြောင်း၊ ၎င်းသည် ၁၉၈၇ ခုနှစ်တွင် ဂီတလောကထဲရောက်ခဲ့ပြီး ၁၉၉၂ ခုနှစ်မှစတင်ကာ စိတ်ကူးနိဒါန်း၊ သူရဲကောင်းဝိညာဉ်၊ မှော်မင်းသမီး စသည့်တေးစီးရီးများ ထွက်ရှိထားကြောင်း သိရသည်။

ASH

# Hollywood Heist ဇာတ်ကားတွင် မင်းသား အဲလက်ဘယ်ဒွင်း သရုပ်ဆောင်မည်

**နယူးယောက် မေ ၂၂**

Rust ဇာတ်ကား ရိုက်ကွင်း မတော်တဆ သေနတ်ကျည်ထွက်မှုပြဿနာစွဲချက်များမှ ကင်းလွတ်ခဲ့ပြီးနောက် မင်းသားကြီး အဲလက်ဘယ်ဒွင်းသည် Hollywood Heist ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Screen Rant သတင်းဝက်ဆိုက်က မေ ၂၁ ရက်တွင် ရေးသားတင်ပြထားသည်။

မင်းသားကြီး အဲလက်ဘယ်ဒွင်းသည် ၂၀၂၁ ခုနှစ် အောက်တိုဘာလတွင် Rust ဇာတ်ကားရိုက်ကွင်းတစ်ခု၌ ၎င်းကိုင်ဆောင်ထားသော ဇာတ်ဝင်ခန်းသုံးသေနတ်မှ ကျည်များမတော်တဆထွက်ခဲ့ရာ ကင်မရာမင်းတစ်ဦးသေဆုံးခဲ့ရပြီး အဲလက်ဘယ်ဒွင်းမှာလည်း ရာဇဝတ်မှုစွဲချက်များဖြင့် ရင်ဆိုင်ခဲ့ရသည်။

သို့ရာတွင် လက်ရှိ၌ မင်းသား အဲလက်ဘယ်ဒွင်းသည် Rust ဇာတ်ကားရိုက်ကွင်းသေနတ်ကျည်ထွက်မှုစွဲချက်များမှ လွတ်ကင်းသွားပြီဖြစ်ရာ Hollywood Heist ဟာသဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

Hollywood Heist ဟာသဇာတ်ကားတွင် မင်းသား အဲလက်ဘယ်ဒွင်းသည် မင်းသားနစ်ကင်ဒွန်၊ မစ်ကေးရောကီ၊ ပေါ်စလုန်းတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ အဆိုပါဇာတ်ကားကို ဒါရိုက်တာမိုက်ဟက်တန်က တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

KKO



# ပြည်ပရှိ မြန်မာအမှတ်တရပစ္စည်းအရောင်းဆိုင်များသို့ ခြူးညီနောင်ပန်းပုရုပ်များ တင်ပို့မည်

**ရန်ကုန် မေ ၂၂**

ပြည်ပရှိ မြန်မာအမှတ်တရပစ္စည်းအရောင်းဆိုင်များသို့ တောကြီးပိတောက်သားဖြင့် ထုလုပ်ထားသည့် ခြူးညီနောင် ပန်းပုရုပ်များ တင်ပို့မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ်ရှိ မြန်မာမဏ္ဍိုင် အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းစင်တာမှ မန်နေးဂျင်းဒါရိုက်တာ ဦးမောင်မောင်အေးက ပြောပြ၍ သိရသည်။

ထိုင်းနိုင်ငံ မယ်ဆိုင်နှင့် ချင်းမိုင်တွင် မြန်မာနိုင်ငံသားများ ဖွင့်လှစ်ထားသည့် မြန်မာအမှတ်တရပစ္စည်း အရောင်းဆိုင်များသို့ လာမည့်မေလတွင် တောကြီးပိတောက်သားဖြင့် ထုလုပ်ထားသည့် မြန်မာပန်းပုလက်ရာ ခြူးညီနောင် ပန်းပုရုပ်များကို ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

"ထိုင်းနိုင်ငံမှာရှိတဲ့ မယ်ဆိုင်မြို့နဲ့ ချင်းမိုင်မြို့တွေမှာရှိတဲ့ မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်တွေကို မြန်မာ့ပန်းပုလက်ရာဖြစ်တဲ့ အလျား ၂၀၊ အမြင့် ရှစ်လက်မ၊ ၃ ငါးလက်မအရွယ်အစား ခြူးညီနောင်ပန်းပုရုပ်အစုံ ၅၀ တင်ပို့ရမှာဖြစ်ပါတယ်။ ဆေးရောင်ပါတင်ပေးရမှာပါ။ ကျွန်တော်တို့ကိုယ်ပိုင်အလုပ်ရုံမှာပဲ ပြုလုပ်မှာဖြစ်ပါတယ်"ဟု ဦးမောင်မောင်အေးက ပြောပြသည်။

မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းများကို ပြည်တွင်းရှိ အမှတ်တရ ပစ္စည်းအရောင်းဆိုင်များသာမက ကျိုက်ဂေါင်၊ မဲဆောက်၊ မယ်ဆိုင် စသည့်မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့်နိုင်ငံများရှိ နယ်စပ်မြို့များတွင် ဖွင့်လှစ်ထားသည့် မြန်မာအမှတ်တရပစ္စည်းအရောင်းဆိုင်များသို့လည်း တင်ပို့လျက်ရှိကြောင်း သိရသည်။ ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing comforts victims of tornado-hit villages in Leway Township and provides necessary assistance


Senior General Min Aung Hlaing observes the tornado-hit area.


Senior General Min Aung Hlaing hears report on the extent of damage caused by the tornado.


Senior General Min Aung Hlaing comforts a patient.


Senior General Min Aung Hlaing comforts a patient.

**Nay Pyi Taw April 22**

A tornado occurred at Leway Township, Nay Pyi Taw Council Area at 6.20pm on 21 April, destroyed 155 homes, one school, one rural dispensary and one monastery in Aungmyingon village, and 77 homes and one monastery in TadaU village. Moreover, 113 locals were injured and another six killed by the twister.

Tatmadawmen of local units, members of Myanmar Police Force and fire brigades, departmental personnel and volunteers were carrying out emergency relief measures and sending the injured to nearby hospitals in the villages hit by the tornado.

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by SAC Secretary Lt-Gen Aung Lin Dway, union ministers, the Nay Pyi Taw Council chairman, senior military officers from Office of Commander-in-Chief, the Nay Pyi Taw Command commander and officials, observed the ongoing emergency relief measures and consoled the victims.

At Aungmyingon village, the Senior General and party met village administrator U Tin Aung and tornado victims and gave words of encouragement and presented cash assistance for the villagers who died in the disaster through the officials. The Senior General urged officials to rebuild the destroyed schools before the start of the new academic year, renovate the monasteries, and establish systematic public housing quarters with necessary assistance provided by Ministry of Social Welfare, Relief and Resettlement, the Nay Pyi Taw Council, and Nay Pyi Taw Command, and to provide emergency food aid and other necessary assistance for tornado victims.

The Senior General and party observed the tornado-hit school, monastery and homes in Aungmyingon village and urged officials to provide assistance.


Senior General Min Aung Hlaing asks after the health of a tornado victim.

At the 1000-bed general hospital in Nay Pyi Taw, the Senior General and party comforted the warded victims and provided them with food individually and looked into the requirement. 100

# Companies invited to submit EOIs for rice and broken rice exports to China



A warehouse full of bags of rice.

**Nay Pyi Taw April 22**

Rice companies have been invited to register for rice and broken rice exports to China by submitting an expression of interest-EOI), according to sources released by Myanmar Rice Federation on 19 April.

There will be annual scrutiny and registration for companies to export rice and broken rice to China in accord with the Sanitary and Phytosanitary (SPS) Protocol.

Therefore, interested companies are invited to submit their EOIs and forms are available at the Agriculture Department under the Ministry of Agriculture, Livestock and Irrigation or the Technical Working Group of Myanmar Rice Federation.

Both hard and soft copies (word files) of EOIs need to be submitted by 19 May this year. In the export sector, most of Myanmar's rice and broken rice go to China. Some of the customer countries buy rice only while some buy broken rice only, both of them go via maritime and border routes.

But, China buys both rice and broken rice from Myanmar via both trade routes. In March this year, 12,882 tons of rice and 25,580 tons of broken rice were sold to China. 336

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Sugar mills in Toungoo District crush sugarcane meeting target this year

**Toungoo April 22**

The Consumer Affairs Department on 19 April stated that sugar mills in Toungoo met the target of crushing sugarcane this season.

Four sugar mills are being operated Bago Region, namely Aung Chan Tha and Myohla sugar mills in Yedashe Township, Bawdigon sugar mill in Ottwin Township and Zeyawady sugar mill in Pyu Township.

This season, four sugar mills set a target of crushing sugarcane. So, Aung Chan Tha sugar mill set a target to crush 65,000 tons of sugar cane, Myohla sugar mill 120,000 tons, Bawdigon sugar mill 70,000 tons and Zeyawady sugar mill 50,000 tons, totalling 305,000 tons.

This season, four all sugar mills could crush sugarcane meeting the target. In this year, Aung Chan Tha sugar mill subsidized local farmers with K300,000 per ton of sugarcane. Myohla sugar cane did not subsidize the farmers but bought the stocks in cash down.

These sugar mills bought K85,000 per ton of sugarcane. During the period, Bawdigon and Zeyawady sugar mills issued K350,000 per acre to local farmer in cultivation period.

Then, sugarcane was bought at K85,000 per ton at the mill and K67,000 per ton at the field. 336



Trucks carrying sugarcanes.

# More than 1,500 mangrove plants grown in Sanwingon, Myon-ohnkyun and Kyaohchaung in An Township

**An April 22**

More than 1,500 mangrove plants were cultivated in Sanwingon, Myon-ohnkyun and Kyaohchaung of An Township in Rakhine State in commemoration of the Maha Thingyan festival from 14 to 19 April, said U Myo Lwin, member of An Township Environmental Conservation Body in Rakhine State.

More than 30 people participated in cultivation of mangrove plants there in order to prevent mangrove forests in An Township.

"Primarily, we regrow mangrove plants at the depleted area of mangrove forests. We saw the situation of deforestation at mangrove plantations in Sanwingon due to extraction of sand and gravels. Depletion of mangrove plantations is also based on undisciplined cutting of plants to be used as firewood. Moreover, local people cut the plants to use them in construction of buildings," he added.

A total of 395,726 acres of mangrove forests are thriving in Rakhine State, over 5,300 acres of which are located in Maungtaw District, over 7,000 acres in Sittway District over 148,000 acres in MraukU District, over 83,000 acres in Kyaukpyu District and over 83,000 acres in Thandwe District, according to the Rakhine State Forest Department.

Wunphike mangrove forests in Yanbye and Kyaukpyu townships is located on more than 150,000 acres of land. ASH

# Kayin State decides to transform 1,000 farmlands into mechanized farmlands in 2023-24 FY

**Hpa-an April 22**

The Ministry of Agriculture, Livestock and Irrigation stated that a plan is underway to transform 1,000 acres of farmlands into the mechanized farms in Kayin State in 2023-24 financial year.

The Agricultural Mechanization Department is implementing the mechanized farmlands across the nation.

In this regard, vacant and fellow lands will be transformed into the mechanized farmlands in Kayin State.

During the period from 2012-13 to 2021-22 financial years, a total of 4,952 acres of farmlands were transformed into the mechanized farmlands and 400 vacant and fellow lands to 500 acres of mechanized farmlands in 2022-23 fiscal year.

In 2022-23 financial year, 195 acres of land were reclaimed as mechanized farmlands in Taungthugon Village of Hpa-an Township, 150 acres in Kawmuta Village and 155 acres in Kawthin Village, totalling 500.

In 2022-23 FY, 100 acres of land was reclaimed as mechanized farmlands in Yathebyan Village of Hpa-an Township and 300 acres in Kawmyatgyi Village in Hlaingbwe Township, totalling 400.

Furthermore, a plan is underway to reclaim 1,000 acres of vacant and virgin lands in Kayin State as 300 cares of mechanized farmlands in Maukmalar Village of Hpa-an Township, 300 more acres in Htangon Village of Hlaingbwe Township and 150 acres in Ywagaingtaung Village, and 250 acres in Kawta Village of Kawkareik Township. 336

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## Boeing ကုမ္ပဏီက F/A-18 Super Hornet တိုက်လေယာဉ်အဆင့်မြှင့်တင်ရန် ကန်ဒေါ်လာ ၃၁၃ သန်းစာချုပ် လက်ခံရရှိ



Boeing ကုမ္ပဏီသည် အမေရိကန်ရေတပ်၏ F/A-18 E/F Super Hornet ဘက်စုံသုံးတိုက်လေယာဉ်ကို အဆင့်မြှင့်တင်ရန်အတွက် အမေရိကန်ဒေါ်လာ ၃၁၃ ဒသမ ၄ သန်းတန် စာချုပ်ကို လက်ခံရရှိခဲ့ကြောင်း မေ ၂၀ ရက်က The Defense Post တွင် ရေးသားဖော်ပြထားသည်။

Boeing ကုမ္ပဏီသည် ပျံသန်းမှု နာရီ ၆၀၀၀ မှ ၁၀၀၀၀ ထိ Super Hornets တိုက်လေယာဉ် ၂၅ စင်း၏ဝန်ဆောင်မှုသက်တမ်းကို တိုးမြှင့်ပေးသွားမည်ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန၏အဆိုအရ သိရသည်။

Non-Recurring Engineering (NRE) နှင့် System Engineering စီမံကိန်းစီမံခန့်ခွဲမှုကိုလည်း ပံ့ပိုးပေးနိုင်လိမ့်မည်ဖြစ်သည်။ NRE သည် ထုတ်ကုန်အသစ်တစ်ခုထုတ်လုပ်ရန် သို့မဟုတ် ဒီဇိုင်းထုတ်ရန် တစ်ကြိမ်တည်း ကုန်ကျစရိတ်ကို ရည်ညွှန်းသော ကျယ်ပြန့်သောအသုံးအနှုန်းဖြစ်သည်။

ထို့ပြင် Super Hornet လေယာဉ်တွင် ၎င်း၏စွမ်းဆောင်ရည်ကို မြှင့်တင်ရန်အတွက် Block III Avionics လေကြောင်း နည်းပညာများ ထည့်သွင်းအသုံးပြုထားသည်။

စာချုပ်အတွက် လုပ်ငန်းအများစုကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီတွင်ပြီးစီးရန် မျှော်လင့်ထားပြီး Texas ပြည်နယ်ရှိ စက်ရုံများတွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

Boeing ၏ F/A-18 E/F Super Hornet တိုက်လေယာဉ်တွင် F414-GE-400 တာဘိုဖန် အင်ဂျင်နှစ်လုံးပါရှိပြီး Mach 1.8 နှုန်းဖြင့် ပျံသန်းနိုင်မည်ဖြစ်သည်။

၎င်းတွင် Vulcan 20mm အမြောက်၊ AIM 9 Sidewinder၊ AIM 7 Sparrow နှင့် Harpoon ဒုံးကျည်များအပါအဝင် စွမ်းအားမြင့်လက်နက်များ သယ်ဆောင်တိုက်ပွဲဝင်နိုင်မည်။

နောက်ဆုံးပေါ် Block III အဆင့်မြှင့်တင်မှုတွင် အဆင့်မြင့်လေယာဉ်မှူးခန်းစနစ်၊ ရေဒါဖြတ်ပိုင်းဧရိယာလျှော့ချခြင်းနှင့် ကွန်ရက်ချိတ်ဆက်လုပ်ဆောင်မှုအခြေခံအဆောက်အအုံတို့ ပါဝင်သည်။

ယခုနှစ်အစောပိုင်းတွင် Boeing ကုမ္ပဏီအနေဖြင့် F/A-18 Super Hornet တိုက်လေယာဉ်ကို ၂၀၂၅ ခုနှစ်နှောင်းပိုင်းတွင် ထုတ်လုပ်တော့မည်မဟုတ်ကြောင်း ကနဦးအစက ကြေညာခဲ့သည်။

သို့သော်လည်း လာမည့်နှစ်များအတွင်း အမေရိကန်ရေတပ်၏ စစ်ဆင်ရေးလိုအပ်ချက်များနှင့်ကိုက်ညီစေရန် တိုက်လေယာဉ်ကို အဆင့်မြှင့်တင်မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဟု ပြန်လည်ကတိပြုခဲ့ခြင်းဖြစ်သည်။

**Boeing Wins $313M F/A-18 Super Hornet Upgrade Contract ကို ဘာသာပြန်ဆိုထားပါသည်။**

## ဂျာမနီနိုင်ငံ Rheinmetall ကုမ္ပဏီက ဘက်စုံသုံးဒရုန်းကို ထုတ်ဖော်ပြသ

ဂျာမနီနိုင်ငံမှ Rheinmetall ကုမ္ပဏီသည် ထောက်လှမ်းခြင်းနှင့်တိုက်ခိုက်ရေးနှစ်မျိုးစလုံး အသုံးပြုနိုင်မည့် ဘက်စုံသုံးဒရုန်းကို မကြာသေးမီက ထုတ်ဖော်ပြသခဲ့ကြောင်း မေ ၂၀ ရက်က The Defense Post တွင် ရေးသားဖော်ပြထားသည်။

Rheinmetall ကုမ္ပဏီထုတ် တိုက်ခိုက်ရေးဒရုန်းသည် Luna NG ကင်းထောက်ဒရုန်းကို အခြေခံတည်ဆောက်ထားခြင်းဖြစ်ပြီး Hero-R အမျိုးအစား Loitering Munition ခဲယမ်းများကို သယ်ဆောင်တိုက်ပွဲဝင်နိုင်သည်ဟု Soldat & Technik ကုမ္ပဏီ၏ အဆိုအရသိရသည်။

Rheinmetall Combat Drone သည် မိမိတပ်ဖွဲ့များကို ကာကွယ်ရန်နှင့် နည်းဗျူဟာမြောက်စွာ သက်ဆိုင်ရာပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးရန်အတွက် တိုက်ပွဲအလှည့်အပြောင်းဖြစ်စေနိုင်သည့် တိုက်ခိုက်ရေးဒရုန်း အမျိုးအစားဖြစ်ကြောင်း ကုမ္ပဏီက ပြောကြားခဲ့သည်။

Payloads များအနေဖြင့် Effectors များသည် ဘက်စုံသုံးဒရုန်းကို အာရုံခံစနစ်မှ ပစ်လွှတ်တိုက်ခိုက်သည့်စနစ်သို့ ဆက်သွယ်ရေးစနစ်နှင့် စွမ်းဆောင်ရည်များဖြင့် အလွန်ထိရောက်သော ထောက်လှမ်းမှုနည်းလမ်းအဖြစ်သို့ ပြောင်းလဲပေးနိုင်မည်ဖြစ်သည်ဟု ကုမ္ပဏီက ထည့်သွင်းပြောကြားခဲ့သည်။

NG သည်လေထဲတွင် ၁၂ နာရီကြာ ပျံသန်းနိုင်စွမ်းရှိပြီး ဒေတာချိတ်ဆက်မှုအနေဖြင့် အကွာအဝေး ကီလိုမီတာ ၁၀၀ (၆၂ မိုင်) ထိ လုပ်ဆောင်နိုင်ကာ Luna ကင်းထောက်ဒရုန်းအမျိုးအစားများတွင် နောက်ဆုံးထုတ်မျိုးဆက်သစ် ကင်းထောက်ဒရုန်းလည်းဖြစ်သည်။ ဂြိုဟ်တုဆက်သွယ်ရေးအသုံးပြုကာ ဒရုန်း၏ကင်းထောက်လှမ်း၊ ပျံသန်းနိုင်သော အကွာအဝေးစွမ်းဆောင်ရည်များကို ပိုမိုမြင့်မားကောင်းမွန်စေရန် အထောက်အကူပြုနိုင်သည်။

ခိုင်ခံ့သော ဖိုက်ဘာမှန်ပေါင်းစပ်၍ ထုတ်လုပ်ထားသော ဒရုန်းသည် အလေးချိန်ကီလိုဂရမ် ၄၀ (၈၈ ပေါင်) ရှိပြီး အမြင့်မီတာ ၅၀၀၀ (၁၆၄၀၄ ပေ) ထိ ပျံသန်းစစ်ဆင်နိုင်စွမ်းရှိသည်။

ပြေးလမ်းမလိုအပ်သော ဒရုန်းကို ကြိုးဖြင့်လွှတ်တင်နိုင်သော လောက်လွှဲစနစ်ဖြင့် လေပေါ်သို့ပျံတက်စေနိုင်ကာ လေထီးဖြင့် မြေပြင်သို့ပြန်လည် ဆင်းသက်နိုင်ပြီး အသံပိုင်းဆိုင်ရာ၊ အပူပိုင်းနှင့် ရေဒါအမှတ်အသားနည်းပါးသော ဝိသေသအင်္ဂါရပ်များ ပိုင်ဆိုင်ထားသည်။



**Rheinmetall Unveils Multi-Purpose ‘Game Changer’ Drone ကို ဘာသာပြန်ဆိုထားပါသည်။**

## အစ္စရေးက ယူကရိန်း၌ ကြိုတင်သတိပေးစနစ်တစ်ခုကို စမ်းသပ်မည်

အစ္စရေးနိုင်ငံသည် လာမည့်လတွင် ယူကရိန်း၌ ကြိုတင်သတိပေးစနစ်တစ်ခုကို စမ်းသပ်သွားမည်ဟု Axios သတင်းဌာနက မေ ၂၀ရက်တွင် ရေးသားဖော်ပြထားသည်။

အဆိုပါစနစ်သည် ယူကရိန်း၏လက်ရှိဒုံးကျည်ထောက်လှမ်းမှု နည်းပညာထက်ပိုမိုစွမ်းဆောင်နိုင်သည်ဟု သတင်းများထွက်ပေါ်နေသော်လည်း ဝင်ရောက်လာသည့် ရန်သူ့ဒုံးကျည်ပစ်ခတ်မှုများကို ရပ်တန့်၊ ဟန့်တားနိုင်လိမ့်မည်မဟုတ်ကြောင်း သိရသည်။



မကြာသေးမီလများအတွင်း အစ္စရေးစစ်ဘက်အရာရှိများသည် ပိုလန်နိုင်ငံတွင် ယူကရိန်းအရာရှိများနှင့် အကြိမ်များစွာတွေ့ဆုံခဲ့ပြီး အဆိုပါကြိုတင်သတိပေးစနစ်ကို စမ်းသပ်စစ်ဆေးနိုင်ရေးအတွက် စီစဉ်ခဲ့ကြကြောင်း ယူကရိန်းနှင့်အစ္စရေး နှစ်နိုင်ငံမှတာဝန်ရှိသူများကို ကိုးကား၍ Axios သတင်းဌာနက ဖော်ပြခဲ့သည်။

စမ်းသပ်မှုကို ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့တော်တွင်ပြုလုပ်မည်ဖြစ်ပြီး အောင်မြင်ပါက အခြားသော ယူကရိန်းမြို့များသို့ တိုးချဲ့လုပ်ဆောင်သွားမည်ဖြစ်သည်။

ကြိုတင်သတိပေးစနစ်၏ ဗားရှင်းအမျိုးမျိုးကို ၂၀၀၅ ခုနှစ်ကတည်းက အစ္စရေးနိုင်ငံတွင် စတင်အသုံးပြုခဲ့ခြင်းဖြစ်သည်။

၎င်းသည် ဒုံးပျံများ၊ ဒုံးကျည်များနှင့် ဒရုန်းများကို ထောက်လှမ်းရန်၊ ၎င်းတို့ကိုယ်စားပြုသည့် အရွယ်အစားနှင့် ခြိမ်းခြောက်မှုတို့ကို စိစစ်၊ ခွဲခြားသတ်မှတ်ရန်နှင့်အန္တရာယ်ရှိသည့် ဧရိယာများကိုမြေပုံပေါ်တွင် Pinpointထောက်၍ သတ်မှတ်ဖော်ပြနိုင်ရန် ရေဒါနှင့် Electro-Optic-devices များ ရောနှောအသုံးပြုထားသည့်စနစ်ဖြစ်ကြောင်း The Times of Israel သတင်းဌာန၏အစီရင်ခံစာအရသိရသည်။ ထို့နောက် အဆိုပါနေရာများတွင်နေထိုင်သူများသည် ၎င်းတို့ကိုခိုလှုံရာရှာရန် အကြံပေးသည့် စမတ်ဖုန်း၊ တီဗွီ သို့မဟုတ် ရေဒီယိုတို့မှတစ်ဆင့် သတိပေးချက်များကို လက်ခံရရှိမည်ဖြစ်သည်။

Axios ၏ သတင်းဌာနက အဆိုပါစနစ်ကို အစ္စရေးနိုင်ငံနှင့် နှိုင်းယှဉ်ပါက ယူကရိန်း၏ ကျယ်ပြန့်သောမြေဧရိယာနှင့် ရုရှားတပ်ဖွဲ့များအသုံးပြုသည့် ဒုံးကျည်များနှင့်မောင်းသူမဲ့လေယာဉ်များကို ထောက်လှမ်းရန်ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ရုရှားထုတ်စနစ်များသည် ပါလက်စတိုင်း စစ်သွေးကြွများအသုံးပြုသည့် Qassam ဒုံးကျည်များထက် ပိုမိုအဆင့်မြင့်သည့်အတွက်ဖြစ်ကြောင်း ရေးသား ဖော်ပြထားသည်။

အစ္စရေးနိုင်ငံတွင် Iron Dome လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်များဖြင့်ဝင်ရောက်လာသော ရန်သူ့ဒုံးကျည်များသည် မကြာခဏ တုံ့ပြန်ဖျက်ဆီးနိုင်ခဲ့သည်။ အစ္စရေးအစိုးရသည် ယူကရိန်းနိုင်ငံသို့ ထိုးစစ်လက်နက်များ ထောက်ပံ့ပေးရန် တရားဝင်ငြင်းဆိုထားသောကြောင့် ထိုကဲ့သို့ ကြားဖြတ်ဟန့်တားနိုင်မှုစွမ်းရည်ကိုမူ ပံ့ပိုးဆောင်ပေးလိမ့်မည်မဟုတ်ပေ။

အစ္စရေးကာကွယ်ရေးဝန်ကြီးဟောင်း Benny Gantz သည် ၂၀၂၂ ခုနှစ် အောက်တိုဘာလအတွင်း Iron Dome စနစ်များပေးပို့ရန် ယူကရိန်း၏တောင်းဆိုမှုကို အတိအလင်းပယ်ချခဲ့ပြီး ၎င်းတို့အစား ကြိုတင်သတိပေးစနစ်ကိုသာ ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။ အစ္စရေးဝန်ကြီးချုပ် Benjamin Netanyahu လက်ထက်တွင် အစ္စရေးသည် ၎င်းရပ်တည်ချက်ကို ဆက်လက်ထိန်းသိမ်းထားခဲ့ပြီး ဆီးရီးယားတွင် အစ္စရေးလေသူရဲများသည် လေကြောင်းတိုက်ခိုက်မှုပြုလုပ်ရန် ရုရှားလုပ်ဖော်ကိုင်ဖက်များနှင့်ဆက်သွယ်မှုအပေါ် မှီခိုနေရသည့်နေရာတွင် အခြေအနေရှိကြောင်း Netanyahu က ပြီးခဲ့သည့်လတွင် ရှင်းပြခဲ့သည်။ ထို့ကြောင့် ဤဆက်ဆံရေးအပေါ် ပြောင်းလဲသွားနိုင်မှုမှန်သမျှကို တားမြစ်ထားခြင်းလည်းဖြစ်သည်။

**Israel to test ‘warning system’ in Ukraine – media ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# တနင်္သာရီတိုင်းဒေသကြီး ရေထွက်ပို့ကုန်များကို လမ်းကြောင်းငါးခုဖြင့် ပြည်ပသို့တင်ပို့ရောင်းချပေးနေ



**ကော့သောင်း ဧပြီ ၂၂**

တနင်္သာရီတိုင်းဒေသကြီး ရေထွက်ပို့ကုန်များကို လမ်းကြောင်းငါးခုဖြင့် ပြည်ပသို့ တင်ပို့ရောင်းချပေးနေကြောင်း တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ သတင်းများအရ သိရသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် ရေထွက်ပို့ကုန်များကို ကော့သောင်းခရိုင်၊ ထားဝယ်ခရိုင်နှင့် မြိတ်ခရိုင်မှ အများဆုံးထုတ်လုပ်တင်ပို့ ရောင်းချပေးနေခြင်းဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီး အတွင်း ကမ်းဝေးငါးဖမ်းလှေအစီးရေ ၁၅၀၀ ကျော်ရှိနေပြီး ကော့သောင်းဒေသတွင် ဝိုင်းကြီးချုပ်(ဝါတန်း)ငါးဖမ်းလှေနှင့် ကင်းမွန်လှေအများဆုံး လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါဒေသများ၌ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးသည့်ရေထွက်ပို့ကုန်များတွင် ပင်လယ်ရေလုပ်ငန်းများမှဖမ်းဆီးရမိသည့် ငါးပုစွန်များအပြင် မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ငါးပုစွန်များလည်း ပါဝင်ပြီး အဆိုပါရေထွက်ပို့ကုန်များကို ပြည်ပသို့တင်ပို့ရောင်းချပေးရာတွင် ဒေသတွင်းနှင့် အနီးပတ်ဝန်းကျင်ရှိ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တင်ပို့ ရောင်းချပေးနေသကဲ့သို့ ရန်ကုန်မြို့ရှိ ရေထွက်ပို့ကုန်လုပ်ငန်း ကုမ္ပဏီများမှတစ်ဆင့် တင်ပို့ ရောင်းချပေးမှုများရှိနေကြောင်း သိရသည်။

ထို့ကြောင့် တနင်္သာရီတိုင်းဒေသကြီးမှ ရေထွက်ပို့ကုန်များကို ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်း၊ မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်း၊ မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်း၊ မော်တောင်နယ်စပ်ကုန်သွယ်ရေးစခန်းလမ်းကြောင်း လေးခုနှင့် ရန်ကုန်မြို့ရှိ ရေထွက်ပို့ကုန်လုပ်ငန်းကုမ္ပဏီများမှတစ်ဆင့် တင်ပို့ရောင်းချပေးသည့် လမ်းကြောင်းငါးခုဖြင့် တင်ပို့ရောင်းချပေးနေခြင်းဖြစ်ကြောင်း၊ ထိုသို့တင်ပို့ရောင်းချပေးရာတွင် ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းနှင့် မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တင်ပို့ရာတွင် ရေလမ်းခရီးဖြင့် တင်ပို့ရောင်းချပေးနေခြင်းဖြစ်ပြီး ကျန်လမ်းကြောင်းသုံးခုမှ တင်ပို့ရောင်းချပေးရာတွင် ကုန်းလမ်းခရီးဖြင့် တင်ပို့ ရောင်းချပေးနေခြင်းဖြစ်ကြောင်း သိရသည်။ **ချမ်းချမ်း**

# ဆင်ပေါင်ဝဲမြို့နယ် စာရပေ(အရှေ့)ကျေးရွာ၌ ဆိုလာစနစ်ဖြင့် ရေရရှိရေးဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ဆင်ပေါင်ဝဲ ဧပြီ ၂၂**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် စာရပေ(အရှေ့)ကျေးရွာ၌ သောက်သုံးရေ ဖူလုံစွာရရှိရေး နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ်ဖြင့် ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျနှင့်ဝန်ထမ်းများက ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာရေပေးရေးကော်မတီဝင်များနှင့်အတူ စာရပေ(အရှေ့)ကျေးရွာ၌ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဖြင့် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်တည်တံ့စေရန် ဝိုင်းဝန်းဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။

စာရပေ(အရှေ့) ကျေးရွာ သောက်သုံးရေ ဖူလုံစွာရရှိရေး အတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၄၆ ဒသမ ၄၃၇၅ သန်းဖြင့် အကျယ် လေးလက်မ၊ အနက်ပေ ၆၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ အမြင့်ပေ ၂၀ ရှိ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်း၊ ဆိုလာပြားများနှင့် ဆိုလာပန့် တပ်ဆင်ခြင်း၊ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် Pro Engineering ကုမ္ပဏီက ၂၀၂၂ ခုနှစ် စက်တင်ဘာလ ပထမပတ်က စတင်တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



အဆိုပါနေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ်ဖြင့် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၁၉၇ အိမ်၊ လူဦးရေ ၅၄၁ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်တို့အတွက် လာမည့်နွေကာလ သောက်သုံးရေအခက်အခဲများ အဆင်ပြေပြီဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# ချောက်မြို့နယ် ဩဇာတောကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ချောက် ဧပြီ ၂၂**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဩဇာတောကျေးရွာ၌ အိမ်တိုင်ရာရောက် ရေမီတာသုံးရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဧပြီ ၂၁ရက် ညနေပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်နှင့် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ဩဇာတောကျေးရွာ သောက်သုံးရေရရှိရေးကော်မတီဝင်များနှင့်အတူ အိမ်တိုင်ရာရောက်ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာသောက်သုံးရေရရှိရေး ကော်မတီဝင်များနှင့် တာဝန်ရှိရပ်မိရပ်ဖများကို သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်နိုင်ရေး အလေးထားစေလိုကြောင်း ပြောကြားခဲ့သည်။

ချောက်မြို့နယ် ဩဇာတောကျေးရွာ၌ အရှည် ၃၁၉၁၁ ပေရှိ အိမ်တိုင်ရာရောက် ရေပိုက်လိုင်းသွယ်တန်းခြင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နည်းပညာများပံ့ပိုးမှု၊ UNICEF က လိုအပ်သောရေပိုက်များပံ့ပိုးပေးမှု၊ ကျေးရွာမှလုပ်အားပူးပေါင်းပါဝင်မှုဖြင့် ယခုနှစ် မတ်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၄၁၃ အိမ်၊ လူဦးရေ ၁၆၉၆ ဦးတို့ သောက်သုံးရေကို အလွယ်တကူရရှိတော့မည်ဖြစ်ကြောင်း ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**နွဲ့ယဉ်**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၂-၄-၂၀၂၃

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၇၃၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၇၁၈၀၀၀ |
| **(ဖွဲ့ထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၀၂၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၁၀၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၀၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၉၅ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော် အထွေထွေရောဂါကုဆေးရုံကြီးစုတင်(၁၀၀၀)တွင် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် လေဘေးသင့်ပြည်သူများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး အားပေးစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အောင်မြင်ကုန်းကျေးရွာစာသင်ကျောင်းကို လိုက်လံကြည့်ရှုစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော် အထွေထွေရောဂါကုဆေးရုံကြီးစုတင်(၁၀၀၀)တွင် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် လေဘေးသင့်ပြည်သူများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး အားပေးစကားပြောကြားစဉ်။







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အောင်မြင်ကုန်းကျေးရွာ လူနေအိမ်များကို လိုက်လံကြည့်ရှုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော် အထွေထွေရောဂါကုဆေးရုံကြီးစုတင်(၁၀၀၀)တွင် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် လေဘေးသင့်ပြည်သူများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး အားပေးစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် သေဆုံးခဲ့ရသည့် အောင်မြင်ကုန်းကျေးရွာနှင့် တံတားဦးကျေးရွာမှ ပြည်သူများအတွက် ထောက်ပံ့ငွေများကိုပေးအပ်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော် အထွေထွေရောဂါကုဆေးရုံကြီးစုတင်(၁၀၀၀)တွင် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် လေဘေးသင့်ပြည်သူများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

၂၂ ရှေ့ဖုံးမှအဆက်

ထိုသို့ကူညီကယ်ဆယ်ရေးဆောင်ရွက်နေမှုများနှင့် လေဘေးသင့်ပြည်သူများကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် လယ်ဝေးမြို့နယ် အောင်မြင်ကုန်းကျေးရွာသို့ရောက်ရှိပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်အောင်နှင့် လေဘေးသင့်ပြည်သူများကို တွေ့ဆုံအားပေးစကားပြောကြားကာ လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် သေဆုံးခဲ့ရသည့် အောင်မြင်ကုန်းကျေးရွာနှင့် တံတားဦးကျေးရွာမှ ပြည်သူများအတွက် ထောက်ပံ့ငွေများကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့ရသည့် စာသင်ကျောင်းများကို လာမည့်ကျောင်းဖွင့်ချိန်အမီ ပြီးစီးအောင် ပြန်လည်တည်ဆောက်ပေးရန်၊ ဘုန်းတော်ကြီးကျောင်းကိုလည်းကောင်းမွန်အောင် ပြန်လည်ဆောင်ရွက်ပေးရန်နှင့် လူနေအိမ်များကိုလည်း အိမ်ရာကွက်စနစ်တကျပြန်လည်ဖော်ဆောင်၍ နေအိမ်များပြန်လည်တည်ဆောက်နေထိုင်နိုင်စေရေးအတွက် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊

စာမျက်နှာ ၁၈ သို့

စာမျက်နှာ ၁၇ မှအဆက်

နေပြည်တော်ကောင်စီနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်တို့မှ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးရန်၊ ကျေးရွာရှိ လေဘေးသင့်ပြည်သူများ လတ်တလော စားရေး အဆင်ပြေစေရေးအတွက်လည်း လိုအပ်သည်များကို ကူညီထောက်ပံ့ဆောင်ရွက်ပေးရန်နှင့် အခြားလိုအပ်သည်များကို တာဝန်ရှိသူများအား အလေးထားမှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အောင်မြင်ကုန်းကျေးရွာ စာသင်ကျောင်း၊ ဘုန်းတော်ကြီးကျောင်းနှင့် လူနေအိမ်များအား လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရန် တာဝန်ရှိသူများကို မှာကြားသည်။



နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်အတွင်း လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ဘုရားစေတီများ ထိခိုက်ပျက်စီးမှုကို တွေ့ရစဉ်။





နယ်မြေခံတပ်မတော်သားများက လယ်ဝေးမြို့နယ်အတွင်း လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့်နေရာများကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နေပြည်တော် အထွေထွေရောဂါကုဆေးရုံကြီး ခုတင် (၁၀၀၀)သို့ ရောက်ရှိကြပြီး ဆေးရုံတက်ရောက် ဆေးဝါးကုသမှုခံယူလျက်ရှိသည့် လေဘေးသင့်ပြည်သူများကို တစ်ဦးချင်း ရင်းရင်းနှီးနှီးအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။





နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်အတွင်း လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ထရန်စဖော်မာ ပျက်စီးမှုကို တွေ့ရစဉ်။







လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စာသင်ကျောင်း၊ ဘုန်းတော်ကြီးကျောင်းနှင့် လူနေအိမ်များကို တွေ့ရစဉ်။

# ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင်ကျင်းပမည့် မန္တလေးမြို့ လေးပြင်လေးရပ်မှ သံဃာတော် ၁၀၂၆၈ ပါးအား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများ၊ နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လောင်းလှူပွဲနှင့်ပတ်သက်၍ ဆရာတော်များထံမှ ဩဝါဒခံယူ





**မန္တလေး ဧပြီ ၂၂**

ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ကျင်းပမည့် မန္တလေးမြို့ လေးပြင်လေးရပ်မှ သံဃာတော် ၁၀၂၆၈ ပါးအား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လောင်းလှူပွဲ အခမ်းအနားနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ (သုဓမ္မာ) မစိုးရိမ်တိုက်သစ်ဓမ္မဂါရဝကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတိက္ခိန္ဒြိယာဘိဝံသ အမှူးပြုသော တိုင်းဒေသကြီးသံဃနာယကအဖွဲ့ဆရာတော်များထံသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် သွားရောက်လျှောက်ထားပြီး ဩဝါဒများခံယူကြသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ(သုဓမ္မာ) မစိုးရိမ်တိုက်သစ် ဓမ္မဂါရဝကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတိက္ခိန္ဒြိယာဘိဝံသ အမှူးပြုသော တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဆရာတော်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က ဖူးမြော်ပြီး ဝန်ကြီးချုပ်က ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် မန္တလေးမြို့ လေးပြင်လေးရပ်မှ သံဃာတော် ၁၀၂၆၈ ပါးအား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လောင်းလှူသွားမည့် အစီအမံများနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အစီအစဉ်များ၊ စွယ်တော်မြတ်စေတီ(မန္တလေး)၌ ဩဝါဒစရိယဆရာတော်ကြီး ကိုးပါးတို့၏ ရှေ့မှောက်တွင် ဗုဒ္ဓစွယ်တော်ကြုတ်ဖန်အုပ်ဆောင်းအသစ် အစားထိုးလဲလှယ်ပူဇော်မည့်အစီအစဉ်နှင့် နှစ်စဉ်ကျင်းပပြုလုပ်သော သမိုင်းဝင်ရွှေကြက်ယက်၊ ရွှေကြက်ကျ ဆုတောင်းပြည့်မြတ်စွာဘုရား နှစ်ဆူ၏ ကဆုန်ညောင်ရေသွန်းပွဲတော် ကျင်းပဆောင်ရွက်သွားမည့် အစီအစဉ်များနှင့်ပတ်သက်၍ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဆရာတော်များ မိန့်ကြားသော ဩဝါဒကထာများ နာယူခဲ့ကြောင်းနှင့် ဆရာတော်များကို နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ရန်ကုန်မြို့၌ ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာခင်း၍ လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် အနော်ရထာလမ်း ဖွင့်ပွဲပြုလုပ်



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက ကတ္တရာလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် ဧပြီ ၂၂**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)က တာဝန်ယူဆောင်ရွက်ခဲ့သည့် ကတ္တရာကွန်ကရစ် ထပ်ပိုးလွှာခင်း၍ လမ်းအဆင့်မြှင့်တင် ဆောင်ရွက်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းလမ်း (ရွှေတိဂုံဘုရားလမ်းမှ သိမ်ဖြူလမ်းထိ) အရှည်ပေ ၅၅၀၀၊ အကျယ်ပေ ၆၀ လမ်းနှင့် အနော်ရထာလမ်း (သိမ်ဖြူလမ်းမှ ရွှေတိဂုံဘုရားလမ်းထိ) အရှည်ပေ ၅၅၀၀၊ အကျယ်ပေ ၆၀ လမ်း ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါလမ်းများ၌ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါလမ်းများကို အသီးသီးဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါလမ်းများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန လမ်းနှင့်တံတား၏ လုပ်ငန်းတာဝန်များတွင် ပါဝင်သော မြို့တော်စည်ပင်သာယာ နယ်နိမိတ်အတွင်းရှိလမ်းများ တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဘဏ္ဍာနှစ်များအလိုက် လျာထားတင်ပြ ဆောင်ရွက်လျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းလမ်း (အောက်ရတနာလမ်းမှ အောက်ပုဇွန်တောင်လမ်းထိ) စုစုပေါင်းအရှည်ပေ ၁၃၂၀၀ (၂ မိုင် ၄ ဖာလုံ)ကို ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာခင်း အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဧပြီ ၂၂**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်း စားရေရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူ ဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် အဖွဲ့ဝင်များက ရခိုင်ပြည်နယ် ဂွတပ်နယ်ရှိ ဥစားကြက်၊ DYL ဝက်၊ နွား၊ ဆိတ်၊ ဥစားဘဲစသည့် မွေးမြူရေးခြံများနှင့် တစ်ပိုင်တစ်နိုင် ရာသီသီးနှံ စိုက်ပျိုးရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး ရခိုင်ပြည်နယ် ဂွတပ်နယ်ရှိ ဥစားကြက်မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# ဧပြီ ၂၂ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၆ ဦး တွေ့ရှိ

**နေပြည်တော် ဧပြီ ၂၂**

ဧပြီ ၂၁ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၃၆၁၉ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ၄၆ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၁၃၃၁၄ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၆၇၈ ဦး |

# သန့်ရှင်းသာယာသော မြို့ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက အားတက်သရောဆောင်ရွက်



ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့ရှိ အောင်ပန်းတိုက်နယ်ဆေးရုံတွင် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ရပ်ေပါင်းသန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။



မိုင်းတုံမြို့ မြို့လယ်ပန်းခြံအနီးရှိ နမ့်တုံချောင်း ရေစီးရေလာကောင်းမွန်ရေး နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ရပ်ေပါင်းသန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဧပြီ ၂၂**

မိမိတို့၏ နေ့စဉ်လူမှုဘဝ နေထိုင်ဖြတ်သန်းရာတွင် ကျန်းမာရွှင်လန်းသော လူမှုပတ်ဝန်းကျင်ကို ပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စိတ်နှလုံးချမ်းမြေ့ဖွယ်ရာ မျက်စိပသာဒဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် ပတ်ဝန်းကျင်တစ်ခုရှိရန် အလွန်လိုအပ်အရေးကြီးလှသည်။ မိမိတို့တစ်ဦးချင်းနေထိုင်ကြသည့် ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်နေမှသာလျှင် သန့်ရှင်းသာယာလှပသောမြို့ရွာ Clean city၊ Clean Village များဖြစ်လာမည်ဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်မှုတမည်ဖြစ်သည့်အတွက် မိမိဒေသ၊ မိမိမြို့ရွာသန့်ရှင်းသာယာရေးကိုဒေသခံများ၊ ဒေသတွင်းတာဝန်ထမ်းဆောင်နေကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးတာဝန်ရှိသူများက မပြတ်မနေ ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့ရွာဒေသများ သန့်ရှင်းသာယာလှပရေးကို အားတက်သရောဆောင်ရွက်လျက်ရှိကြသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) အောင်ပန်းမြို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ်လေးမြို့နယ်တို့ ၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ငါးမြို့နယ်တို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၅ မြို့နယ်တို့၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ကိုးမြို့နယ်တို့၌လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ထို့ပြင် မန္တလေးမြို့ပေါ်ရှိ တာဝန်သိလူငယ်လူရွယ်များစုစည်း၍ "မြို့ရွာသန့်ရှင်းရောဂါကင်း စုပေါင်းအမှိုက်ရှင်း" စာသားတံဆိပ်ပါ တူညီဝတ်စုံများဝတ်ဆင်ပြီး ပြည်ကြီးတံခွန်မြို့နယ် လောကမာရဇိန်ဘုရားဝင်းအတွင်း၊ အပြင်၌ စုပေါင်းအမှိုက်ကောက်ခြင်းနှင့် ရပ်ကွက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ သက်သာချောင်ချိမှုရှိစေရန် ပြည်သူများထံမှ အမှိုက်တစ်ပိဿာလျှင် ငွေကျပ် ၁၀၀ ဖြင့်ဝယ်ယူ၍ စနစ်တကျအမှိုက်စွန့်ပစ်ခြင်းများကို ဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။



နယ်မြေခံတပ်မတော်သားများက မကွေးတိုင်းဒေသကြီး လေးမြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် လဲကျနေသော သစ်ပင်၊သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းပြီး သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

☆ **ကျောဖုံးမှအဆက်**

ဓမ္မာရုံ တစ်ခု၊ လျှပ်စစ်မီးတိုင် ကိုးတိုင်၊ စေတီတော် နှစ်ဆူ၊ဌာနဆိုင်ရာရုံးအဆောက်အအုံ နှစ်လုံး၊ ဝန်ထမ်းအိမ်ရာ နှစ်ခန်းနှင့် ရေစင် တစ်ခုနှင့် နတ်မောက်မြို့နယ်အတွင်းရှိ မြို့ပေါ်မှ ရပ်ကွက်ခုနစ်ခုနှင့် ကျေးရွာ ၂၀ ခုတို့မှ နေအိမ် ၂၉၆ လုံးတို့ ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည်။

အလားတူ မန္တလေးတိုင်းဒေသကြီးအတွင်း ယနေ့နံနက် ၁ နာရီခွဲခန့်တွင် လေပြင်းတိုက်ခတ်မှုကြောင့် အောင်မြေသာစံမြို့နယ်၌ နေအိမ် လေးလုံး၊ လျှပ်စစ်မီးတိုင် ၂၄ တိုင်၊ စာသင်ကျောင်း နှစ်ကျောင်း၊ စေတီတော် နှစ်ဆူ၊ မော်တော်ယာဉ်ခြောက်စီး၊ မတ္တရာမြို့နယ် တောင်ပြုံးကြီးကျေးရွာ၌ နေအိမ် သုံးလုံး၊ ဆူးကားကျေးရွာ၌ နေအိမ် ကိုးလုံး၊ဥဒေါင်းကျေးရွာ၌ နေအိမ် ၁၆ လုံး၊ သပြေသာကျေးရွာ၌ စာသင်ကျောင်း တစ်ကျောင်း၊ ပေါက်ဝဲကျေးရွာ၌ နေအိမ် ၂၅ လုံး၊ ပုသိမ်ကြီးမြို့နယ် သရက်တစ်ပင်ကျေးရွာ၌ လျှပ်စစ်မီးတိုင် ခြောက်တိုင်၊ စေတီ တစ်ဆူနှင့် သပိတ်ကျင်းမြို့နယ် ပေါက်တစ်ပင်ကျေးရွာတို့၌ နေအိမ် ခုနစ်လုံးတို့ အမိုးလန်၊ ပြိုကျပျက်စီးခြင်းများဖြစ်ပေါ်ခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုများဖြစ်ပေါ်ခဲ့သည့်နေရာများသို့ ယနေ့နံနက်ပိုင်းတွင် မန္တလေးတပ်နယ်နှင့် စလင်းတပ်နယ်တို့မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများကသွားရောက်၍ အမိုးလန်ပြိုကျနေသည့် စာသင်ကျောင်းများနှင့် လူနေအိမ်များကို သန့်ရှင်းရေးပြုလုပ်ပေးခြင်း၊ လျှပ်စစ်မီးတိုင်များကို ပြန်လည်ထူထောင်ပေးခြင်း၊ စေတီတော်များမြေခနေမှုအား သန့်ရှင်းရေးပြုလုပ်ပေးခြင်းနှင့် လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းပေးခြင်း စသည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးကြသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုပြီး လေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများနှင့် အိမ်ဆောက်ပစ္စည်းများထောက်ပံ့ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

## မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားအသစ်များ အချိန်မီပြောင်းလဲတပ်ဆင်ရန် အများပြည်သူသို့ ထပ်မံအသိပေးနှိုးဆော်

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၂၀၂၃ ခုနှစ် မတ် ၃၁ ရက်အပြီး ဖောင်းကြွနံပါတ်ပြားပုံစံအသစ်ပြောင်းလဲတပ်ဆင်ကြရန် အသိပေးနှိုးဆော်ချက်များထုတ်ပြန်ပြီး လာရောက်လုပ်ငန်းဆောင်ရွက်မှုများကိုလည်း အတတ်နိုင်ဆုံးအဆင်ပြေအောင် လက်ခံဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုအခါ သတ်မှတ်ကာလစေ့ရောက်ပြီဖြစ်သော်လည်း ဖောင်းကြွနံပါတ်ပြားပုံစံအသစ်ပြောင်းလဲတပ်ဆင်ရန် ယာဉ်အချို့ကျန်ရှိနေသည့်အတွက် ၂၀၂၃ ခုနှစ် ဧပြီလကို ပညာပေးကာလအဖြစ်သတ်မှတ်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပညာပေးကာလကျော်လွန်ပါက လိုအပ်သည့် စစ်ဆေးအရေးယူမှုများဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ပါ၍ မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သက်ဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများသို့ဆက်သွယ်၍ ဖောင်းကြွနံပါတ်ပြားပုံစံအသစ်များအမြန်ဆုံးပြောင်းလဲတပ်ဆင်ကြရန် ထပ်မံအသိပေးနှိုးဆော်အပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကျွာ လွန်ချမ်းသာ

## မြို့နယ်အလိုက် အခြေခံစားသောက်ကုန်စည်ဈေးနှုန်းများ

| စဉ် | မြို့အမည် | | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပေါ်ဆန်း | ညွှန်မထ | ဧည့်စိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ | အာလူး | ကြက် | ဝက် | ငါးမြစ်ချင်း | အာပုံခြောက် | ကြက်ဥ တစ်လုံး | ဘဲဥ တစ်လုံး |
| ၁ | နေပြည်တော် | ၄၉၀၀ | ၁၉၀၀ | ၁၄၀၀ | ၁၄၉၀၀ | ၇၃၀၀ | ၁၂၅၀၀-၂၀၀၀၀ | ၁၀၀၀-၁၁၀၀ | ၃၃၀၀-၅၀၀၀ | ၁၃၀၀-၃၃၀၀ | ၉၀၀၀-၁၂၀၀၀ | ၁၄၈၀၀-၁၈၀၀၀ | ၇၉၀၀-၈၀၀၀ | ၁၆၀၀၀-၂၀၀၀၀ | ၂၀၀-၂၅၀ | ၂၅၀-၃၀၀ |
| ၂ | ရန်ကုန် | ၃၅၀၀ | ၂၂၀၀ | ၁၈၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၅၀၀၀-၂၂၀၀၀ | ၁၄၀၀-၂၀၀၀ | ၄၀၀၀-၆၀၀၀ | ၂၂၀၀-၃၀၀၀ | ၉၀၀၀-၁၂၀၀၀ | ၁၄၈၀၀-၁၇၀၀၀ | ၇၉၀၀-၈၀၀၀ | ၁၆၀၀၀-၂၀၀၀၀ | ၂၀၀-၂၅၀ | ၂၅၀-၃၅၀ |
| ၃ | မန္တလေး | ၄၅၀၀ | ၃၀၀၀ | ၁၇၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၂၅၀၀-၂၅၀၀၀ | ၁၄၀၀-၂၄၀၀ | ၄၀၀၀-၅၅၀၀ | ၂၂၀၀-၂၈၀၀ | ၉၀၀၀-၁၄၀၀၀ | ၁၄၈၀၀-၁၈၀၀၀ | ၇၉၀၀-၈၀၀၀ | ၁၃၀၀၀-၁၄၀၀၀ | ၂၀၀-၂၅၀ | ၂၅၀-၃၀၀ |
| ၄ | မြစ်ကြီးနား | ၅၀၀၀ | ၂၂၀၀ | ၁၉၀၀ | ၁၅၅၀၀ | ၇၈၀၀ | ၂၀၀၀၀-၂၂၀၀၀ | ၁၁၀၀-၁၅၀၀ | ၃၃၀၀-၃၆၀၀ | ၃၃၀၀-၃၅၀၀ | ၉၀၀၀-၁၂၀၀၀ | ၁၄၈၀၀-၁၆၀၀၀ | ၇၉၀၀-၈၀၀၀ | ၁၆၀၀၀-၂၇၀၀၀ | ၂၀၀-၂၅၀ | ၃၀၀-၃၅၀ |
| ၅ | တောင်ကြီး | ၄၆၅၀ | ၂၄၅၀ | ၂၃၅၀ | ၁၅၀၀၀ | ၇၅၀၀ | ၂၀၀၀၀-၂၃၀၀၀ | ၄၀၀၀-၄၅၀၀ | ၅၀၀၀-၅၄၀၀ | ၂၀၀၀-၂၅၀၀ | ၁၆၀၀၀-၁၇၀၀၀ | ၁၆၀၀၀-၁၇၀၀၀ | ၇၀၀၀-၈၀၀၀ | ၂၅၀၀၀-၂၆၀၀၀ | ၂၀၀-၂၅၀ | ၃၀၀-၃၅၀ |
| ၆ | မြိတ် | ၃၄၀၀ | ၂၆၀၀ | ၂၄၀၀ | ၁၇၀၀၀ | ၇၈၀၀ | ၁၆၀၀၀-၁၆၅၀၀ | ၁၃၀၀-၁၈၀၀ | ၆၀၀၀-၆၅၀၀ | ၁၇၅၀-၂၅၀၀ | ၉၀၀၀-၁၁၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၁၃၀၀၀-၁၄၀၀၀ | ၁၀၀၀၀-၁၁၀၀၀ | ၂၀၀-၂၆၀ | ၃၀၀-၃၅၀ |
| ၇ | မော်လမြိုင် | ၇၉၀၀ | ၂၉၀၀ | ၂၅၀၀ | ၁၅၀၀၀ | ၇၈၀၀ | ၁၁၀၀၀-၁၂၀၀၀ | ၁၃၀၀-၁၅၀၀ | ၄၄၅၀-၄၇၀၀ | ၁၇၅၀-၂၀၀၀ | ၉၀၀၀-၁၀၀၀၀ | ၁၆၀၀၀-၁၇၀၀၀ | ၇၀၀၀-၈၀၀၀ | ၁၅၀၀၀-၁၇၀၀၀ | ၂၈၀-၃၀၀ | ၃၅၀-၄၀၀ |

မှတ်ချက်။ ။အထက်ပါဈေးနှုန်းများသည် အချိန်နှင့်အမျှပြောင်းလဲနိုင်ပါသည်။

## ယနေ့ဈေးကွက်ပေါက်ဈေးများ

| ရွှေ | | | |
|---|---|---|---|
| အကယ်ဒမီမီးလင်းရွှေဈေး | တစ်ကျပ်သား ကျပ် | | ၂၉၆၅၀၀၀ |
| ကမ္ဘာ့ရွှေဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | | ၁၉၈၇ |
| စက်သုံးဆီ(လက်လီဈေးနှုန်းများ) | | | |
| စက်သုံးဆီ | (နေပြည်တော်) | (ရန်ကုန်) | (မန္တလေး) |
| ဒီဇယ်(တစ်လီတာ) | ၂၀၂၀ ကျပ် | ၁၈၇၄ ကျပ် | ၁၉၄၁ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၀၂၀ ကျပ် | ၁၉၄၈ ကျပ် | ၂၀၁၆ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၉၅ ကျပ် | ၁၉၄၇ ကျပ် | ၂၁၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၉၅ ကျပ် | ၂၀၃၇ ကျပ် | ၂၁၁၁ ကျပ် |

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၆ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၃၁၁ |
| ရုရှား | တစ်ရူဘယ် | ကျပ် | ၂၆ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၇၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၅ |

မှတ်ချက်။ ။အထက်ပါဈေးနှုန်းများသည် အချိန်နှင့်အမျှပြောင်းလဲနိုင်ပါသည်။

### အပူဒဏ်အန္တရာယ်ကာကွယ်ရေးနိုးဆော်ချက်

နွေရာသီတွင်ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့် တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် ပြင်းထန်စွာခံစားရပါကအသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြရန် တိုက်တွန်းနိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင်အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ။

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ။

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန်လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပါ၊ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏ ပြုလုပ်ပါ။

(၄) အလင်းပြန်သောအဖြူရောင်(သို့မဟုတ်)အရောင်ဖျော့သောပွပွချောင်ချောင်ချည်ထည်များကိုဝတ်ဆင်ပါ။

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ။

(၆) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။

(၇) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓါတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ။

(၈) မိတ်နှင့် ယားဖုများ ထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၉) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိခြင်း၊ ရေနှင့်ဓာတ်ဆားရည်များသောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊လည်ပင်း၊ချိုင်းကြားနှစ်ဖက်နှင့်ပေါင်ခြံနှစ်ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်းစသည်တို့ကို ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ၊ဆေးခန်း၊ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

ကျန်းမာရေးဝန်ကြီးဌာန
(ဧပြီလ၊ ၂၀၂၃)

# ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ



**နေပြည်တော် ဧပြီ ၂၂**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မဇာနန်းလှ အသက် ၃၃ နှစ်က ဆင်ဖြူတော်အထီးကလေး တစ်စီးကို ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင်မွေးဖွားခဲ့ပြီး အဆိုပါဆင်ဖြူတော်ကလေးမှာ မွေးဖွားစတွင် အရပ်အမြင့် နှစ်ပေ ငါးလက်မ၊ ကိုယ်လုံးလုံးပတ် သုံးပေ တစ်လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့်ရှိသည်။

ဆင်ဖြူတော်ကလေး၏ ဘွဲ့နာမံတော်မှာ "ရဋ္ဌနန္ဒက" ဖြစ်ပြီး အဆိုပါဆင်ဖြူတော်ကလေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာသြဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်းစသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက်ကိုက်ညီသော ဆင်ဖြူတော်ကလေးဖြစ်သည်။

အထက်ပါဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက"မှာ ယခုအသက် ကိုးလသားအရွယ်တွင် အရပ်အမြင့် သုံးပေ ငါးလက်မ၊ ကိုယ်လုံးလုံးပတ် ခြောက်ပေ တစ်လက်မ၊ ကိုယ်အလေးချိန် ပေါင် ၄၉၀ ရှိလာပြီး ရတနာဆင်ဖြူတော်ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ် နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက"မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်ကလေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာ ဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့် သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိပါသည်။

**(သတင်းစဉ်)**

# ဘားအံမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် ဧပြီ ၂၂**

ကရင်ပြည်နယ် ဘားအံမြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်သည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်းလှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေ ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



သံဃာတော်များအား နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

# မုံရွာမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဧပြီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ခဝဲကျင်းကျေးရွာမှ ဒေသခံပြည်သူ ၆၅ ဦးတို့ကို ယနေ့တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာစာသင်ကျောင်း၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

နယ်မြေခံ ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို သွေးတိုးရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ နှလုံးရောဂါ၊ မျက်စိရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါ၊ အသည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်အတွင်းရှိ သံဃာတော်များနှင့် ဒေသခံပြည်သူ ၁၃၄ ဦးတို့ကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ယနေ့တွင် အဆိုပါမြို့နယ်ရှိ မဟာဓမ္မိကာရာမရွှေကျင်တိုက်မကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

နယ်မြေခံ ဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် ဒေသခံပြည်သူများကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။ ထို့ပြင် သံဃာတော် ၈၆ ပါးနှင့် ဒေသခံပြည်သူ ၄၂ ဦးတို့ကိုလည်း တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



၂၃-၄-၂၀၂၃ (တနင်္ဂနွေနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၈း၀၀ | မြန်မာ့ယဉ်ကျေးမှုအနုပညာ | ၃။ | ၁၄း၁၀ | First Step |
| ၂။ | ၁၁း၀၀ | အဖြေညှိစရာ ပဟေဠိကမ္ဘာ | ၄။ | ၁၅း၂၅ | Our Travelling |
| | | | ၅။ | ၂၁း၂၀ | စိတ်ဝင်စားစရာ ပုံပြင်ကမ္ဘာ |

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဧပြီ ၂၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့် အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ရှင်စောပုရပ်ကွက်နေ သဇင်အိ(ခ)သဲသဲသည် ၎င်းအသုံးပြုသည့် "Thazin Ei" Facebook အကောင့်၊ ဥသျှောင်မြို့သစ်(၇)ရပ်ကွက်နေ ချောစံပယ်စိုးသည် ၎င်းအသုံးပြုသည့် "Jasmine Soe" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ပြည်လုံးချမ်းသာရပ်ကွက်နေ ဝေလျှံဖြိုး(ခ)ဝီလီသည် ၎င်းအသုံးပြုသည့် "Wai Liang Phyo" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁၆)ရပ်ကွက်နေ ယဉ်ယဉ်မွန်သည် ၎င်းအသုံးပြုသည့် "MOE HTET Photo Studio & Photo Service" Facebook အကောင့်၊ မရမ်းကုန်းမြို့နယ် အမှတ်(၄)ရပ်ကွက်နေ မြတ်သူသူသည် ၎င်းအသုံးပြုသည့် "Myat Thu Thu" Facebook အကောင့်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်နေ ကျော်စိုးနိုင်(ခ)ယာကွတ်သည် ၎င်းအသုံးပြုသည့် "KO LIN" Facebook တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# ကင်လော့မွေဒေါ့တောမီးကို ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း ထုတ်ပြန်



**အီဒင်ဘတ် မေ ၂၂**

စကော့တလန် ကင်လော့မွေဒေါ့ဒေသတွင် မေ ၁၉ ရက်မှ စတင်၍ တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး လူနေအိမ်များဖြင့် နီးကပ်ခဲ့ခြင်းကြောင့် အာဏာပိုင်အဖွဲ့အစည်းက မေ ၂၀ ရက်တွင် အန္တရာယ်ရှိသည့်အဆင့် သတ်မှတ်ကာ မီးသတ်တပ်ဖွဲ့ဝင်အင်အားအမြောက်အမြားဖြင့် တောမီးကို ထိန်းချုပ်နိုင်ရန်ကြိုးပမ်းခဲ့ရာ မေ ၂၁ ရက်တွင် စတင်ထိန်းချုပ်နိုင်ပြီဟု စကော့တလန် မီးသတ်နှင့် ကယ်ဆယ်ရေး အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း Oban Times သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

တောမီးလောင်ကျွမ်းမှုမှာ လူနေအိမ်များဖြင့် နီးကပ်ခဲ့သော်လည်း ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းမရှိခဲ့သည်မှာ စကော့တလန် မီးသတ်နှင့် ကယ်ဆယ်ရေးအဖွဲ့အစည်းက ဒေသခံများကို အချိန်မီသတိပေးချက်ထုတ်ပြန်နိုင်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ကင်လော့မွေဒေါ့ဒေသနဲ့ ရှိ့ရှ်ဇန်ဒေသကြားမှာ မေ ၁၉ ရက်က စတင်ပြီးတော့ တောမီးပြင်းထန်စွာလောင်ကျွမ်းခဲ့ပါတယ်။ ရာသီဥတုအခြေအနေကြောင့် တောမီးလောင်ကျွမ်းမှုဟာ အချိန်တိုအတွင်းထိန်းချုပ်ရခက်တဲ့အဆင့်ကို ရောက်ရှိခဲ့ပါတယ်။ တောမီးလောင်ကျွမ်းမှုဖြစ်ပွားတဲ့နေရာဟာ လူနေအိမ်တွေနဲ့ နီးကပ်ခဲ့တဲ့အတွက်ကြောင့် တောမီးလောင်ကျွမ်းမှုကို အန္တရာယ်ရှိတဲ့အဆင့် သတ်မှတ်ခဲ့ရတာဖြစ်ပါတယ်။ တောမီးလောင်ကျွမ်းတာကြောင့် ဒေသခံတွေ ထိခိုက်ဒဏ်ရာရရှိသူ တစ်ဦးတစ်ယောက်မှ မရှိခဲ့ပါဘူး။ တာဝန်ရှိသူတွေအနေနဲ့ တောမီးလောင်ကျွမ်းမှုဖြစ်ပွားတာနဲ့ ဒေသခံတွေကို အချိန်နဲ့တစ်ပြေးညီ သတိပေးချက်တွေထုတ်ပြန်နိုင်ခဲ့တဲ့အတွက် တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့တဲ့ နေရာနဲ့နီးကပ်တဲ့ ဧရိယာတွေမှာနေထိုင်တဲ့ ဒေသခံတွေဟာ ဘေးလွတ်ရာကိုရွှေ့ပြောင်းနိုင်ခဲ့လို့ ထိခိုက်ဒဏ်ရာရရှိသူမရှိခဲ့တာဖြစ်ပါတယ်။ မီးသတ်တပ်ဖွဲ့ဝင်တွေရဲ့ကြိုးပမ်းမှုကြောင့် တောမီးကို အချိန်မီထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ပါတယ်"ဟု စကော့တလန်မီးသတ်နှင့် ကယ်ဆယ်ရေးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**ခိုင်းဆက်**

# မြောက်ဒါကိုတာရေကြီးရေလျှံမှုတုံ့ပြန်နိုင်ရေး ဒရုန်းများ အသုံးပြုသွားမည်

**ဝါရှင်တန် မေ ၂၂**

အမေရိကန်နိုင်ငံ မြောက်ဒါကိုတာပြည်နယ်သည် နှစ်စဉ်နှစ်တိုင်း ရေဘေးအန္တရာယ်ကြောင့် ဆုံးရှုံးမှုများစွာဖြင့် ရင်ဆိုင်နေရ၍ ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ပါက အရေးပေါ်တုံ့ပြန်နိုင်လျှင် ပျက်စီးဆုံးရှုံးမှုကို လျှော့ချနိုင်မည်ဖြစ်သည့်အတွက် မြောက်ဒါကိုတာ အာဏာပိုင်အဖွဲ့အစည်းက ဖက်ဒရယ် လေကြောင်းအုပ်ချုပ်ရေး (FAA)အဖွဲ့အစည်းဖြင့် တွေ့ဆုံဆွေးနွေးကာ အရေးပေါ်တုံ့ပြန်ရေး အစီအစဉ်များ ရေးဆွဲသွားရန်စီစဉ်ခဲ့ကြောင်း Drone DJ သတင်းဌာနက မေ ၂၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မြောက်ဒါကိုတာ အာဏာပိုင်အဖွဲ့အစည်းသည် ဖက်ဒရယ်လေကြောင်းအုပ်ချုပ်ရေး(FAA) အဖွဲ့အစည်းဖြင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ရေဘေးအန္တရာယ်အရေးပေါ်တုံ့ပြန်နိုင်ရေးအတွက် ဖက်ဒရယ် လေကြောင်းအုပ်ချုပ်ရေး (FAA)က ဒရုန်းစနစ်ဖြင့် ကင်းထောက်ကာ အရေးပေါ်တုံ့ပြန်နိုင်ရေးကို ထိရောက်သောအကူအညီများ ပေးအပ်သွားမည်ဖြစ်ကြောင်း အတည်ပြုခဲ့သည်။

"ရေဘေးအန္တရာယ်အရေးပေါ်တုံ့ပြန်နိုင်ရေးအတွက် အထောက်အကူဖြစ်စေမဲ့ အစီအစဉ်တွေ ဆောင်ရွက်ပေးသွားပါမယ်။ ရေကြီးရေလျှံမှုဖြစ်ပွားနေတဲ့အချိန် ဒရုန်းတွေလွှတ်တင်ပြီးတော့ ရေကြီးရေလျှံမှုအခြေအနေကို ဒေသခံပြည်သူလူထုမြင်သာအောင် ရုပ်သံလိုင်းတွေကနေ တိုက်ရိုက် ရိုက်ကူးပြသပေးသွားမယ်။ ရေကြီးရေလျှံမှုဖြစ်ပွားနေတဲ့အခြေအနေကို မြင်တွေ့နိုင်တဲ့အတွက် ဒေသခံပြည်သူလူထုတွေအနေနဲ့ အန္တရာယ်ကိုရှောင်ရှားနိုင်မှာဖြစ်သလို ထိရောက်တဲ့ ကယ်ဆယ်ရေးလုပ်ငန်းတွေကိုလဲ အချိန်မီ ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။ ဒီအစီအစဉ်ကိုလဲ ဒီနှစ်အတွင်းမှာပဲ အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်"ဟု ဖက်ဒရယ် လေကြောင်းအုပ်ချုပ်ရေး (FAA) မှ အာရင်ရှိစလာက ပြောကြားခဲ့သည်။

ဒရုန်းများစေလွှတ်၍ ရေကြီးရေလျှံမှုဖြစ်ပွားနေသည့် အခြေအနေကို ပြည်သူများသိရှိအောင် ရုပ်သံလိုင်းများတွင် ပြသပေးသွားမည်ဖြစ်ကြောင်း ဖက်ဒရယ်လေကြောင်း အုပ်ချုပ်ရေး(FAA)က ထုတ်ပြန်ခဲ့သည်။ **ခိုင်းဆက်**

# ဥရောပနိုင်ငံများပူးပေါင်း၍ လေစွမ်းအင်ထုတ်လုပ်မှုကို ဆယ်စုနှစ်တစ်ခုအတွင်း လေးဆမြှင့်တင်သွားမည်

**ဘရပ်ဆဲလ် မေ ၂၂**

မြောက်ပင်လယ်ဝန်းကျင်ရှိ ဥရောပနိုင်ငံများမှ စွမ်းအင်ဝန်ကြီးများသည် ကမ်းလွန်ပင်လယ်ပြင်တွင် လေစွမ်းအားထုတ်လုပ်ခြင်းကို ဆယ်စုနှစ်တစ်ခုအတွင်း လေးဆထိမြှင့်တင်သွားရန် သဘောတူညီချက်တစ်ရပ်ကို အတည်ပြုရန်ဆောင်ရွက်လျက်ရှိကြောင်း Offshore သတင်းဌာနက မေ ၂၁ ရက်တွင် ရေးသားဖော်ပြထားသည်။

မြောက်ပင်လယ်ဝန်းကျင်ရှိ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများဖြစ်သော ဂျာမနီ၊ ပြင်သစ်၊ နယ်သာလန်၊ ဘယ်လ်ဂျီယံ၊ ဒိန်းမတ်၊ အိုင်ယာလန်နှင့် လူဇင်ဘတ်နိုင်ငံတို့အပါအဝင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမဟုတ်သည့် အင်္ဂလန်နှင့် နော်ဝေ စသည့်နိုင်ငံများပူးပေါင်း၍ လေမှစွမ်းအင်ထုတ်လုပ်မှုကို ဆယ်စုနှစ်တစ်စုအတွင်း လေးဆမြှင့်တင်နိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဥရောပနိုင်ငံများမှ စွမ်းအင်ဝန်ကြီးများသည် မေ ၂၄ ရက်၌ ထိပ်သီးအစည်းအဝေးတစ်ရပ်ကျင်းပ၍ ဥရောပကမ်းလွန်ပင်လယ်ပြင်တွင် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး အစိမ်းရောင်စွမ်းအင် လေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများစတင်ရေးကို ကတိပြုသွားကြမည်ဖြစ်ကြောင်း သိရသည်။

ဘယ်လ်ဂျီယံနိုင်ငံ အော့စတန်းမြို့၌ မေ ၂၄ ရက်တွင်ကျင်းပမည့် ထိပ်သီးဆွေးနွေးပွဲ၌ အဆိုပါဥရောပကိုးနိုင်ငံမှ စွမ်းအင်ဝန်ကြီးများသည် မြောက်ပင်လယ်ကမ်းလွန်၌ ၂၀၃၀ ပြည့်နှစ်တွင် လေအားလျှပ်စစ်မှ ဂီဂါဝပ် ၁၂၀ ထုတ်ယူနိုင်ရန်နှင့် ၂၀၅၀ ပြည့်နှစ်တွင် ဂီဂါဝပ် ၃၀၀ ထိ နှစ်ဆတိုးထုတ်လုပ်နိုင်ရေး ဆွေးနွေးသွားရန် ရည်မှန်းထားကြောင်း သိရသည်။

အဆိုပါနိုင်ငံများမှ လက်ရှိတပ်ဆင်ထားသော ကမ်းလွန်လေအားလျှပ်စစ်မှာ ဂီဂါဝပ် ၃၀ ခန့်ရှိကြောင်း ဥရောပစက်မှုလုပ်ငန်းအုပ်စုတစ်ခုဖြစ်သည့် WindEuro မှ ထုတ်ပြန်ထားသော သတင်းများအရ သိရသည်။ AZH



# ရင်ကွန်ဒီလာပိုင်ဂျာမီးတောင် ပြင်းထန်စွာလှုပ်ရှားပြီး မီးခိုးငွေ့များ အမြင့်မီတာ ၇၅၀၀ ထိ မှုတ်ထုတ်

**ဆန်ဂျို့စ် မေ ၂၂**

ကော်စတာရီကာနိုင်ငံမြောက်ပိုင်း Guanacaste ပြည်နယ်ရှိ ရင်ကွန်ဒီလာပိုင်ဂျာမီးတောင်သည် မေ ၂၁ ရက်မွန်းလွဲပိုင်းတွင် ပြင်းထန်စွာလှုပ်ရှားခဲ့ပြီး မီးခိုးငွေ့များကို ကောင်းကင်သို့ အမြင့်မီတာ ၇၅၀၀ ထိ မှုတ်ထုတ်ခဲ့သည်ဟု ကော်စတာရီကာနိုင်ငံ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် အရေးပေါ်စောင့်ရှောက်မှုဆိုင်ရာ အမျိုးသားကော်မရှင်က သတင်းထုတ်ပြန်ထားကြောင်း WION သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

အဆိုပါမီးတောင်သည် မေ ၂၁ ရက် မွန်းလွဲပိုင်းတွင် လှုပ်ခတ်မှုဖြစ်ပွားခဲ့ရာ လူများနှင့် အခြေခံအဆောက်အအုံများ ထိခိုက်မှုမရှိသော်လည်း မီးတောင်လှုပ်ရှားမှုနှင့်ပတ်သက်၍ ကော်မရှင်က ဆက်လက်စောင့်ကြည့်လျက်ရှိပြီး မီးတောင်လှုပ်ရှားစဉ် မီးတောင်ထိပ်ဝရှိကန်အတွင်းမှ ချော်ရည်နှင့်မီးသင့်ပစ္စည်းများ အနီးဝန်းကျင်ရှိ မြစ်ချောင်းများအတွင်း စီးဆင်းခဲ့သဖြင့် မြစ်ချောင်းများအတွင်း ခရီးသွားလာခြင်းမပြုရန် ဒေသခံများကို အကြံပြုထားကြောင်း သိရသည်။

ခရီးသွားပြည်သူများနှင့်ဒေသခံများအတွက် မီးတောင်ပေါက်ကွဲချိန်တွင် ဘေးကင်းစေရေး အာဏာပိုင်များထုတ်ပြန်ထားသော ညွှန်ကြားချက်များအတိုင်း လိုက်နာလုပ်ဆောင်ကြရန် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက နှိုးဆော်ထားကြောင်း သိရသည်။

မီးတောင်လှုပ်ရှားမှုကြောင့် အရေးပေါ်အခြေအနေ ဖြစ်နိုင်ခြေရှိသည့်အတွက် တာဝန်ရှိသူများအနေဖြင့် အသင့်အနေအထားဖြင့် စောင့်ကြည့်လျက် ရှိသော်လည်း ဒေသခံအများအပြားကမူ ၎င်းတို့၏နေအိမ်များမှ ထွက်ခွာရန်ငြင်းဆိုထားကြောင်း သိရသည်။

ကော်စတာရီကာနိုင်ငံသည် ယခင်ကလည်း Arenal နှင့် Tur-rialba မီးတောင်များကဲ့သို့ အခြားသက်ဝင်လှုပ်ရှား မီးတောင်များ ပေါက်ကွဲမှုကို များစွာကြုံတွေ့ခဲ့ရဖူးသော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း သိရသည်။ AZH

# အိမ်ဖြူတော်အစိုးရအနေဖြင့် ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးအတွက် အမေရိကန်ဒေါ်လာ ၅၆၂ သန်းထိ အသုံးပြုသွားမည်

**ဝါရှင်တန် မေ ၂၂**

အိမ်ဖြူတော်အစိုးရအနေဖြင့် ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးအတွက် အမေရိကန်ဒေါ်လာ ၅၆၂ သန်းထိ အသုံးပြုသွားမည်ဟု အမေရိကန်ဒုတိယသမ္မတ ကာမာလာဟာရစ်သည် မိုင်ယာမီ၌ပြုလုပ်ခဲ့သည့်တွေ့ဆုံပွဲတွင် ကတိပြုပြောကြားခဲ့ကြောင်း US News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ရေကြီးရေလျှံမှုကြောင့် ဖလော်ရီဒါပြည်နယ် တောင်ဘက်ပိုင်းသို့ သဘာဝဓာတ်ငွေ့များပို့ဆောင်နိုင်ခြင်းမရှိသည့်အတွက် သဘာဝဓာတ်ငွေ့များ ပြတ်တောက်သွားခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါပြဿနာကို ဖြေရှင်းပေးရန် ရောက်ရှိလာသည့် ကာမာလာဟာရစ်က တာဝန်ရှိသူများဖြင့် တွေ့ဆုံကာ ပြဿနာကို ဖြေရှင်းနိုင်ရန်ဆွေးနွေးခဲ့သကဲ့သို့ ဖလော်ရီဒါပြည်နယ်၏ ရာသီဥတုဖောက်ပြန်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်မြှင့်တင်နိုင်ရေးအတွက် တိုက်တွန်းမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံတစ်ဝန်း ပြည်နယ်ပေါင်း ၃၀ နှင့် ကမ်းခြေဒေသပေါင်း ၁၄၉ ဒေသတို့တွင် ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ဦးစားပေး၍ ရင်းနှီးမြှုပ်နှံမှုပြုလုပ်သွားမည်ဖြစ်ကြောင်း ကာမာလာဟာရစ်က အဆိုပါဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။


ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာတွင် ဂေဟစနစ်ယိုယွင်းလာမှုများကို လျှော့ချနိုင်အောင်ဆောင်ရွက်ခြင်း၊ ရာသီဥတုပြောင်းလဲမှုကို လျှော့ချနိုင်မည့် သဘာဝအရင်းအမြစ် အခြေခံအဆောက်အအုံများတည်ဆောက်သည့်စီမံကိန်းများကို အကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကာမာလာဟာရစ်က ပြောကြားခဲ့သည်။

**ခိုင်းဆက်**

0w Kv d @

# လမ်းပြကြယ်

အောင်မျိုးထွန်း(ရွှေကိုးရွာ)




(၁)

"မနေ့ညက သမီးအိမ်ပြန်မအိပ်ဘူးနော်"

အိမ်ထဲသို့ဝင်လာသောလွင်လွင့်ကို ဒေါ်ကြည်လှက မေးလိုက်ခြင်းပင်ဖြစ်သည်။

"မနေ့ညက သီရိရဲ့မွေးနေ့။ အိမ်မပြန်ချင်တော့တာနဲ့ သီရိတို့နဲ့ပဲအိပ်လိုက်တာ"

"ဘာပွဲလမ်းသဘင်တွေပဲရှိရှိ သမီးမှာ ကိုယ့်အိမ်ကိုယ့်ရာရှိနေတယ်လေကွယ်။ အိမ်ပြန်လာသင့်တာပေါ့"

"အိမ်ပြန်မလာချင်လို့ မလာတာပဲ"

လွင်လွင့်လေသံပြတ်ပြတ်နှင့် မာန်ပါပါစကားများကြောင့် ဒေါ်ကြည်လှရင်ထဲ နင့်ခနဲဖြစ်သွား၏။

"အန်တီက သမီးကို စိတ်ပူလို့ပြောတာပါကွယ်"

ဒေါ်ကြည်လှ၏အပြောကို လွင်လွင်သည် မဲ့ပြုံးပြုံးမိရင်း တစ်ချိန်က သီရိပြောခဲ့သည့်စကားကို ပြန်အမှတ်ရသွား၏။

"မိထွေးဆိုတာက သူတို့လိုချင်တာတွေအရာအားလုံးကို မိမိရရဆုပ်ကိုင်လိုချင်လို့ အပေါ်ယံစေတနာတွေနဲ့ ဟန်ဆောင်ထွေးပြနေတာ။ သူတို့ထွေးတဲ့မေတ္တာတွေကို ကိုယ်က အဟုတ်ကြီးမှတ်ထင်ပြီး နွေးမိသွားတာနဲ့ လူလိမ်ခံရပြီသာမှတ်။ မိထွေးနဲ့ပတ်သက်ရင်ငါက ကိုယ်တွေ့ကြုံခဲ့ရတဲ့လူမို့ မိထွေးမကောင်းတာငါသိတယ်"

သီရိ၏စကားများက လွင်လွင့်ကို သတိပေးနေသလိုပင်။ လွင်လွင်သည် သီရိစကားများကြောင့် ဒေါ်ကြည်လှစကားများကို မယုံကြည်သလို အမြင်ကတ်နေလေ၏။

"ကျွန်မအတွက် စိတ်ပူပေးတာကိုတော့ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ကျွန်မက နေရာတကာလိုက်ပြီး စိတ်ပူရမဲ့အရွယ်မဟုတ်တော့ဘူး။ အခြားသူဘယ်သူ့ဆီကမှ အကူမပါဘဲ ကျွန်မလမ်း ကျွန်မကောင်းကောင်းလျှောက်နိုင်တယ်"

လွင်လွင့်စကားလုံးများကြောင့် ဒေါ်ကြည်လှရင်ထဲမှာတော့ အခံရခက်ကာ ဝမ်းနည်းရ၏။

(၂)

လွင်လွင့်အမေဆုံးသွားပြီး နှစ်နှစ်အတောအတွင်း အဖေသည် သားသမီးမရှိသော မုဆိုးမဒေါ်ကြည်လှနှင့် နောက်အိမ်ထောင်ပြု၏။ အဖေနောက်အိမ်ထောင်ပြုပြီးနောက်ပိုင်း လွင်လွင်နှင့်အဖေတို့ဆက်ဆံရေးက ပြေလည်သော်လည်း မိထွေးဖြစ်သူ ဒေါ်ကြည်လှနှင့် ဆက်ဆံရာမှာတော့ ဘယ်သောအခါမှမပြေလည်သလို တစ်ခါတစ်ခါတင်းမာ၏။ တင်းမာရသည့်အဓိကအကြောင်းရင်းကလည်း လွင်လွင့်ပင်ကိုစရိုက်ဖြစ်သည့် ယောက်ျားလေးများနှင့်အပေါင်းအသင်းလုပ်တတ်ပြီး အရောတဝင်နေတတ်ခြင်း၊ ရယ်လျှင်လည်း ဟက်ဟက်ပက်ပက်ရယ်တတ်ခြင်း၊ စိတ်သဘောမကျတာရှိလျှင် စိတ်ထဲရှိသလို ဝုန်းဒိုင်းကြဲတတ်ခြင်းများ၊ အလုပ်မှအိမ်ပြန်နောက်ကျခြင်းများ။ ထိုအရာများကို ဒေါ်ကြည်လှက မနှစ်မြို့၍ အများအမြင်မတင့်တာကြောင့် လွင်လွင့်ကို ပြောဆိုဆုံးမ၏။

"ကျွန်မရဲ့ကိုယ်ပိုင်လွတ်လပ်ခွင့်တွေကို လာမထားဆီးပါနဲ့။ ဒါတွေက ကျွန်မရဲ့ပျော်ရွှင်လွတ်လပ်မှုတွေပါ။ ဘယ်သူတွေဘာပဲပြောပြော ကိုယ့်ပုံစံနဲ့ကိုယ်နေထိုင်တာပဲကောင်းတယ်။ မိတ္တူထက် မူရင်းက ပိုအဖိုးတန်တယ်"

"ကိုယ့်ပုံစံနဲ့ကိုယ်နေတာကို အန်တီကမကြိုက်လို့ ပြောတာမဟုတ်ပါဘူးကွယ်။ အခု သမီးရဲ့ပုံစံတွေက သမီးမိန်းကလေးတစ်ယောက်အနေနဲ့ ပတ်ဝန်းကျင်မှာကဲ့ရဲ့ရှုတ်ချစရာတွေဖြစ်နေလို့ အန်တီက မိန်းမသားချင်း ပွင့်ပွင့်လင်းလင်းပြောပြတာပါ"

"ကြည်က သမီးကို စေတနာနဲ့အမှန်းခံဆုံးမပေးတာလေ။ ကြည်ရဲ့စေတနာတွေကို သမီး အခုလိုမျက်ကွယ်မပြုသင့်ဘူး။ အနည်းဆုံးတော့ အသိအမှတ်ပြုပေးရမှာပေါ့"

"အဖေက ဘာသိလို့ သမီးကိုအပြစ်ဆိုနေရတာလဲ။ ကြီးတော်က သမီးကို တကယ်စေတနာရှိလို့ ပြောနေတာမဟုတ်ဘူး။ အဖေ့ရဲ့စည်းစိမ်တွေကိုမက်မောပြီး နာမည်ကောင်းလိုချင်လို့ အဖေ့ရှေ့မှာ ဟန်ဆောင်ပြနေတာ။ သူ အဲဒီလိုလုပ်ပြမှလဲ အဖေက သူ့ကို ပိုချစ်ပြီး သူ့လိုအင်တွေကို အကုန်ဖြည့်ဆည်းပေးမှာလေ။ ပြီးတော့ အဖေနဲ့သမီးတို့ချစ်ခြင်းမေတ္တာတွေကိုလဲ မနာလိုလို့ အဆင်မပြေအောင် တမင်ကုန်းတိုက်နေတာ"

လွင်လွင်သည် ဒေါ်ကြည်လှကို အမြင်မကြည်သမျှ စိတ်ထဲရှိရာများ အဖေ့ကိုပြောပြီး ခြေဆောင့်ဝုန်းဒိုင်းကြဲ၍ ထွက်သွား၏။

"ကြည်ရဲ့မိခင်မေတ္တာတွေကို သမီးလေးလွင်လွင်က စော်ကားလို့ ကြည်စိတ်မကောင်းမဖြစ်ပါနဲ့။ ကြည်ရဲ့စေတနာတွေကို ကိုအသိဆုံးပါ။ ကြည်ရဲ့ မေတ္တာမှန်ရင် သမီးလေးက အလိုလိုနားလည်လာမှာပါ"

(၃)

ယခုဆို အဖေဆုံးသည်မှာ တစ်လပြည့်သွားပြီ။ အဖေဆုံးသွားပြီးသည့်နောက်ပိုင်း ဒေါ်ကြည်လှနှင့် လွင်လွင်တို့၏ဆက်ဆံရေးက တင်းမာရုံတင်မကဘဲ လွင်လွင့်ဘက်က စကားပြောဆိုခေါ်ခြင်းမရှိဘဲ လွင်လွင်နေချင်သလိုနေ၏။ လွင်လွင့်ဘက်က စကားမပြောသော်လည်း ဒေါ်ကြည်လှကတော့ ယခင်အတိုင်း ပြောဆိုနေမြဲပင်။

"ဘာဖြစ်လို့ ကျွန်မဖုန်းကို ခဏခဏဆက်နေရတာလဲ အန်တီ"

"ညဉ့်နက်နေချိန်ထိ သမီးက အိမ်ပြန်မလာသေးတော့ အန်တီက စိုးရိမ်လို့ဖုန်းဆက်တာပါ။ သမီးကို တမင်နှောင့်ယှက်တာမဟုတ်ပါဘူး"

"ညဉ့်နက်မကလို့ မိုးပါလင်းသွားပါစေ။ ကျွန်မပြန်လာတဲ့အချိန်က ကျွန်မရဲ့အိမ်ပြန်ချိန်ပဲ။ အန်တီ့ဘာသာအိပ်မပျော်တိုင်း ကျွန်မကို စေတနာတွေ ဝန်းပြမနေနဲ့"

"ဒီအိမ်မှာ အန်တီနဲ့သမီးတို့နှစ်ယောက်တည်းပဲရှိတာလေ။ သမီး အိမ်ပြန်မလာသေးရင် အန်တီက စိတ်ဖြောင့်ဖြောင့်နဲ့ ဘယ်အိပ်နိုင်ပါ့မလဲ"

"အိပ်မပျော်ရင် အိပ်ဆေးသောက်အိပ်။ ကျွန်မပြန်လာရင် ခြံတံခါးကို တကူးတကလာမဖွင့်ရအောင် ကျွန်မ ပြန်မလာမချင်း ခြံတံခါးမပိတ်ပါနဲ့"

"အို... ဒီလိုမိန်းမသားနှစ်ယောက်တည်းရှိတဲ့အိမ်မှာ ခြံတံခါးဖွင့်ထားလို့ ဘယ်ဖြစ်ပါ့မလဲ သမီးရဲ့။ သူခိုးကို လက်ယပ်ခေါ်သလိုဖြစ်နေမှာပေါ့"

"ဒီအိမ်ကြီးထဲက ဘာပစ္စည်းတွေပဲခိုးသွားပါစေ။ ကျွန်မဘဝမှာ ကျွန်မအမက်မောဆုံး အဖေနဲ့အမေတို့ကို ဆုံးရှုံးရပြီးတဲ့နောက်ပိုင်း ဘယ်အရာကိုမှ မလိုချင်တော့ဘူး"

လွင်လွင့်စကားက ဒေါ်ကြည်လှရင်ထဲသို့ နက်နက်ရှိုင်းရှိုင်းဝင်ရောက်သွား၏။ လွင်လွင့်ခံစားချက်ကို စာနာနားလည်သော ဒေါ်ကြည်လှရင်ထဲ ထိရှသွားပြီး မျက်ဝန်းအိမ်တွင် မျက်ရည်စတို့က ဝဲတက်လာ၏။

(၄)

ကြာလေ ဒေါ်ကြည်လှနှင့် လွင်လွင်တို့ဆက်ဆံရေးက ပိုဆိုးလာလေ။ ဒေါ်ကြည်လှဘက်က အစွမ်းကုန်ဖြေလျှော့ပေးနေသော်လည်း လွင်လွင်ကတော့ ဆက်တင်းမာနေမြဲပင်။ လွင်လွင့်ဘက်က ဒေါ်ကြည်လှကို ဘယ်လောက်ပဲအဆိုးမြင်ပါစေ။ ဒေါ်ကြည်လှကတော့ အတတ်နိုင်ဆုံးသည်းခံခဲ့၏။ အတတ်နိုင်ဆုံးသည်းခံနိုင်ခြင်းကလည်း ဒေါ်ကြည်လှက လွင်လွင့်ကို မပြတ်နိုင်သောသံယောဇဉ်ကြောင့်ဖြစ်သည်။ လွင်လွင်သည် တစ်ဦးတည်းသောသမီးဖြစ်သည့်အပြင် မိဘနှစ်ပါးမရှိတော့သည့်အတွက်ကြောင့် ဒေါ်ကြည်လှက ပို၍ခင်တွယ်နေမိ၏။ ထိုသံယောဇဉ်ကြောင့်လည်း ဒေါ်ကြည်လှသည် လွင်လွင်ဘာပဲပြောပြော စိတ်ထဲမထားဘဲ သည်းခံခွင့်လွှတ်နိုင်ခဲ့၏။ သို့သော်လည်း သည်းခံခွင့်လွှတ်ခြင်းဆိုသည်မှာ အတိုင်းအတာတစ်ခုထိဆိုလျှင် လွင်လွင့်အပေါ် ဒေါ်ကြည်လှ၏ ခွင့်လွှတ်နိုင်မှုက ကုန်သွားပြီလား။ ထိုနေ့က ဦးကိုကိုမောင်၏ တစ်လပြည့် လလယ်ဆွမ်းသွတ်သည့်နေ့။

"ဘာလိုလိုနဲ့ အဖေဆုံးသွားတာတောင် တစ်လပြည့်သွားပြီ။ အန်တီ့ကို အဖေချစ်လို့ယူခဲ့ပေမဲ့ ကျွန်မနဲ့ကျတော့ အဖေနဲ့စပ်မှတော်တာလေ။ အဖေမရှိတော့ဘူးဆိုတော့ ဒီအိမ်မှာ အန်တီနဲ့တော်စပ်တဲ့လူမရှိတော့ဘူး။ အန်တီမို့ အနေဖြောင့်တယ်နော်။ သွေးမတော်သားမစပ်တော့တဲ့ လူတစ်ယောက်အိမ်မှာ ဆက်နေရမှာ အန်တီမပင်ပန်းဘူးလား"

လွင်လွင့်စကားက ဒေါ်ကြည်လှရင်ထဲ အခံရခက်ကာ အားမလိုအားမရဖြစ်သွားပြီး မခံချင်စိတ်လေးက မတင်မကျဖြစ်လာ၏။

"သမီးပြောတဲ့စကားတွေက ဘာကိုရည်ညွှန်းပြောမှန်း အန်တီသဘောပေါက်ပါတယ်။ ကောင်းပြီလေ။ သမီးဆန္ဒအတိုင်းဖြစ်စေရမယ်။ အဲဒါဆို သမီးကျေနပ်ပြီမဟုတ်လား"

ဒေါ်ကြည်လှအမေးကို လွင်လွင်က နှုတ်ထွက်စကားမဖြေဘဲ မဲ့ပြုံးပြုံးကာ မျက်လွှာချပြလိုက်၏။

"ဒါပေမဲ့ အန်တီထွက်မသွားသေးခင် သမီးကို တစ်ခုတော့ပြောခဲ့ချင်တယ်။ အန်တီရဲ့မေတ္တာမှန်ခဲ့လို့ အန်တီ့မေတ္တာတွေကို သမီးနားလည်လာတဲ့အခါ သမီးဘေးနားမှာ အန်တီမရှိတော့ပါဘူး"

"ဩော်... အဲဒီလိုလား။ အရင်က အန်တီပဲပြောခဲ့ဖူးတယ်လေ။ အန်တီက ကျွန်မကို ဝမ်းနဲ့လွယ်မမွေးခဲ့ရပေမဲ့ သမီးအရင်းတစ်ယောက်လိုချစ်တာပါဆို"

ဒေါ်ကြည်လှပြောခဲ့ဖူးသည့်စကားကို လွင်လွင်က မယုံကြည်သလို အသံနေအသံထား၊ အဆွဲအငင်အဖြတ်အတောက်များနှင့် မဲ့ရွဲ့ကာ ပြောလိုက်၏။

"ကျွန်မသိတာကတော့ တကယ်ချစ်တဲ့လူတွေက ဘယ်တော့မှ ထားမသွားဘူးတဲ့"

လွင်လွင့်စကားလုံးများက ဒေါ်ကြည်လှ၏ရင်ကို ဖောက်ခွင်း၍ နှလုံးသည်းပွတ်ဆီ ထိရှဝင်ရောက်သွားပြီး သိမ့်ခနဲလှုပ်ခါသွား၏။

"ဟုတ်ပါတယ်။ တကယ်ချစ်တဲ့လူတွေက ဘယ်တော့မှထားမသွားပါဘူး"

ဒေါ်ကြည်လှသည် တွေးလက်စအတွေးတို့ကို နာကျင်စွာဖြတ်တောက်ပစ်လိုက်တော့၏။ ခဏကြာတော့ ကားလက်မှတ်ဖြတ်ထားသည့် ကားက ရောက်လာ၏။ အထုပ်ပိုက်၍ ကားပေါ်သို့ လှမ်းတက်နေသော ဒေါ်ကြည်လှခြေလှမ်းများက မဝံ့မရဲဖြစ်နေသလို တွေဝေနေမိ၏။ တစ်စုံတစ်ရာက ဒေါ်ကြည်လှခြေလှမ်းများကို ဆွဲထားသလိုပင်။ သို့သော်လည်း ဒေါ်ကြည်လှသည် စိတ်ကို ယတိပြတ်ပိုင်းဖြတ်လိုက်ပုံနှင့် ကားပေါ်သို့ မာန်ပါပါတက်လိုက်၏။ ခရီးသည်များလူစုံပြီမို့ ကားသည် ကားဂိတ်မှ စတင်ထွက်ခွာတော့၏။

(၅)

"ဟင် ရှစ်နာရီတောင်ခွဲတော့မယ်။ ငါ အိပ်ရာထနောက်ကျပြီ"

လွင်လွင်သည် အိပ်ရာထဲမှ ဒရောသောပါးထလိုက်ပြီး ရုံးနောက်မကျစေရန် တစ်ကိုယ်ရေသန့်ရှင်းရေးအလုပ်တို့ကို အလောတကြီးလုပ်ရ၏။

"ရုံးကို ထမင်းထုပ်ယူဖို့ထမင်းချက်ရအုံးမှာပါလား"

နံနက်စာစားရန် အုပ်ဆောင်းဖွင့်ကြည့်လိုက်တော့ ထမင်းဟင်းက မချက်ရသေး။ မတတ်နိုင်တော့ဘူး။

စာမျက်နှာ ၂၅ သို့ ➤

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ရခိုင်ပြည်နယ် မြို့လေးမြို့၌ နိုင်ငံ့ဝန်ထမ်းအိမ်ရာစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည်



နေပြည်တော်တွင် ဆောက်လုပ်ပြီးစီးသည့် နိုင်ငံ့ဝန်ထမ်းအိမ်ရာကို တွေ့ရစဉ်။

**နေပြည်တော် မေ ၂၂**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ရခိုင်ပြည်နယ် မြို့လေးမြို့၌ နိုင်ငံ့ဝန်ထမ်းအိမ်ရာ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

ရခိုင်ပြည်နယ် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့၊ တောင်ကုတ်မြို့၊ ပေါက်တောမြို့နှင့် ဌမြို့တို့တွင် နိုင်ငံ့ဝန်ထမ်းအိမ်ရာစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ နိုင်ငံ့ဝန်ထမ်းအိမ်ရာ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စစ်တွေမြို့၌ လေးခန်းတွဲ လေးထပ်အဆောက်အအုံ နှစ်လုံး၊ တောင်ကုတ်မြို့၌ လေးခန်းတွဲလေးထပ်အဆောက်အအုံ တစ်လုံး၊ ပေါက်တောမြို့၌ လေးခန်းတွဲသုံးထပ်အဆောက်အအုံ တစ်လုံး၊ ဌမြို့၌ လေးခန်းတွဲ သုံးထပ်အဆောက်အအုံ တစ်လုံး စုစုပေါင်းနိုင်ငံ့ဝန်ထမ်းအိမ်ရာ အဆောက်အအုံငါးလုံးကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ နိုင်ငံ့ဝန်ထမ်းအိမ်ရာစီမံကိန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှစ၍ ပြည်နယ်ဘဏ္ဍာရန်ပုံငွေများဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လုပ်ငန်းပမာဏ ၅၀ ရာခိုင်နှုန်းစီနှင့် ဘဏ္ဍာနှစ် နှစ်နှစ်အတွင်း စီမံကိန်းလုပ်ငန်းဆက်အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များကို အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် တင်ဒါအဆိုပြုလွှာနှင့် စည်းကမ်းချက်များကို ရခိုင်ပြည်နယ် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးတွင် မေ ၄ ရက်မှ ၁၉ ရက်ထိ ဝယ်ယူနိုင်ပြီး တင်ဒါအဆိုပြုလွှာများကို မေ ၂၄ ရက် နောက်ဆုံးထား ပြန်လည်တင်သွင်းရမည်ဖြစ်ကြောင်း သိရသည်။

SKL

➤ စာမျက်နှာ ၂၄ မှအဆက်

မနက်စာချက်နေဖို့ အချိန်မရှိတော့။ မနက်စာချက်နေရင် အလုပ်နောက်ကျပေမည်။ ဒါကြောင့် မနက်စာကို အပြင်မှာပဲဝယ်စားလိုက်ပြီး နေ့လယ်စာကိုပါ အပြင်မှာစားရ၏။

ညီအစ်မရင်းလိုခင်မင်သောအစ်မတစ်ယောက်က ဤသို့ပြောလာသည်။

"လွင်လွင် ညီမလေး အခုတစ်လော မနက်စာကော နေ့လယ်စာပါ အပြင်မှာပဲစားတယ်နော်။ ညစာကိုလဲ အပြင်ကပဲစားပြီးမှ အိမ်ပြန်တယ်"

"မစားလို့လဲမရတော့ဘူးလေမမရဲ့။ မနက်ဆို အိပ်ရာထနောက်ကျတော့ မနက်စာလဲ အမီမချက်နိုင်တော့ အပြင်မှာပဲဝယ်စားရတော့တာ"

"ဒါဆို ဟိုကြီးတော်ကြီးက ဘယ်ရောက်သွားလို့လဲ"

"သူမရှိတော့ဘူး။ ညီမလေး သူ့ကိုမောင်းထုတ်လိုက်ပြီးတာကြာပေါ့"

"ဟင်ဟုတ်လား။ ဘာလို့မောင်းထုတ်လိုက်တာလဲ ညီမလေးရဲ့"

"ညီမမှ သူ့ကိုမကြည်ဖြူတာ။ သူ အိမ်မှာရှိနေတာကိုမကြိုက်လို့ နှင်လွှတ်လိုက်တာ"

"သူရှိနေတာကို မကြိုက်တာက မကြိုက်တာပေါ့ညီမလေးရဲ့။ ဒါပေမဲ့ အန်တီကြည်လှက ညီမလေးထင်သလောက်လဲမဆိုးပါဘူး။ သူက ညီမလေးအပေါ် တကယ်မေတ္တာရှိလို့ ညီမလေးပြောတာတွေကို ဇွဲမယူဘဲ အိမ်အလုပ်တွေကို ကူလုပ်ပေးနေတာလေ။ သူရှိတုန်းကတော့ အိမ်အလုပ်တွေကို ညီမလေး ဘာတစ်ခုမှလုပ်စရာမလိုဘူးမဟုတ်လား"

နှုတ်ထွက်စကားဖြေစရာမလိုဘဲ မှန်နေသည်မို့ နှုတ်ဆိတ်နေခြင်းဖြင့် ဝန်ခံလိုက်၏။

"အိမ်သန့်ရှင်းရေးလုပ်တာကအစ ထမင်းဟင်းချက်ပြုတ်တာတွေ၊ ညီမလေးရဲ့အလုပ်တွေကိုပါ သူက ကူလုပ်ပေးတယ်လေ။ သူရှိနေတုန်းကတော့ ညီမလေးက အိမ်အလုပ်တွေလုပ်စရာမလိုသလို အိမ်သန့်ရှင်းရေးကအစ သူကပဲ လုပ်ပေးနေတာလေ။ ပြီးတော့ အလုပ်ထဲမှာ ညီမလေးစားဖို့ ထမင်းချိုင့်ကိုလဲ သူကပဲ မနက်အစောကြီးထ ချက်ပြုတ်ပေးတာလေ။ ပါတီပွဲတွေရှိလို့ အိမ်ပြန်မလာချင်ရင်တောင် အိမ်မှာအစောင့်ရှိနေတော့ တစ်ရက်တလေလေး အိမ်ပြန်မအိပ်လို့ရပေမဲ့ အခုသူမရှိတော့ အိမ်ကိုပစ်ချင်သလိုပစ်ထားပြီး သွားချင်သလိုသွားလို့မရတော့ဘူးလေ။ ဘာပဲဖြစ်ဖြစ်ပေါ့ညီမလေးရယ်။ မမက ညီမလေးကို ပွင့်ပွင့်လင်းလင်းပဲပြောပြမယ်။ သူ့ကို ကိုယ့်အမေတစ်ယောက်လိုမသတ်မှတ်နိုင်ရင်တောင် အိမ်အကူတစ်ယောက်လိုတော့ ပြောလို့ရတယ်လေ။ အခုခေတ်မှာ သူ့လိုအိမ်အကူရဖို့ဆိုတာလဲ မလွယ်ဘူးနော်။ အချို့အိမ်အကူတွေက ကိုယ့်ပစ္စည်းမဟုတ်တိုင်း ကုန်ကုန်ခန်းခန်းလုပ်ချင်ကြတာ။ သူကတော့ မေတ္တာစစ်နဲ့လုပ်ကိုင်ပေးတဲ့ အိမ်အကူဆိုလဲ မမှားဘူးပေါ့ညီမလေးရယ်။ ညီမလေးက သူ့အပေါ်မှာ အခုလိုဆက်ဆံလိုက်တော့ သူ့စေတနာကိုစော်ကားရာကျပြီး ညီမလေးလဲ အခက်အခဲတွေဖြစ်တာပေါ့"

အဲဒီအစ်မပြောသည့်စကားများ မှန်နေပြီထင်သည်။ အိမ်မှာဒေါ်ကြည်လှမရှိတော့သည့်နောက်ပိုင်း အိမ်မှုကိစ္စမှန်သမျှ လွင်လွင့်တာဝန်ဖြစ်လာ၏။ အလုပ်နားရက်မှာပင် အေးအေးဆေးဆေး အနားမယူရဘဲ အိမ်မှုကိစ္စအလုပ်များကို လုပ်ရတော့၏။

ထိုအလုပ်များကို လွင်လွင်လုပ်နေရ၍ စိတ်ပျက်ညည်းညူမိသည်က-

"သူရှိနေရင် ဒီအလုပ်တွေကို ငါလုပ်စရာမလိုဘူး"

သို့သော်လည်း လွင်လွင်သည် ကိုယ့်မာနစိတ်နှင့်ကိုယ် စိတ်ပျက်ညည်းညူစွာ ဆက်လုပ်၏။

"ဘာလိုလိုနဲ့ ဒေါ်ကြည်လှအိမ်ကထွက်သွားတာ တစ်လတောင်ပြည့်တော့မှာပါလား"

ထိုလျှပ်တစ်ပြက်အတွေးက လွင်လွင့်ရင်ထဲအမျိုးအမည်ဖော်မပြတတ်သော စိတ်ခံစားချက်ကြီးဖြစ်ပေါ်လာ၏။ ထိုစကားများကြောင့် လွင်လွင့်စိတ်ထဲ မလုံခြုံတော့သလိုခံစားလာရ၏။

(၆)

"သမီးလွင်လွင်"

နောက်မှ ကြားနေကျအသံကိုကြားလိုက်ရသည်မို့ လွင်လွင်နောက်သို့ လှည့်ကြည့်လိုက်၏။

"ဟင် အန် အန်တီ"

လွင်လွင့်မျက်လုံးများ အံ့ဩစွာပြူးကျယ်ဝိုင်းစက်သွား၏။

"သမီးလွင်လွင်။ သမီး နေကောကောင်းရဲ့လား။ နည်းနည်းချောင်ကျသွားသလိုပဲနော်"

ဒေါ်ကြည်လှသည် လွင်လွင့်ကို ဝေ့ဝဲကြည့်လိုက်ပြီး မဝံ့မရဲလေသံနှင့် ပြောလိုက်၏။ ဒေါ်ကြည်လှကို မြင်လိုက်ရချင်းမှာပင် လွင်လွင့်နှလုံးသားမှလာသောစကားတို့က မျိုသိပ်မထားနိုင်တော့ဘဲ တရစပ်ပင် ပွင့်ဟလာ၏။

"သမီးတောင်းပန်ပါတယ်အန်တီရယ်။ သမီးမှားခဲ့ပါတယ်။ သမီး အန်တီ့မေတ္တာတွေကို မယုံကြည်တဲ့အပြင် စော်ကားမိပါတယ်။ သမီးမှားခဲ့မိပါတယ်။ သမီး အန်တီ့ကို တောင်းပန်ပါတယ်"

လွင်လွင့်စကားသံများက ငိုသံစွက်နေပြီး အဖျားခတ်၍တုန်ယင်နေ၏။

လွင်လွင့်ထံမှ ထင်မှတ်မထားသောစကားလုံးများကြောင့် ဒေါ်ကြည်လှမျက်ဝန်းအိမ်တွင် မျက်ရည်များဝဲတက်လာ၏။

"အခုတော့ အန်တီ့မေတ္တာတွေကို သမီးနားလည်ပါပြီ။ အခုကစ ဘယ်မှမသွားတော့ဘဲ သမီးနဲ့သာအတူနေပါ။ အန်တီက သမီးရဲ့ မွေးမိခင်မဟုတ်ပေမဲ့ သမီးကိုသွန်သင်ဆုံးမပေးတဲ့ လမ်းပြမိခင်ပါ။ အဖေမရှိတော့လဲ အရင်လိုပဲ သမီးနဲ့အတူနေပြီး သမီးကို ဆုံးမလမ်းပြပေးပါ"

"အစကတည်းက သမီးကို အန်တီပြောခဲ့တယ်လေ။ တကယ်ချစ်တဲ့လူတွေက ဘယ်တော့မှ ထားမသွားပါဘူး"

ဒေါ်ကြည်လှစကားများကို လွင်လွင်သည် သဘောကျယုံကြည်စွာ ပြုံးမိ၏။ အမှန်းဒေါသတို့ကင်းစင်သော လွင်လွင့်နှလုံးသားထဲမှ ချစ်ခြင်းမေတ္တာတို့ကို ဒေါ်ကြည်လှမြင်တွေ့နေရလေပြီ။

## လောကစံဖြတ်သန်းခြင်း

\- လှိုင်းကြီးထန်လေ
ပြင်းပါစေ
မသွေလှော်ခတ်မည်။

\- လှိုင်းကြီးသလောက်
လှေအောက်ရောက်
မမှောက်ဖို့ထိန်းမည်။

\- မြင့်မားပါစေ
တောင်ကြီးတွေ
မသွေတက်လှမ်းမည်။

\- တောင်ကြီးသလောက်
ဖဝါးအောက်
မခေါက်ခြေထိန်းမည်။

\- လူ့လောကစံ
တွေ့ကြုံပြန်
ကြံ့ခံဖြတ်သန်းမည်။ ။

**မောင်မောင်လှဦး(မြန်မာစာ)**

# ကော့မှူးမြို့နယ် ကျုံဖျာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကော့မှူး မေ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျုံဖျာကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေးခြင်းကို မေ ၂၁ ရက်က အဆိုပါကျေးရွာရှိ လူထုဗဟိုပြုခန်းမ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်မြို့နယ်ဦးစီးမှူး ဒေါ်ခင်အေးက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေမည်ဖြစ်ကြောင်းရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျုံဖျာကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များထံ ရန်ပုံငွေကျပ်သိန်း ၃၂၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ခရိုင်မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များက ကျုံဖျာကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၉ ဦးကို စတုတ္ထအကြိမ်အဖြစ် စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၂၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကျော်စောဦး(မောရမ်းမြေ)**



# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး စာပေကဏ္ဍ

## ဆင်တော်မင်္ဂလာပွဲနှင့် ပုဏ္ဏားကလေး

သားတို့၊ သမီးတို့ရေ အားလုံးပဲမင်္ဂလာပါကွယ်။ ဘိုးဘိုးဒီကနေ့ပြောပြမဲ့ပုံပြင်လေးကတော့ ဆင်တော်မင်္ဂလာပွဲနှင့် ပုဏ္ဏားကလေးဆိုတဲ့ ပုံပြင်ပဲဖြစ်ပါတယ်ကွယ်။ ပုံပြင်လေးကတော့ ဒီလိုကွဲ့။

ဟိုးရှေးရှေးတုန်းက တိုင်းပြည်ကြီးတစ်ပြည်မှာ ပုဏ္ဏားလေးတစ်ယောက်ရှိသတဲ့ကွယ်။ တစ်နေ့မှာတော့ သူ့ရဲ့ဖခင်ကြီးဖြစ်တဲ့ ပုရောဟိတ်ပုဏ္ဏားကြီးဟာ သေဆုံးသွားသတဲ့ကွယ်။ သူတို့တစ်မျိုးလုံး တစ်ဆွေလုံးက မင်းကြီးရဲ့ဆင်တော်မင်္ဂလာအမှုကို ပြုလုပ်ပြီး အသက်မွေးဝမ်းကျောင်းပြုကြတာပေါ့ကွယ်။

ဆင်တော်မင်္ဂလာတစ်ပွဲပြုတိုင်း ပစ္စည်းဥစ္စာပမာဏက များပြားစွာရသတဲ့ကွယ်။ ဒီလိုနဲ့ မကြာခင်မှာ ဆင်မင်္ဂလာပွဲတစ်ခုပြုဖို့ အချိန်ရောက်လာသတဲ့ကွယ်။ အဲဒီအခါ အခြားပုဏ္ဏားတွေက မင်းကြီးထံ ချဉ်းကပ်ခစားပြီး သံတော်ဦးတင်ကြသတဲ့ကွယ်။ ဘယ်လိုတင်ကြသလဲဆိုတော့ "အရှင်မင်းကြီး ဆင်တော်မင်္ဂလာပွဲဆင်နွှဲဖို့ အချိန်ရောက်ပါပြီ။ ဆင်တော်မင်္ဂလာပွဲပြုလုပ်သင့်ပါပြီ။ ပုရောဟိတ်ပုဏ္ဏားကြီးရဲ့သား ပုဏ္ဏားလေးဟာ ငယ်လွန်းပါသေးတယ်။ ဗေဒင်သုံးပုံကိုလဲ မတတ်သေးပါဘူး။ ဆင်ရဲ့ကြန်အင်လက္ခဏာကို ပြတဲ့ဆင်ကျမ်းကိုလဲ မတတ်ကျွမ်းသေးပါဘူး။ ဒီဆင်တော်မင်္ဂလာပွဲကို ကျွန်တော်မျိုးတို့ ပြုလုပ်ပါရစေ"ဆိုပြီး သံတော်ဦးတင်ကြသတဲ့ကွယ်။ ဒီတော့ မင်းကြီးကလဲ ပုဏ္ဏားတို့ရဲ့ အကြောင်းပြချက်ဟာ ခိုင်လုံတယ်ဆိုပြီး ခွင့်ပြုပေးလိုက်သတဲ့ကွယ်။

အဲဒီအခါ အခြားသောပုဏ္ဏားတွေက ဆင်တော်မင်္ဂလာပွဲကို ငါတို့ပြုလုပ်ရတော့မယ်။ ပစ္စည်းဥစ္စာတွေ ငါတို့ရတော့မယ်ဆိုပြီး ဝမ်းသာနေကြသတဲ့ကွယ်။ ဒီလိုနဲ့ ဆင်တော်မင်္ဂလာပွဲပြုလုပ်ဖို့ လေးရက်သာလိုတော့တယ်ဆိုတဲ့သတင်းဟာ တစ်တိုင်းပြည်လုံးပျံ့နှံ့သွားပြီး ပုဏ္ဏားကလေးရဲ့ အမေ့ဆီရောက်သွားသတဲ့ကွယ်။

အဲဒီအခါ ဆင်တော်မင်္ဂလာပွဲကို ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်လည်အောင် ငါတို့မျိုးရိုးတွေသာပြုလုပ်ခဲ့ကြတယ်။ ငါတို့မျိုးနွယ်တွေ အလုပ်မရှိတော့ပြီ။ ပစ္စည်းဥစ္စာတွေလဲ ဆုတ်ယုတ်ကုန်တော့မယ်ဆိုပြီး ငိုကြွေးနေရှာသတဲ့ကွယ်။

အဲဒီအခါ ပုဏ္ဏားကလေးက "အမေ ဘာလို့ငိုနေတာလဲ"ဆိုပြီး မေးလိုက်သတဲ့ကွယ်။ ဒီတော့ သူ့အမေကလဲ "ဒီလိုအကြောင်းတွေ ကြားလို့ပါသားရယ်"ဆိုပြီး ပြန်လည်ဖြေကြားလိုက်သတဲ့ကွယ်။ အဲဒါနဲ့ ပုဏ္ဏားကလေးကလဲ "ဩော်... အမေရယ် ဒါကြောင့်တော့မငိုပါနဲ့။ ဆင်တော်မင်္ဂလာပွဲကို မလေ့ထုံးစံတွေနဲ့အညီ သားကောင်းစွာပြုလုပ်ပါမယ်"ဆိုပြီး နှစ်သိမ့်ပေးလိုက်သတဲ့ကွယ်။ ဒီတော့ သူ့အမေက "မဖြစ်ပါဘူး သားရယ် သားကဗေဒင်သုံးပုံကိုလဲ မတတ်သေး။ ဆင်ရဲ့ ကြန်အင်လက္ခဏာကိုပြတဲ့ဆင်ကျမ်းကိုလဲ မတတ်သေးဆိုတော့ ဆင်တော်မင်္ဂလာကို ဘယ်လိုလုပ်ပြီး ပြုလုပ်မလဲ"ဆိုပြီး စိုးရိမ်စိတ်နဲ့ပြောရှာသတဲ့ကွယ်။




ဒါဖြင့်ရင် ဆင်တော်မင်္ဂလာပွဲက ဘယ်တော့ပြုလုပ်မှာတဲ့လဲအမေ"ဆိုပြီး သူ့အမေကို ပုဏ္ဏားလေးက မေးတာပေါ့ကွယ်။ ဒါနဲ့ သူ့အမေကလဲ "ဒီနေ့ကနေ ရေတွက်ရင် နောက်လေးရက်မြောက်နေ့လို့ပြောတာပဲသားရယ်"ဆိုပြီး ပြန်ဖြေပေးတာပေါ့ကွယ်။ "အမေ ဒါဆိုရင် ဗေဒင်သုံးပုံကို သင်ပေးနိုင်တဲ့ ဆရာရယ်၊ ဆင်ကျမ်းကိုတတ်ကျွမ်းတဲ့ဆရာရယ် သူတို့တွေ ဘယ်မှာရှိကြတာလဲသိရင် သားကိုပြောပါ"ဆိုပြီး သူ့အမေကို မေးသတဲ့ကွယ်။ ဒီတော့သူ့အမေကလဲ "ပညာစုံတတ်ကျွမ်းတဲ့ ဒိသာပါမောက္ခဆရာကြီးဟာ ဒီကနေ ယူဇနာတစ်ရာ့နှစ်ဆယ်ဝေးတဲ့ တက္ကသိုလ်ကြီးမှာရှိပါတယ်ချစ်သား"ဆိုပြီး လမ်းပြပေးလိုက်သတဲ့ကွယ်။ ဒီတော့ ပုဏ္ဏားကလေးက "ဒါဆိုဟုတ်ပြီ ကျွန်တော်တို့မျိုးနွယ်ကို မပျက်စီးစေရပါဘူး။ ကျွန်တော်မနက်ဖြန် တစ်နေ့တည်းနဲ့ တက္ကသိုလ်ကို အရောက်သွားပြီး တစ်ညတည်းနဲ့ ဗေဒင်သုံးပုံနဲ့ဆင်ကျမ်းကို တတ်အောင်သင်ယူခဲ့ပါ့မယ်။ နောက်တစ်နေ့မှာ အရောက်ပြန်လာပြီး လေးရက်မြောက်တဲ့နေ့မှာ ဆင်တော်မင်္ဂလာပွဲကို ပြုလုပ်ပါမယ်။ မငိုပါနဲ့တော့ အမေ"ဆိုပြီး အားပေးစကားပြောကြားလိုက်သတဲ့ကွယ်။ ဒီလိုနဲ့ ပုဏ္ဏားကလေးဟာ နောက်တစ်နေ့မှာတော့ မနက်စောစောထ ထမင်းစားသောက်ပြီး တစ်ယောက်တည်းထွက်လာခဲ့ရာ တစ်နေ့တည်းနဲ့ တက္ကသိုလ်ဆရာ့ထံမှောက်သို့ ရောက်လာခဲ့သတဲ့ကွယ်။ အဲဒီအခါ ဆရာကြီးကို ရိုသေစွာ ကန်တော့ပြီး သင့်လျော်တဲ့နေရာလေးမှာ တရိုတသေ ထိုင်နေလိုက်သတဲ့ကွယ်။ ဒီတော့ဆရာကြီးက ပုဏ္ဏားလေးကိုမေးသတဲ့။ ဘယ်လိုမေးသလဲဆိုတော့-

"ငါ့တပည့် ဘယ်အရပ်က လာတာလဲ"

"ဗာရာဏသီပြည်က လာတာပါဆရာကြီး"

"လာခြင်းရဲ့အကြောင်းကို ပြောပါအုံး"

"ဆရာကြီးထံမှာ ဗေဒင်သုံးပုံနဲ့ ဆင်ကျမ်းကို သင်ချင်လို့ပါ ဆရာကြီး"

"ကောင်းပြီ ငါ့တပည့် သင်တာပ"

"ဆရာကြီး ကျွန်တော်ဆောင်ရွက်ရမဲ့ဆင်တော်မင်္ဂလာပွဲက ရက်အလွန်နီးနေပါတယ်။ ဒါကြောင့် ကျွန်တော်ဟာ ယူဇနာတစ်ရာ့နှစ်ဆယ်ရှိတဲ့ခရီးကို တစ်နေ့တည်းနဲ့ ရောက်အောင်လာခဲ့ပါတယ်။ ဒီကနေ့ တစ်ညလုံး ကျွန်တော့်ကိုပညာသင်ခွင့်ပေးပါ။ မနက်ဖြန် ဒီကပြန်ရောက်လို့ နောက်နေ့မှာ ဆင်တော်မင်္ဂလာပွဲကိုပြုလုပ်ပေးရပါမယ်။ တစ်ကြိမ်တည်းရွတ်ဖတ်ခြင်းဖြင့် ပညာအားလုံးကို တတ်အောင်သင်ယူပါမယ် ဆရာကြီး"ဆိုပြီးတော့ အသပြာတစ်ထောင်ထုပ်ကို ဆရာကြီးရဲ့ရှေ့မှာချပြီး ရိုသေစွာကန်တော့လိုက်သတဲ့ကွယ်။ အဲဒီအချိန်ကစပြီး ဗေဒင်သုံးပုံနဲ့ ဆင်ကျမ်းကို ဆရာရော တပည့်ပါ မနားတမ်းသင်ကြားလိုက်တာ အရုဏ်တက်ချိန်ရောက်တော့ အားလုံးပြီးဆုံးသွားသတဲ့ကွယ်။ ပုဏ္ဏားကလေးဟာ ဒီလိုနဲ့ဆရာကြီးကို ကန်တော့ပြီး တစ်နေ့တည်းနဲ့ ဗာရာဏသီပြည်ကို အရောက်ပြန်လာခဲ့သတဲ့ကွယ်။

ဒီလိုနဲ့ နောက်တစ်နေ့ကျတော့ ဆင်တော်မင်္ဂလာပွဲကြီးကို ကျင်းပပြုလုပ်ကြသတဲ့ကွယ်။ အဲဒီအခါ အခြားသောပုဏ္ဏားတွေက ငါတို့ဆင်တော်မင်္ဂလာပြုလုပ်ရတော့မယ်။ ငါတို့ဆင်တော်မင်္ဂလာပြုလုပ်ရတော့မယ်ဆိုပြီး ဝမ်းသာနေကြသတဲ့ကွယ်။ မင်းကြီးကလဲ အခြံအရံတွေနဲ့ ဆင်တော်မင်္ဂလာပွဲတော်ရှိရာကို ထွက်တော်မူလာသတဲ့ကွယ်။ အဲဒီအချိန်မှာ ပုဏ္ဏားကလေးက မင်းကြီးထံသွားပြီး "အရှင်မင်းကြီး ဒီပုဏ္ဏားတွေထဲမှာ ဗေဒင်သုံးပုံနဲ့ ဆင်ကျမ်းတွေကိုဖြစ်စေ၊ တစ်ခုခုကိုဖြစ်စေ ကျွန်တော်မျိုးနဲ့အတူ ပြောဆိုဆွေးနွေးနိုင်သူ ပုဏ္ဏားတစ်ယောက်တလေရှိပါက အထခိုင်းတော်မူပါ"ဆိုပြီး ပုဏ္ဏားကလေးက ပရိသတ်ဗိုလ်ပါ အလယ်မှာ ရဲရဲဝံ့ဝံ့လျှောက်ထားလိုက်သတဲ့ကွယ်။ အဲဒီအခါ ပြိုင်ဘက်တစ်ယောက်ရှိနေတာတောင် ပုဏ္ဏားကလေးရဲ့ ရဲရင့်ပြတ်သားတဲ့အသံကြောင့် ထိုင်ရာမှမထရဲရှာတော့ဘူးတဲ့ကွယ်။ ဒီလိုနဲ့ပုဏ္ဏားကလေးဟာ သူ့ရဲ့မျိုးရိုးအစဉ်အလာကို ထိန်းသိမ်းရင်းနဲ့ ဆင်တော်မင်္ဂလာပွဲကို ကောင်းမြတ်တဲ့ဓလေ့ထုံးစံတွေနဲ့အညီ ပြုလုပ်ပြီး မင်းကြီးချီးမြှင့်တဲ့ပစ္စည်းဥစ္စာမြောက်မြားစွာကို အိမ်သို့ယူဆောင်ကာ ပြန်သွားလေသတဲ့ကွယ်။

"ကဲ... ပုံပြင်လေးကတော့ ဒါပါပဲကွယ်။ အားလုံးသင်ခန်းစာယူနိုင်ကြပါစေ"လို့ ဆုတောင်းမေတ္တာပို့သလိုက်ရပါတယ်ကွယ်။

**တက္ကသိုလ်မောင်နှင်းဝေ**

## အောင်မြင်ဖို့ရာ

- ကျောင်းပိတ်ရက်ဟု ဆိုကာကွယ်
  စာနှင့်မဝေးဖွယ်၊
  အိမ်နေရင်းမယ် စာတွေဖတ်
  ဉာဏ်ပညာဖျတ်လတ်။
- လေ့လာတတ်မှ ဘဝသာ
  ဗဟုသုတဖြာ၊
  အောင်မြင်ဖို့ရာ နည်းလမ်းရှိ
  စာပေဖတ်လျှင်သိ။ ။

**ကိုရွှေတောသား (ဆင်ကူး)**




## ဥယျာဉ်မှူး

- သစ်ပင်လေးများ လှဖို့ပါ
  ပြုစုပျိုးထောင်တာ၊
  အလှဝေဆာ ပန်းပွင့်များ
  မွှေးကြိုင်မြတကား။
- သစ်သီးအများ ရာသီစာ
  ဝင်းမှည့်လို့နေတာ၊
  ဥယျာဉ်မှူးမှာ ပျိုးထောင်လို့
  တင့်တယ်လှတယ်ဗျို့။ ။

**ဝေဟင်ငှက်**



# ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်မှုဇုန်များနှင့် စက်မှုဇုန်ပြင်ပရှိ စီးပွားရေးလုပ်ငန်းများ စက်သုံးဆီဝယ်ယူရရှိရေး Google Sheet အသုံးပြု၍ လျှောက်ထားရမည်



**ရန်ကုန် မေ ၂၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်မှုဇုန်များနှင့် စက်မှုဇုန်ပြင်ပရှိ စီးပွားရေးလုပ်ငန်းများ စက်သုံးဆီ အလွယ်တကူ ဝယ်ယူရရှိရေး အတွက် Google Sheet အသုံးပြု၍ စက်သုံးဆီလျှောက်ထားရမည် ဖြစ်ကြောင်း မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) မှ အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်ခိုင်ခိုင်နွယ်က ပြောပြ၍ သိရသည်။

ထိုသို့ လျှောက်ထားရာတွင် ပိုမိုလွယ်ကူမြန်ဆန်စေရေးအတွက် Google Sheet အသုံးပြု၍သာ လျှောက်ထားရမည်ဖြစ်ကြောင်း၊ လက်ရှိကာလတွင် ကုန်ထုတ်လုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှု အထောက်အကူပြုလုပ်ငန်းများ စက်သုံးဆီလွယ်ကူစွာ ဝယ်ယူရရှိနိုင်ရေးအတွက် စက်မှုဇုန်အတွင်းနှင့်စက်မှုဇုန်ပြင်ပရှိ စက်ရုံ၊ အလုပ်ရုံများမှ စက်သုံးဆီ လျှောက်ထားမှုများကို စက်မှုဇုန်အတွင်းရှိ စက်ရုံများအတွက် သက်ဆိုင်ရာ စက်မှုဇုန်များမှ စုစည်း၍လည်းကောင်း၊ စက်မှုဇုန်ပြင်ပရှိ စက်ရုံများအတွက် သက်ဆိုင်ရာအသင်းများက စုစည်း၍လည်းကောင်း လျှောက်ထားလျက်ရှိကြောင်း သိရသည်။

"စက်သုံးဆီ လျှောက်ထားရာမှာ ကြုံတွေ့နေရတဲ့ အခက်အခဲတွေထဲမှာ စက်သုံးဆီဈေးနှုန်း ကွာဟချက်တွေကြောင့် စက်မှုဇုန်တွေအတွက် နစ်နာမှုတွေရှိပါတယ်။ ဒါကို လျှော့ချနိုင်ရေးအတွက် လျှောက်ထားရမဲ့ Google Sheet မှာ တိကျမှန်ကန်စွာ ဖြည့်သွင်းပေးဖို့လိုပါတယ်။ ဇုန်ပြင်ပမှ လျှောက်ထားမဲ့ စီးပွားရေးလုပ်ငန်းတွေအတွက် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း (MIA) မှာ သက်ဆိုင်ရာအသင်းထောက်ခံချက်နဲ့ လျှောက်ထားရမှာ ဖြစ်ပါတယ်။ Google Sheet မပို့ခင် အချက်အလက်တွေမှန်ကန်စေဖို့ ပြန်လည်စစ်ဆေးပေးဖို့လိုပါတယ်။ Google Sheet အသုံးပြုပြီး စက်သုံးဆီလျှောက်ထားရာမှာ ဖြည့်စွက်ပုံနည်းလမ်း အဆင့်ဆင့်ကိုလဲ စက်မှုဇုန်တွေနဲ့ စက်မှုဇုန်ပြင်ပ ကိုယ်စားလှယ်တွေကို ရှင်းလင်းထားပြီးဖြစ်ပါတယ်"ဟု ဒေါ်ခိုင်ခိုင်နွယ်က ပြောပြ၍ သိရသည်။ ASH

# မလှိုင်မြို့နယ် သိမ်ကုန်းမြောက်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**မလှိုင် မေ ၂၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျှော့ချစေရန် ရည်ရွယ်၍ သိမ်ကုန်းကျေးရွာအုပ်စု သိမ်ကုန်းမြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဦးကျော်စိုးဝင်းနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၂ ဒသမ ၃ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးခဲ့ကြောင်း သိရသည်။

သိမ်ကုန်းမြောက်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၃ ဦးကို ငွေကျပ် ၃၀ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင် သူ ၄၄ ဦးကို ငွေကျပ် ၁၄ ဒသမ ၁ သန်း၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ၅ ဒသမ ၂ သန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၂ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၂ ဒသမ ၃ သန်း ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**

# ရွှေဘိုမြို့နယ်တွင် နွေစပါးဧက ၁၀၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**ရွှေဘို မေ ၂၂**

ယခုနှစ် နွေသီးနှံစိုက်ပျိုးချိန်၌ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် နွေစပါးဧက ၁၀၀၀၀ ကျော်စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၂-၂၀၂၃ ခုနှစ် နွေသီးနှံစိုက်ပျိုးချိန်၌ ရွှေဘိုမြို့နယ်တွင် နွေစပါးသီးနှံဧက ၅၃၄၁၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလ တတိယပတ်မှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၈၁၂၁ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ရွှေဘိုမြို့နယ်မှာ နွေစပါးသီးနှံဧက ၅၀၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားတယ်။ ဒီနေ့ထိ ဧက ၁၀၀၀၀ ကျော်စိုက်ပျိုးပြီးစီးနေပြီ။ မနှစ်ကလဲ နွေစပါးသီးနှံဧက ၅၀၀၀၀ ကျော်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ်လဲ နွေစပါးသီးနှံဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးဖို့ ဆောင်ရွက်နေတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုက ပြောပြသည်။

ပြီးခဲ့သည့် ၂၀၂၁-၂၀၂၂ ခုနှစ် နွေသီးနှံစိုက်ပျိုးချိန်၌ ရွှေဘိုမြို့နယ်တွင် နွေစပါးသီးနှံဧက ၅၄၉၈၄ ဧကသာ စိုက်ပျိုးနိုင်ခဲ့ကြောင်း ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စာရင်းများအရ သိရသည်။



ရွှေဘိုမြို့နယ်တွင် နွေစပါးစိုက်ပျိုးတောင်သူများအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်း၊ မျိုးသန့်များ စိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းပညာများ၊ မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများ စိုက်ပျိုးကြရန်အတွက် နည်းပညာပေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ၂၀၂၂-၂၀၂၃ ခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်၌ ရွှေဘိုမြို့နယ်တွင် မိုးစပါး ဧက ၁၁၃၅၀၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် ဇွန်လမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ကြရာ မိုးစပါးဧက ၁၁၂၉၉၂ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# တန့်ယန်းမြို့နယ် မိုင်းကောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တန့်ယန်း မေ ၂၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် ကျေးရွာဖြစ်သည့် မိုင်းကောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ အဌမအကြိမ် ထုတ်ချေးပေးခြင်းကို ယနေ့နံနက် ၉ နာရီက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ထုတ်ချေးပေးရာတွင် တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မနွယ်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့်တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစု ဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မိသားစုစားဝတ်နေရေးအခက်အခဲများ လျော့နည်းစေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များက မိုင်းကောင်ကျေးရွာရှိ အသင်းသားများကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအဌမအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်း အဝယ်လုပ်ငန်းလုပ်ကိုင်မည့်သူ ဦးရေ ၃၀ ကို စီမံကိန်းရန်ပုံငွေကျပ် ၄၈၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်းသိရသည်။ **သူသူ**

# ရမည်းသင်းမြို့နယ်တွင် စီမံကိန်းကျေးရွာများရွေးချယ်ပွဲ ကျင်းပ

**ရမည်းသင်း မေ ၂၂**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ RBF စီမံကိန်းနှင့်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) နှင့် ခေတ်မီစံပြကျေးရွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာရွေးချယ်ပွဲကို ယနေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရမည်းသင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ရွှေသိန်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ရမည်းသင်းမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဆန်းက စီမံကိန်းကျေးရွာရွေးချယ်ရေးသတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများနှင့်စီမံကိန်းကျေးရွာများ ရွေးချယ်ပေးရာတွင် အမှန်တကယ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် ကျေးရွာများကို ဦးစားပေးရွေးချယ်ပေးစေလိုကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကျေးရွာရွေးချယ်ပွဲ တက်ရောက်လာကြသည့် ရမည်းသင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းကျေးရွာ တစ်ရွာ၊ RBF စီမံကိန်းကျေးရွာ တစ်ရွာနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ကျေးရွာ ကိုးရွာနှင့် ခေတ်မီစံပြကျေးရွာ တစ်ရွာ စုစုပေါင်းကျေးရွာ ၁၂ ရွာကို သတ်မှတ်ထားသည့် ကျေးရွာရွေးချယ်ရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဦးစားပေးအလိုက် ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**



# အယ်လ်နီညိုရာသီဥတုဖြစ်စဉ်များအကြောင်း

မေဇင်ထွန်း

အယ်လ်နီညိုဆိုသည်မှာ အစွန်းရောက်သဘာဝဖြစ်စဉ်တစ်ခုဖြစ်ပြီး ထိုဖြစ်စဉ်ကြောင့် အလွန်ပူနွေးခြောက်သွေ့တတ်သည်။ အယ်လ်နီညိုဟူသောအမည်ကို တောင်အမေရိကတိုက်၏အနောက်ဘက် ကမ်းရိုးတန်းနိုင်ငံများဖြစ်သည့် အီကွေဒေါနှင့် ပီရူးနိုင်ငံများရှိ ဒေသခံတံငါသည်များက ၎င်းနိုင်ငံအတွင်းဖြတ်သန်းလာတတ်သည့် ပင်လယ်ရေပူစီးကြောင်းများကို ပေးထားသော ဒေသအခေါ်အမည်ဖြစ်သည်။ ယေဘုယျအားဖြင့် အယ်လ်နီညိုဖြစ်စဉ်သည် ငါးနှစ်မှ ခုနစ်နှစ်အတွင်းတွင် တစ်ကြိမ်ခန့်သာ ဖြစ်ပေါ်တတ်သော်လည်း ယခုနောက်ပိုင်းတွင် နှစ်နှစ်၊ သုံးနှစ်အတွင်းဖြစ်ပေါ်လာသည်ကိုတွေ့ရသည်။

အယ်လ်နီညိုဖြစ်စဉ်များသည် နောက်ပိုင်းတွင် အားကောင်းလာသဖြင့် တစ်ကမ္ဘာလုံးသို့ပျံ့နှံ့ကာ ရာသီဥတုဖောက်ပြန်မှုများ ပိုမိုပြင်းထန်လာသည်။ အယ်လ်နီညိုဖြစ်စဉ်ဖြစ်ပါက များသောအားဖြင့် အပူချိန်လွန်ကဲခြင်း၊ တောမီးလောင်ကျွမ်းခြင်း၊ မိုးခေါင်လွန်းခြင်း၊ သောက်သုံးရေရှားပါးခြင်း စသောရာသီဥတုဖောက်ပြန်မှုတို့ကိုဖြစ်ပေါ်စေတတ်ပြီး အချို့နိုင်ငံများတွင် အချိန်အခါမဟုတ် မိုးသည်းထန်စွာရွာသွန်းကာ ရေကြီးရေလျှံမှုများလည်းဖြစ်ပေါ်တတ်သည်။ အယ်လ်နီညိုသည် အစွန်းရောက်ပူပြင်းခြောက်သွေ့မှုများဖြင့် ရာသီဥတုကိုဖောက်ပြန်ပြောင်းလဲစေပြီး စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ တည်ဆောက်ပြုပြင်ရေး စသည့်ကဏ္ဍပေါင်းစုံတွင် ထိခိုက်မှုများကိုဖြစ်ပေါ်စေသော သဘာဝဖြစ်စဉ်တစ်ခုဖြစ်သည်။

လေ့လာထားသောမှတ်တမ်းများအရ ၂၀၂၂ ခုနှစ်သည် ဥရောပအတွက် အပူဆုံးသောနွေရာသီဖြစ်ပြီး ၂၀၂၃ ခုနှစ်သည်လည်း ယခုထက်ပို၍ပူပြင်းမည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက သတိပေးထားသည်။ ထိုသို့ ပိုမိုပူပြင်းလာနိုင်သည့်အကြောင်းရင်းမှာ လာနီညာဟုခေါ်သော ကမ္ဘာ့အပူချိန်ကို မတက်အောင်ထိန်းထားနိုင်သည့် အအေးလှိုင်းဖြစ်စဉ်များဖြစ်ပွားမှုအကြိမ်ရေများ လျော့ကျလာကာ နောက်ပိုင်းတွင် လုံးဝဖြစ်ပေါ်လာတော့မည် မဟုတ်သည့်အတွက်ဖြစ်သည်။ လာနီညာနှင့် အယ်လ်နီညိုသည် ကမ္ဘာ့အပူထိန်းညှိရေးစနစ်၏ အစိတ်အပိုင်းများဖြစ်သည်။

အယ်လ်နီညိုနှင့်လာနီညာဟူသော သဘာဝဖြစ်စဉ်များသည် ဆန့်ကျင်ဘက်ဖြစ်စဉ် နှစ်ခုဖြစ်ပြီး အဆိုပါဖြစ်စဉ်များက ကမ္ဘာတစ်ဝန်းရှိ မိုးလေဝသနှင့် သဘာဝပတ်ဝန်းကျင်ဖြစ်စဉ်များကို သိသိသာသာ ပြောင်းလဲသွားစေနိုင်ပါသည်။ အယ်လ်နီညိုနှင့် လာနီညာဖြစ်စဉ်များသည် နှစ်စဉ်ဖြစ်ပွားပုံချင်း မတူညီသည့်အတွက် ဖြစ်လေ့ဖြစ်ထရှိသောအဆိုပါဖြစ်စဉ်များကို သိပ္ပံပညာရှင်များက မှတ်တမ်းတင်ထားခဲ့ရာ အယ်လ်နီညိုဖြစ်စဉ် ဖြစ်သည့်အခါတွင် ကမ္ဘာ့အပူချိန်သည် သုည ဒသမ ၂ ဒီဂရီစင်တီဂရိတ်ခန့် မြင့်တက်လာလေ့ရှိပြီး လာနီညာသဘာဝဖြစ်စဉ်ဖြစ်သည့်အခါတွင် ကမ္ဘာ့အပူချိန်သည် သုည ဒသမ ၂ ဒီဂရီစင်တီဂရိတ်ခန့် ကျဆင်းသွားလေ့ရှိသည်။

အယ်လ်နီညိုဖြစ်စဉ် ဖြစ်သည့်အခါတွင် ပူနွေးသောရေများသည် ကမ္ဘာတစ်ဝန်းသို့ ပိုမိုပျံ့နှံ့ရောက်ရှိသွားသည့်အပြင် လေထုထဲအထိပါ အဆိုပါပူနွေးသောရေများရောက်ရှိလာသဖြင့် အပူချိန်ပိုမိုမြင့်တက်လာပြီး ပူနွေးစိုစွတ်သောလေကိုဖြစ်စေသည်။ လေ့လာတွေ့ရှိထားသည့် မှတ်တမ်းများအရ ၂၀၁၆ ခုနှစ်သည် ကမ္ဘာတစ်ဝန်းတွင် အပူဆုံးနှစ်အဖြစ် မှတ်တမ်းတင်ခံခဲ့ရကာ အယ်လ်နီညိုဖြစ်စဉ် အပြင်းထန်ဆုံးနှစ်လည်းဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်ကြားကာလများ၌ ကမ္ဘာကြီး၏မြောက်ဘက်ခြမ်းဒေသများတွင် သုံးနှစ်ဆက်တိုက်ဆိုသလို လာနီညာဖြစ်စဉ်များဖြစ်ပွားခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ ထိုသို့ သုံးနှစ်ဆက်တိုက် လာနီညာဖြစ်စဉ်များဖြစ်ပွားခဲ့ရာတွင် ၂၀၂၂ ခုနှစ်သည် အပူဆုံးနှစ်များစာရင်းဝင် နှစ်တစ်နှစ်အဖြစ် မှတ်တမ်းတင်ခံခဲ့ရကြောင်း၊ ထိုသို့ လာနီညာဖြစ်စဉ် သုံးနှစ်ဆက်တိုက်မဖြစ်ခဲ့လျှင် ယခုထက်ပိုပြီး ပူပြင်းနိုင်ကြောင်း၊ ၂၀၂၃ ခုနှစ်တွင် လာနီညာဖြစ်စဉ်များ မဖြစ်ပွားတော့သလောက်ကို ရှားပါးသွားနိုင်ကြောင်း ဥရောပသမဂ္ဂ၏ ရာသီဥတုစောင့်ကြည့်ရေးအဖွဲ့က ဆိုခဲ့သည်။



အယ်လ်နီညိုအပူလှိုင်းဖြစ်စဉ် ဖြစ်ပွားသည့်အခါတွင် ဖြစ်ပေါ်လာသော ပူနွေးသည့်ရေများသည် ပစိဖိတ်သမုဒ္ဒရာကိုဖြတ်လာသည့် ဂျက်လေစီးကြောင်းများကို အားကောင်းသွားစေပြီး ကမ္ဘာကြီး၏တောင်ဘက်နှင့် အရှေ့ဘက်အရပ်ဒေသများတွင် အပူလှိုင်းများပိုဖြစ်စေသည်။ ဥပမာဆိုရလျှင် အယ်လ်နီညိုအပူလှိုင်းဖြစ်စဉ် ဖြစ်ပွားသည့်အခါတွင် အမေရိကန်နိုင်ငံတောင်ပိုင်းပြည်နယ်များနှင့် မက္ကဆီကိုပင်လယ်ကွေ့ဒေသများတွင် အေးကာစိုစွတ်သောရာသီဥတုကိုဖြစ်စေပြီး အမေရိကန်မြောက်ပိုင်းနှင့် ကနေဒါနိုင်ငံတို့တွင် ခြောက်သွေ့သောရာသီဥတုကိုဖြစ်စေပါသည်။

အာရှနိုင်ငံများ၊ ဩစတြေးလျနိုင်ငံ၏အလယ်ပိုင်းနှင့် အာဖရိကတောင်ပိုင်ဒေသများတွင် မိုးခေါင်သည်ထိ ခြောက်သွေ့မှုကိုခံစားကြရသည်။ လာနီညာဖြစ်စဉ်တွင် အယ်လ်နီညိုဖြစ်စဉ်နှင့် ပြောင်းပြန်ဖြစ်သွားကာ အမေရိကန်နိုင်ငံတောင်ပိုင်းတို့တွင် ခြောက်သွေ့မှုဒဏ်ကိုခံစားကြရပြီး ကနေဒါနိုင်ငံနှင့် အာရှနိုင်ငံများတွင် မိုးသည်းထန်စွာရွာသွန်းမှုကိုဖြစ်စေသည်။ အယ်လ်နီညိုနှင့်လာနီညာဖြစ်စဉ်များသည် နှစ်နှစ်တွင် တစ်ခါ သို့မဟုတ် ခုနစ်နှစ်တွင်တစ်ခါခန့် ဖြစ်နိုင်ပြီး တစ်ကြိမ်ဖြစ်လျှင် ကိုးလမှ တစ်နှစ်ထိကြာတတ်သည်။ အဆိုပါသဘာဝဖြစ်စဉ်များသည် တစ်လှည့်စီဖြစ်ပွားခြင်းဖြစ်သော်လည်း တစ်သမတ်တည်းသတ်မှတ်၍ မရပေ။ သို့သော်လည်း လာနီညာဖြစ်စဉ်သည် အယ်လ်နီညိုဖြစ်စဉ်ထက် များသောအားဖြင့် အဖြစ်နည်းကြောင်း လေ့လာတွေ့ရှိရသည်။

အယ်လ်နီညိုအပူလှိုင်းဖြစ်စဉ်နှင့် လာနီညာအအေးလှိုင်းဖြစ်စဉ် နှစ်ခုစလုံးကြောင့်ဖြစ်သော ရာသီဥတုဆိုးရွားမှုများကြောင့် ကမ္ဘာတစ်ဝန်းရှိ အခြေခံအဆောက်အအုံများ၊ အစားအစာအရင်းအမြစ်များနှင့် စွမ်းအင်စနစ်များတွင် ကြီးစွာသောထိခိုက်မှုများဖြစ်စေတတ်သည်။ သာဓကအားဖြင့်ဆိုရလျှင် ၂၀၁၄ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်ကဖြစ်ပေါ်ခဲ့သော အယ်လ်နီညိုဖြစ်စဉ်များကြောင့် ကနေဒါနိုင်ငံနှင့် အာရှနိုင်ငံများတွင် မိုးခေါင်ရေရှားမှုများဖြစ်ပွားခဲ့ရာမှ သီးနှံများစိုက်ပျိုးဖြစ်ထွန်းမှုမရှိခဲ့သဖြင့် လူသားတို့၏ အစားအစာပံ့ပိုးမှုပိုင်းကိုထိခိုက်စေခဲ့ပြီး အစားအသောက်များ ဈေးနှုန်းမြင့်တက်မှုများနှင့်ကြုံတွေ့ခဲ့ရကာ လူပေါင်း သန်း ၆၀ ကျော် အစားအစာရှားပါးမှုဒဏ်ခံခဲ့ရကြောင်း ကုလသမဂ္ဂ၏အစားအစာနှင့် စိုက်ပျိုးရေးဆိုင်ရာအဖွဲ့ကဆိုထားသည်။

ထို့ပြင် အယ်လ်နီညိုအပူလှိုင်းဖြစ်စဉ်ကြောင့် ပင်လယ်ပြင်မျက်နှာပြင်ရှိရေများ ပူနွေးလာကာ ထိုပူလွန်းသောအဏ္ဏဝါအတွင်း နေထိုင်ကြရသည့် ရေနေသတ္တဝါများ ဘေးဒုက္ခများနှင့်ရင်ဆိုင်ကြရပြီး ပင်လယ်ကြမ်းပြင်တွင် သဘာဝအတိုင်း ရှင်သန်ပေါက်ရောက်လေ့ရှိသည့်အပင်များအတွက် လိုအပ်သော အာဟာရဓာတ်များသည် ရေပူများကြောင့် ခန်းခြောက်သွားသည်။ ထိုသို့ အာဟာရဓာတ်များခန်းခြောက်သွားသည့်အခါ ထိုအာဟာရဓာတ်ကိုမှီတည်ပေါက်ရောက်သော ရေအောက်အပင်၊ ရေမှော်ပင်များဖြစ်ထွန်းမှုနည်းသွားခြင်းသည် ကင်းမွန်နှင့် ဆယ်လ်မွန်ငါးများကဲ့သို့ ထိုရေမှော်ပင်များကို စားသုံးရှင်သန်သော သတ္တဝါများကို အစာရေစာရှားပါးကာ သေကျေပျက်စီးမှုကိုဖြစ်စေသည်။ ထိုငါးများနည်းသွားသည့်အတွက် ငါးဖမ်းလုပ်ငန်းကိုအဓိကထားရပ်တည်ရှင်သန်ရသော ငါးဖမ်းသမားများတွင် ထိခိုက်မှုများကိုဖြစ်စေသည်။

၂၀၂၁ ခုနှစ် ကုလသမဂ္ဂ၏ ရာသီဥတုဆိုင်ရာ သိပ္ပံပညာရှင်များ၏ ပြောကြားချက်အရ အယ်လ်နီညို၊ လာနီညာအပူလှိုင်း၊ အအေးလှိုင်းဖြစ်စဉ်များသည် ၁၉၅၀ ပြည့်နှစ်နောက်ပိုင်းတွင် ပိုမိုဆိုးရွားလာသည်ကို တွေ့ရသည်။ ကုလသမဂ္ဂ၏ ရာသီဥတုဆိုင်ရာ သိပ္ပံပညာရှင်များနှင့်ဖွဲ့စည်းထားသော ရာသီဥတုပြောင်းလဲမှုဆိုင်ရာအစိုးရချင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (IPCC) က ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှုသည် အယ်လ်နီညိုနှင့်လာနီညာဖြစ်စဉ်များအပေါ် သက်ရောက်စေသည်ဟူသော ရှင်းလင်းသေချာသည့် သက်သေအထောက်အထားများကို မတွေ့ရသေးကြောင်း ဆိုထားသည်။

ထို့ပြင် အယ်လ်နီညိုအပူလှိုင်းကြောင့်ဖြစ်ပေါ်လာသော မိုးရွာသွန်းမှုပုံစံများပြောင်းလဲခြင်းသည် သန်းနှင့်ချီသည့် ကလေးများကို အာဟာရချို့တဲ့ခြင်းနှင့် ကျန်းမာရေးဆိုင်ရာပြဿနာများ ဖြစ်စေသည်ကို တွေ့ရှိခဲ့ရသဖြင့် ကြိုတင်ကာကွယ်မှုများပြုလုပ်ပြီး အရေးတယူဆောင်ရွက်မှုများ လုပ်ဆောင်ကြရန် သုတေသီများက တိုက်တွန်းပြောကြားခဲ့သည်။ အယ်လ်နီညိုသည် အခါအားလျော်စွာပေါ်ပေါက်လာသောဖြစ်စဉ်ဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပုံစံများအပေါ် သက်ရောက်မှုရှိသည်။ များသောအားဖြင့် ပစိဖိတ်သမုဒ္ဒရာအရှေ့ပိုင်းတွင်ရှိသော သမုဒ္ဒရာမျက်နှာပြင်ရေပြင်တွင် ပုံမှန်မဟုတ်သည့် ပူနွေးမှုများဖြစ်ပေါ်လာသည့်အခါ အယ်လ်နီညိုဖြစ်စဉ် ဖြစ်တတ်သည်။ ထိုအခါတွင် ဒေသတချို့၌ မိုးသည်းထန်စွာရွာသွန်းနိုင်သော်လည်း အခြားဒေသများတွင် မိုးခေါင်နိုင်သည်။

အမေရိကန်နိုင်ငံအခြေစိုက် သုတေသီများက အယ်လ်နီညိုဖြစ်စဉ်နှင့်ပတ်သက်၍ နှစ်ပေါင်း ၄၀ ကြာ စဉ်ဆက်မပြတ်လေ့လာမှုများပြုလုပ်ပြီး အချက်အလက်များစုစည်းထားမှုအရ ဖွံ့ဖြိုးဆဲနိုင်ငံများအားလုံးရှိ ကလေးတစ်သန်းကျော်တွင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ် ကြုံတွေ့သောနှစ်များနှင့် အယ်လ်နီညိုဖြစ်စဉ်မကြုံတွေ့သည့် နှစ်ကာလအခြေအနေအတွင်း ကလေးများ၏ ကိုယ်အလေးချိန်များကိုတိုင်းကာ နှိုင်းယှဉ်လေ့လာခဲ့သည်။

လေ့လာတွေ့ရှိချက်အရ အယ်လ်နီညိုရာသီဥတုအခြေအနေနှင့် တွေ့ကြုံခဲ့ရသည့်ကလေးများ၏ ၂၀ ရာခိုင်နှုန်းခန့်တွင် ပုံမှန်ကိုယ်အလေးချိန်အောက် အလွန်အမင်းကျဆင်းနေသည်ကိုတွေ့ရပြီး အယ်လ်နီညိုကြောင့် ပူပြင်းသော ထိုဒေသတစ်ဝန်းတွင် နေထိုင်ကြသည့် ကလေးများသည် ပုံမှန်ထက် အာဟာရချို့တဲ့မှု ပိုမိုမြင့်မားကြောင်းကိုလည်း လေ့လာတွေ့ရှိခဲ့သည်။

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်နှင့် တွေ့ကြုံထားသည့် ကလေးများသည် နှစ်ပေါင်းများစွာကြာကြီးထွားမှုကို တန့်နေနိုင်သည်ဟုသိရသည်။ အယ်လ်နီညိုရာသီဥတုကြောင့် ကလေးများအာဟာရချို့တဲ့မှုနှုန်းသည် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကာလအတွင်း ကလေးများအာဟာရချို့တဲ့မှုနှုန်းထက် သုံးဆပိုမိုမြင့်မားကြောင်း သုတေသီများက တွေ့ရှိခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် အယ်လ်နီညိုကြောင့် ကလေးပေါင်း ခြောက်သန်းသည် အာဟာရချို့တဲ့မှုကိုခံစားခဲ့ရကြောင်း သုတေသီအဖွဲ့က တွေ့ရှိခဲ့သည်။

ထို့ပြင် အယ်လ်နီညိုကြောင့် ကမ္ဘာလုံးဆိုင်ရာ အပူချိန်များမြင့်တက်လာပြီး ပူပြင်းခြောက်သွေ့သည့်ဒေသများသည် ပိုမိုပူပြင်းခြောက်သွေ့နိုင်ကြောင်း သုတေသီများကဆိုထားသည်။ ထို့အတွက် အယ်လ်နီညိုရာသီဥတုအခြေအနေများသည် စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေး၊ ပြည်သူ့ကျန်းမာရေး၊ ရေအရင်းအမြစ်စီမံခန့်ခွဲမှု၊ စွမ်းအင်ထုတ်လုပ်ရေးနှင့်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုတို့အပေါ် ပြင်းထန်သောသက်ရောက်မှုများရှိနိုင်သောကြောင့် ယခုကဲ့သို့ ပူပြင်းလှသောနွေအခါတွင် ကျန်းမာရေးကို အသိနှင့်ယှဉ်တွဲနေထိုင်ခြင်းဖြင့် အသက်ရှည်ကျန်းမာကြစေရန် အကြံပြုရေးသားလိုက်ရပါသည်။

**ကိုးကား**

- **El Niñoby www.wikipedia**

# ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပမည့် မန္တလေးမြို့ လေးပြင်လေးရပ်ရှိ သံဃာတော်အပါး(၁၀၂၆၈)ပါးအား ဆွမ်း၊ ဆွမ်းဟင်း၊ နဝကမ္မ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲတွင် ပါဝင်လှူဒါန်းနိုင်ရေး အသိပေးနှိုးဆော်ခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ အလှူရှင်များက သာသနာတော်နှစ် ၂၅၆၆ နှစ်ပြည့်ပြီး ၂၅၆၇ နှစ်သို့ ကူးပြောင်း ရောက်ရှိမှု အထိမ်းအမှတ်နှင့် နိုင်ငံသူ၊ နိုင်ငံသားများ ဘေးအန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်၍ ကောဇာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့် (ဗုဒ္ဓနေ့)၊ ၃-၅-၂၀၂၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက် ၆ နာရီ နေ့ထူးနေ့မြတ် အခါသမယတွင် မန္တလေးမြို့ လေးပြင်လေးရပ်ရှိ ဆရာတော်၊ သံဃာတော်(၁၀၂၆၈)ပါးတို့အား ဆွမ်း၊ ဆွမ်းဟင်း၊ နဝကမ္မ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲအခမ်းအနားကို မန္တလေးမြို့ နန်းမြို့ရိုး၊ လေးပြင် လေးရပ် လမ်းမကြီးများ၌ အောက်ပါနေရာများတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်-

(က) ကျုံးအရှေ့ဘက်(အရှေ့ပြင်)၊ ၆၆ လမ်းအတိုင်း သံဃာတော် (၂၅၆၇)ပါး

(ခ) ကျုံးတောင်ဘက်(တောင်ပြင်)၊ ၂၆ လမ်းအတိုင်း သံဃာတော် (၂၅၆၇)ပါး

(ဂ) ကျုံးအနောက်ဘက်(အနောက်ပြင်)၊ လမ်း ၈၀အတိုင်း သံဃာတော် (၂၅၆၇)ပါး

(ဃ) ကျုံးမြောက်ဘက်(မြောက်ပြင်)၊ ၁၂ လမ်းအတိုင်း သံဃာတော် (၂၅၆၇)ပါး

၂။ သို့ဖြစ်ပါ၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးဆောင်ရွက်မည့် သာသနာတော်နှစ် ၂၅၆၇ နှစ် အထိမ်းအမှတ် သံဃာတော်(၁၀၂၆၈)ပါးတို့အား ဆွမ်း၊ ဆွမ်းဟင်း၊ နဝကမ္မ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲ အခမ်းအနားတွင် ကိုယ်တိုင်လောင်းလှူလိုပါကလည်းကောင်း၊ အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါကလည်းကောင်း အောက်ပါပုဂ္ဂိုလ်များထံ (၃၀-၄-၂၀၂၃)ရက် (တနင်္ဂနွေနေ့) နောက်ဆုံးထား၍ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အကြောင်းကြားအပ်ပါသည်-

(က) ဦးသက်နိုင်ထွန်း — ဖုန်းနံပါတ် ၀၉ - ၄၀၂၀၀၁၀၆၉

(ခ) ဦးစိုးမိုးသိမ်း — ဖုန်းနံပါတ် ၀၉ - ၉၇၀၈၂၃၆၈၈

(ဂ) ဦးစိုးညွန့် — ဖုန်းနံပါတ် ၀၉ - ၄၀၀၆၉၀၆၆၅

(ဃ) ဦးတင်မောင်စိုး — ဖုန်းနံပါတ် ၀၉ - ၂၅၀၈၆၂၁၅၈

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

# ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်တွင် စပါးတင်း ၁၀၀ လျှင် ငွေကျပ် ၁၄၇၀၀၀၀ ထိ ဈေးကောင်းရရှိနေ



**လပွတ္တာ ဧပြီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်တွင် ဧပြီလအတွင်း စပါး တင်း ၁၀၀ လျှင် ငွေကျပ် ၁၄၇၀၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း လပွတ္တာမြို့နယ်ရှိ ရတနာမိုး ဆန်စပါးရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင် ဦးမိုးမြင့်ကျော်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်တွင် ဧပြီလသည် နွေစပါးသစ်များစတင်ပေါ်နေသည့်ကာလဖြစ်ပြီး ထိုင်းဘေးကျား၊ ရက် ၉၀၊ ဆင်းသုခ၊ ပခန်း၊ သီးရင်၊ မနော်ဘီ စသည့်စပါးတင်း ၁၀၀ လျှင် ငွေကျပ် ၁၄၇၀၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း၊ ပြီးခဲ့သည့် မိုးစပါးပေါ်ချိန်က စပါးတင်း ၁၀၀ လျှင် ငွေကျပ် ၁၁၀၀၀၀၀ ဈေးသာရရှိခဲ့ကြောင်း သိရသည်။

"အခုနှစ် စပါးဈေးက တအားမြောက်နေတယ်။ မနှစ်ကထက်လဲ ဈေးကောင်းနေသလို ပြီးခဲ့တဲ့ မိုးစပါးပေါ်ချိန်ကထက်လဲ ဈေးကောင်းနေတာပါ။ အခုစပါးပွဲစားတွေ၊ ကုန်သည်တွေက စပါးရိတ်သိမ်းနေတဲ့လယ်မြေတွေထိ လာရောက်ဝယ်ယူနေပါတယ်။ လက်ကျန် မိုးစပါးတွေ နည်းပါးနေပြီး စပါးအသစ်တွေကလဲ အခုမှပေါ်လာတာဖြစ်လို့ ဈေးကောင်းရနေတာဖြစ်ပါတယ်။ စပါးဈေးကောင်းလာသလို အရောင်းအဝယ်ကလဲ သွက်နေတယ်။ ပြီးခဲ့တဲ့မိုးစပါးပေါ်ချိန်က စပါးတင်း ၁၀၀ ကို ငွေကျပ် ၁၁၀၀၀၀၀ ဈေးသာရရှိခဲ့ပါတယ်။ အခု ဧပြီလအတွင်းမှာ စပါးတင်း ၁၀၀ ကို ၁၄၇၀၀၀၀ ထိ ဈေးကောင်းရရှိနေတာဖြစ်ပါတယ်။ ဒေသထွက်စပါးတွေ ရန်ကုန်နဲ့ပုသိမ်မြို့ကို အများဆုံး တင်ပို့ရောင်းချတာပါ"ဟု လပွတ္တာမြို့နယ်ရှိ ရတနာမိုး ဆန်စပါးရောင်းဝယ်ရေးပွဲရုံ လုပ်ငန်းရှင် ဦးမိုးမြင့်ကျော်က ပြောပြသည်။

လပွတ္တာမြို့နယ်မှထွက်ရှိသည့် စပါးမျိုးများကို ကုန်သည်များ၊ ပွဲရုံလုပ်ငန်းရှင်များက ဝယ်ယူပြီး ရန်ကုန်မြို့နှင့် ပုသိမ်မြို့သို့ ကုန်တင်ကားများ၊ ကုန်တင်ရေယာဉ်များဖြင့် တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ စပါးများ အရောင်းအဝယ်ကောင်းပြီး ဈေးကောင်းလာခြင်းကြောင့် ကုန်သည်များ၊ တောင်သူများ၊ ပွဲစားများ၊ ပွဲရုံလုပ်ငန်းရှင်များ၊ ကုန်ထမ်းလုပ်သားများ၊ ကုန်တင်ကားအငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း ဦးမိုးမြင့်ကျော်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# မြေပုံမြို့နယ် ပုဆိုးပျောက်ကျေးရွာ၌ ဆိပ်ခံတံတားတည်ဆောက်ပြီးစီးမှု စစ်ဆေး

**မြေပုံ ဧပြီ ၂၂**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်၊ ထွက်ကုန်များ ရာသီမရွေးဈေးကွက်သို့ အလွယ်တကူသယ်ယူပို့ဆောင်နိုင်စေရန်ရည်ရွယ်၍ ပုဆိုးပျောက်ကျေးရွာ၌ ဆိပ်ခံတံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဧပြီ ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်လှမြင့်နှင့်မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာကော်မတီဝင်များနှင့်အတူ ပုဆိုးပျောက်ကျေးရွာ၌ ဆိပ်ခံတံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးမောင်လှမြင့်က ကျေးရွာဆိပ်ခံတံတားကော်မတီများ၊ ရပ်မိရပ်ဖများကို ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ပိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် ဆွေးနွေးမှာကြားသည်။

မြေပုံမြို့နယ် ပုဆိုးပျောက်ကျေးရွာ၌ အလျား ပေ ၃၀၊ အနံ ၁၂ ပေ၊ အမြင့် ရှစ်ပေရှိ သံကူကွန်ကရစ်ဆိပ်ခံတံတား တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၂ ဒသမ ၆၁ သန်းဖြင့် တင်ဒါအောင်မြင်သည့် နေလအားမာန်ကုမ္ပဏီက တာဝန်ယူ၍ ၂၀၂၂ ခုနှစ် ဇွန် ၆ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီးဖြစ်ကြောင်း၊ အဆိုပါ သံကူကွန်ကရစ်ဆိပ်ခံတံတားတည်ဆောက်ပြီးစီးမှုကြောင့် ပုဆိုးပျောက်ကျေးရွာရှိ အိမ်ခြေ ၅၂ အိမ်၊ လူ ၂၂၇ ဦးတို့၏ လယ်ယာမြေများမှထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ အလွယ်တကူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်လှမြင့်က ပြောပြ၍ သိရသည်။ **ကိုသန်း**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၄-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၅၅ | ၂၁၀၀ | ၂၀၉၅ | ၂၀၆၀ | ၂၁၀၀ | ၂၁၂၅ | ၂၁၁၀ | ၂၀၈၅ | ၂၁၈၅ | ၂၂၀၀ | ၂၀၉၅ | ၂၁၀၀ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၀ | ၂၃၇၀ | ၂၈၁၀ |
| 95 Ron | ၂၁၄၅ | ၂၁၉၅ | ၂၁၉၅ | ၂၁၅၅ | ၂၁၉၅ | ၂၂၁၅ | ၂၂၀၀ | ၂၁၈၀ | ၂၂၇၅ | ၂၂၉၅ | ၂၁၈၅ | ၂၂၀၀ | ၂၂၃၀ | ၂၂၃၀ | ၂၂၃၅ | ၂၄၆၅ | ၂၈၈၅ |
| HSD (500 ppm) | ၁၉၇၅ | ၂၀၂၅ | ၂၀၂၀ | ၁၉၈၀ | ၂၀၂၀ | ၂၀၄၅ | ၂၀၄၀ | ၂၀၀၅ | ၂၁၂၅ | ၂၁၂၀ | ၂၀၁၅ | ၂၀၂၅ | ၂၀၆၀ | ၂၀၆၀ | ၂၀၆၅ | ၂၂၉၀ | ၃၁၀၀ |
| HSD (50 ppm) | ၂၀၅၅ | ၂၁၀၅ | ၂၁၀၀ | ၂၀၆၀ | ၂၁၀၀ | ၂၁၂၅ | ၂၁၂၀ | ၂၀၈၅ | ၂၂၀၅ | ၂၂၀၀ | ၂၀၉၅ | ၂၁၀၅ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၅ | ၂၃၇၀ | ၃၁၃၀ |
| HSD (10 ppm) | ၂၀၅၅ | ၂၁၀၅ | ၂၁၀၀ | ၂၀၆၀ | ၂၁၀၀ | ၂၁၂၅ | ၂၁၂၀ | ၂၀၈၅ | ၂၂၀၅ | ၂၂၀၀ | ၂၀၉၅ | ၂၁၀၅ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၅ | ၂၃၇၀ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၄၇ | ၂၀၂၀ |
| 95 Ron | ၂၀၃၇ | ၂၁၁၁ |
| HSD (500 ppm) | ၁၈၇၄ | ၁၉၄၁ |
| HSD (50 ppm) | ၁၉၄၈ | ၂၀၁၆ |
| HSD (10 ppm) | ၁၉၄၈ | ၂၀၁၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ဆွေပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ




ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard တွင် Exhibition Vanue Award ရရှိခဲ့သော

" မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင် "

ရတနာပုံ ခန်းမ





**ရရှိနိုင်သောဝန်ဆောင်မှုများ**

ဖိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊
အစည်းအဝေးများ၊ရှင်ပြု ရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊
မင်္ဂလာဆောင်ပွဲများ၊မွေးနေ့ပွဲများ၊အထိမ်းအမှတ်ညစာစားပွဲများ၊
ဈေးရောင်းပွဲတော်များ၊အရောင်းမြှင့်တင်ရေးပွဲများ၊ နိုင်ငံတကာကုန်စည်ပြပွဲများ၊
အငြိမ့်ပွဲ၊ ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊
အလှဓာတ်ပုံရိုက်ကူးခြင်းများအတွက် ခန်းမများ ငှားရမ်းခြင်းနှင့်
ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။





**ဆက်သွယ်ရန်လိပ်စာ**

၇၈ လမ်း နှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ။
ဖုန်း - ၀၉ ၆၉၅၀၀၈၆၈၀၊ ၀၉ ၆၆၇၈၉၉၉၃၊ ၀၉ ၆၆၇၈၉၉၉၂၊ ၀၂ ၄၀၃၀၄၃၈၊ ၀၂ ၄၀၃၀၄၃၉ ။

# N' Modes
# Sportwears & Fashion
## ဝန်ထမ်းအလိုရှိသည်

- အရောင်းစာရေးမ (3) ဦး
- Cashier မ (1) ဦး

-စကားပြောပြေပြစ်ပြီး ဆက်ဆံရေးကောင်းမွန်သူ ဦးစားပေးမည်။
-CV Form နှင့်တကွ လူကိုယ်တိုင် လျှောက်ထားနိုင်ပါသည်။
62လမ်း၊ 38×39လမ်းကြား၊ မန္တလေးမြို့။
09-779222434 , 09-899619995

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။


## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ မြေပဲတန်းရပ်ကွက်နေ ဒေါ်ခင်မမ (၉/မရတ(နိုင်)၀၄၉၀၂၉)၏သမီးဖြစ်သူ **မအိခင်ကျော် (၉/ မမစ(နိုင်)၀၄၅၈၇၇)**သည် မိဘ၏ ဆုံးမစကားကို နားမထောင်ဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်ငြင်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဒေါ်ခင်မမ (၉/ မရတ(နိုင်)၀၄၉၀၂၉)**

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အလယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

---

❖ နိုင်ငံရေးအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသွားမည်ဖြစ်ကာ အုပ်ချုပ်ရေးအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို ကျင့်သုံးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်...

❖ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)သည်လည်း အစိုးရနှင့် EAO များအကြား နိုင်ငံတကာအဖွဲ့အစည်းများအကြား ထားရှိခဲ့သည့် ကတိကဝတ်ဖြစ်...

❖ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးရာတွင်လည်း အပြုသဘောဆောင်သည့်ဆွေးနွေးမှုရလဒ်များကို ဖော်ဆောင်နိုင်ခဲ့...

❖ တစ်နိုင်ငံလုံးငြိမ်းချမ်းရေးရရှိရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင်ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၂/၂၀၂၃)တွင် ပြောကြားမှုမှ ကောက်နုတ်ချက်)

---

**၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ**

စာမျက်နှာ - ၂၃

**မြို့နယ်အလိုက် အခြေခံစားသောက်ကုန်စည်ဈေးနှုန်းများ**

စာမျက်နှာ - ၂၃

**ထူးခြားသည့် နေ့အပူချိန်များ**

(၂၂-၄-၂၀၂၃)

| | |
|---|---|
| ရေဦးမြို့ | ၄၃ ဒီဂရီစင်တီဂရိတ် |
| မြင်းမူမြို့ | ၄၃ ဒီဂရီစင်တီဂရိတ် |
| မြင်းခြံမြို့ | ၄၃ ဒီဂရီစင်တီဂရိတ် |
| ချောက်မြို့ | ၄၃ ဒီဂရီစင်တီဂရိတ် |

# လေပြင်းတိုက်ခတ်မှုများကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မြို့နယ်၊ ကျေးရွာများကို လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်၊ စားသောက်ဖွယ်ရာများနှင့် အိမ်ဆောက်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဧပြီ ၂၂**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်း၌ ယနေ့နံနက် ၁ နာရီခန့်တွင် လေပြင်းတိုက်ခတ်မှုကြောင့် အဆိုပါမြို့နယ်အတွင်းရှိ ရပ်ကွက် ကိုးရပ်ကွက်နှင့်ကျေးရွာ ၉၄ ရွာတို့မှ နေအိမ် ၆၃၈ လုံး၊ စာသင်ကျောင်း ငါးကျောင်း၊ ဘုန်းတော်ကြီးကျောင်း သုံးကျောင်း၊

**စာမျက်နှာ ၂၀ ကော်လံ ၁ ☆**



နယ်မြေခံတပ်မတော်သားများက မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းပြီး သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။


**ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်**

သင်္ဘောကျင်းလုပ်ငန်း



ငါး/ပုစွန် မြူပြင်အေးခဲထုတ်လုပ်ခြင်း(အအေးခန်းစက်ရုံ)



ငါးမွေးမြူရေးလုပ်ငန်း(မအူပင်)



ငွေပင်လယ်လှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးလုပ်ငန်း

ISO 9001:2015



နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်းမီစက္ကူဘူးမျိုးစုံကို စိတ်တိုင်းကျမှာယူရရှိနိုင်ပါသည်။

ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE :ngwepinlae.com